


www.burmeseclassic.com
မုညခင်
စင်တင်ထုတ်ဝေသည်
မုညခင်စာအုပ်တိုက်
ပဒီခင်လေး
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၂ ခု၊ အောက်တိုဘာလ
ပထမအကြိမ်
မျက်နှာဖုံးပန်းချီ - L လင်း
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀၀ ကျပ်
ထုတ်ဝေသူ - ဦးနေမျိုး
နေမျိုးစာပဒေသာ
အမှတ်(၁)၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
အတွင်းပုံနှိပ် - ဦးတင်ဝင်း (မြ-၀၉၄၇၁)
မဟာမိဒီယာပုံနှိပ်တိုက်၊
အမှတ် ၃၁၅၊ ကန်သာယာ ၂ လမ်း၊
ကျည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။
ဖြန့်ချိရေး - ပုညခင်စာအုပ်တိုက်။

၈၉၅. ၈၃
မဒီခင်လေး
ကိုယ့်လေဒီ နုနုထွင်၊ မဒီခင်လေး/ရန်ကုန်
နေမျိုးစာပဒေသာ၊ ၂၀၁၂။
၂၇၀-စာ၊ ၁၈ × ၁၂ စင်တီ။
(၁) ကိုယ့်လေဒီ နုနုထွင်

ပုညခင်စာအုပ်တိုက်

# မဒီခင်လေး

## ကိုယ့်လေဒီ နုနုထွင့်



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

(၁)

♥ ♥ ♥

ကွန်ဖရန့် အခန်းထဲတွင် တည်ငြိမ်အေးချမ်းစွာဖြင့် စကားလုံးများကို ပြောဆိုနေသူဆီသို့သာ လူတိုင်း၏ အာရုံများ ကျရောက်နေခဲ့လေသည်။

လူတိုင်း၏ မျက်ဝန်းများဆီသို့လည်း သူက ပြန် လည် အကြည့်ဆုံရင်းက နွေးထွေးရင်းနှီးမှုကို အရယူနေခဲ့တာ ဖြစ်သည်။

တစ်ချက်တလေ သူ ပင့်သက်ရှိုက်သည်။

တစ်ခေါက်တလေမှာ နှုတ်ခမ်းနှစ်လွှာကို တင်းစေ့ ပြီး ပြုံးသည်။

သူ့စားပွဲလေး၏ ရှေ့တူရူမှာ တင်ထားသော လေ ယာဉ်ပုံ သေးသေးလေးများကိုလည်း ကြင်နာမြတ်နိုးစွာ သူ လှမ်း ကြည့်လေ့ရှိသည်။

"ဒီကုမ္ပဏီကြီးကိုတစ်နှစ်အတွင်းမှာ ကောင်းသောအပြောင်း



www.burmeseclassic.com

www.burmeseclassic.com



အလဲများ ဖြစ်ပေါ်အောင် ကျွန်တော်နဲ့အတူ နေ့နေ့ ညည ကြိုးစားပေးခဲ့တဲ့ လူကြီးမင်းတို့ကို ကျွန်တော် တကယ်ပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် လာမယ့်နှစ်တွေမှာလည်း ထပ်ပြီး ကြိုးစားမှာပါ ... ကတိပေးပါတယ်၊

"အဲ့ဒါကြောင့် လူကြီးမင်းတို့ကလည်း ကျွန်တော်နဲ့ ထပ်တူ လက်တွဲပြီး ဆောင်ရွက်ပေးကြပါဦးလို့ မေတ္တာရပ်ခံရင်း ဒီည ဝန်ထမ်းများ ညစာစားပွဲကို မပျက်မကွက် တက်ရောက်ကြပါလို့ ဖိတ်ကြားပါတယ်၊ ဒီနေ့ အစည်းအဝေးကတော့ ဒီလောက်ပါပဲဗျာ ..."

သူ့ဘေးက ဒုတိယဥက္ကဋ္ဌ ဦးဌေးမြတ်ကောင်းကို လက်ဆွဲနှုတ်ဆက်ရင်း သူ ပီတိများစွာဖြင့် ပြုံးနေမိပါသည်။

သူ့အသက်က သုံးဆယ် ပြည့်ပြီးခဲ့ပါပြီ။

သူ နှစ်ဆယ့်ခုနစ်နှစ် မပြည့်ခင်တုန်းကတော့ သူဟာ လုံးဝ လူငယ်လေးပဲဖြစ်သည်။

ဖေဖေ ရှာသမျှ ပိုက်ဆံကို လူငယ် ပီသစွာ သုံးဖြုန်းကြီးပြင်းခဲ့သည်။

စာရယ်လို့လည်း အရူးအမူး ဖြစ်ခဲ့သူလည်း မဟုတ်ပါ။

စီးပွားရေး တက္ကသိုလ်အပြီး ရည်းစားထားကာ ပျော်သလိုနေခဲ့သော သူ့ကို မျက်စိနောက်လာသော ဖေဖေက နိုင်ငံခြား ပို့ခဲ့သည်။ စီးပွားစိမ် ကျောင်းတစ်ခု ထပ်တက်ခိုင်းခဲ့သည်။





သူ ဘွဲ့နောက်တစ်ခု ထပ်ရပြီး ပြန်လာတော့ သူ့ရည်းစားက ယောကျ်ားရနေပြီ ...။

ဖေဖေ့ကြောင့် သူ အသည်းကွဲရလေခြင်း ဆိုပြီး အကြာကြီး စိတ်ကောက်နေခဲ့သည်။

စိတ်တွေ လေနေခဲ့သည်။

အဲ့ဒီအချိန်မှာ ဖေဖေ လေကြောင်းလိုင်းတစ်ခု စတင်ထူထောင်လိုက်သည်။ ဖေဖေက တကယ်ဆို သူ့ရဲ့ ဟီးရိုးကြီး ဖြစ်လေသည်။ ဖေဖေ ဘာလုပ်လုပ် အထင်ကြီးတတ်တဲ့ သူ့အထင် မမှားခဲ့ပါ။

နှစ်နှစ်ခွဲအတွင်းမှာ 'အဲသီဟ' (AIR THIHA) ဆိုသော ကုမ္ပဏီသည် နာမည်ကြီး အောင်မြင်လာခဲ့လေသည်။

"တီ ..."

ဓာတ်လှေကားအတွင်း ရပ်ပြီး တွေးတောနေမိသော သူ့ထံသို့ ဖုန်းမြည်သံလေးတစ်ခု ဝင်လာခဲ့ပါသည်။

ဖုန်းကို ဖွင့်လိုက်ရင်းက ...

"ဟုတ်ကဲ့ ... မေမေ"

"သား အစည်းအဝေး ပြီးပြီလား ..."

"ပြီးပြီ မေမေ၊ သား အခုပဲ ပြန်လာတော့မလို့"

"ဒါဆို အတော်ပဲ သားရေ၊ မေမေ ဒီဇိုင်နာ မာလာတို့ ဆိုင်က စောင့်နေမယ်၊ သား လာခေါ်နော်"

"ဟုတ်ကဲ့ ... မေမေ၊ သား လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ခုံးစိမ်းတန်းလေးများ တစ်ချက်တော့ တွန့်ကွေးပင့်သက်သွားခဲ့သည်။ ဒီဇိုင်နာတွေဆီမှာ အင်္ကျီကို ကိုယ်တိုင်အပ်ပြီး ဝတ်သော စီးပွားရေးသမားဆိုလို့ သူတစ်ယောက်ပဲ ရှိမည်ထင်သည်။

သူ့အနေနှင့်ဆိုလျှင်တော့ ဒီလိုမျိုးတွေ တခမ်းတနားဖြစ်မလာနိုင်ပေမယ့် မေမေ့ကြောင့်နဲ့တော့ တခမ်းတနားကြီးကိုဖြစ်နေရပါသည်။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ ...။

မမာလာ၏အင်္ကျီချုပ်ဆိုင်လေးဆီသို့ သူ တစ်ခေါက်ရောက်လာခဲ့ပါသည်။

သူ့ကားကို ပါကင်ထိုးပြီးသည်နှင့် ဆိုင်ရှေ့ထိ ထွက်ရပ်နေသော မမာလာကို တွေ့ရသည်။

"လာ ... ကိုစစ်၊ ကိုစစ်အတွက် ကျွန်မ ချုပ်ထားတာဒီဇိုင်း သုံးမျိုးလောက်ရှိတယ်၊ ကြိုက်တဲ့ ဒီဇိုင်းကို ဒီညပါတီမှာ ဝတ်ပေါ့"

"ဟုတ်ကဲ့ မမာလာ"

ပြောလာကြရင်းက ဧည့်ခန်းထဲရောက်သည်နှင့် အအေးသောက်ရင်း သားအလာကို စောင့်မျှော်နေသူ မေမေနှင့်ဆုံလေသည်။

မေမေက လက်ကလေးဖြင့် လာဟူသည့် အမူအရာပြ၍ ပါးစပ်ကလည်း ခေါ်လေသည်။





"လာ ... သားရေ၊ ဒီမှာ သားအတွက် ဒီဇိုင်းအသစ် အင်္ကျီလေးတွေ၊ ကာလာတွေက နုနုလေးတွေဆိုတော့ မြင်ရတဲ့သူ စိတ်အေးချမ်းမှာပဲ ..."

ဆိုဖာပေါ်မှာ ထိုင်ချလိုက်သည့် သူ့ပေါင်ပေါ်သို့ အင်္ကျီကလေးတွေ တင်ပေးလာသည်။

ခြသေ့်လည်ဆံရောင် အင်္ကျီလက်ရှည်ကလေးကတော့ သူအကြိုက်ဆုံးလို့ ပြောရမည်။

ရင်အုံနားမှာလည်း သူ့ကုမ္ပဏီ Logo (လိုဂို) တံဆိပ် ခြသေ့်ခေါင်းပုံလေး ထိုးပေးထားသဖြင့် ပိုကြိုက်သည်။

"ဒါလေးပဲ ဝတ်လိုက်မယ်လေ"

"အင်း ... ထင်သားပဲ၊ ကိုစစ် ဒါပဲရွေးမှာလို့ မာလာတောင် အန်တီ့ကို ပြောနေသေးတာ"

"ဟုတ်တယ် သားရဲ့ ...၊ 'မာလာ မေမေ့ကို ပြောတယ်၊ သုံးနှစ်လုံးလုံး သားအဝတ်အစားတွေကို ဖန်တီးပေးလာခဲ့တဲ့သူဆိုတော့ သားစိတ်ကို ခန့်မှန်းတတ်နေပြီပေါ့ကွယ်"

"ကိုယ့်ရဲ့ ဖောက်သည်ကို ဒီလိုပဲဂရုစိုက်ရတာပေါ့ အန်တီရယ်"

"အို ... ဖောက်သည် ဆိုတဲ့ ဆက်ဆံရေးမျိုးလောက်ပဲ ခင်ကြတာလား မာလာရယ် ...၊ အန်တီတို့က ရွှေလမ်းငွေလမ်း ဖောက်ချင်နေကြတာ မဟုတ်လား"

"ဟင်း ...၊ ဟို ... မာလာက ရိုးရိုးပဲ ပြောလိုက်တာပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



မမာလာက ရှက်ရွံ့ခေါင်းငုံ့သွားတော့မှ မေမေက အဓိပ္ပာယ် တစ်မျိုးဆောင်သော မျက်လုံးမျိုးဖြင့် သူ့ကို လှမ်းကြည့်လာသည်။

သူက နားလည်သည့်ဟန် မပြဘဲ ...

"အကျီ ဝတ်ကြည့်လိုက်တော့မယ်"

ဟု ပြောပြီး စကားဝိုင်းမှ ထွက်ခွာလိုက်ပါသည်။

အပြန်လမ်းမှာတော့ ကြားဖူးနေကြ စကားများ အတိုင်း ...

"မာလာက မိန်းမ ပီသတယ်၊ ထက်မြက်တယ်၊ သည်းခံခွင့်လွှတ်နိုင်တဲ့ စိတ်ထားမျိုးလည်း ရှိတယ်၊ မေမေကတော့ သားကို မာလာနဲ့ပဲ သဘောတူတယ် ..."

သူကတော့ ဘာမှပြန်မပြောဖြစ်ပါ။

လက်ထပ်ခြင်း၊ လက်မထပ်ခြင်းတို့မှာ သူ စိတ်မဝင်စားခဲ့တာ ကြာခဲ့ပါလေပြီ ...။

သူ့အတွက် အလုပ်သာလျှင် အရေးအကြီးဆုံး ဖြစ်ခဲ့သည့် အချိန်မှစ၍ အချစ်ဆိုတာသည် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့လေသည်။

☺ ☺ ☺



(၂)

♥ ♥ ♥

"မက်လောက်စရာ တစ်ကွက်မှ မရှိ... ငါမုန်းမိတော့မယ်"

"ဘယ်သူ့ကိုလဲ ..."

"အောင်မယ်လေး ... ပွတ်သွပ်ကျွတ်"

နှင်းဆွတ်သည် ရင်ဘတ်ကလေးကို ဖိကာ အခန်းဝသို့ လှမ်းကြည့်လိုက်ပါသည်။ မှန်ကလေးကို စူးစူးနစ်နစ် ကြည့်ရင်း ခေါင်းဖြီးကာ သီချင်းထဲ ဖီး(လ်)အပြည့်သွင်း၍ သီဆိုနေခဲ့မိတာ ဖြစ်သည်။

ထို့ကြောင့်လည်း မြတ်ပိုးမို ရောက်လာတာကို ရုတ်ခြည်း မသိလိုက်မိတာ ဖြစ်သည်။

"မိုမိုရယ် ... ငါဖြင့် လန့်လိုက်တာဟယ်"

"နှင်က ပဲများနေတာကိုးဟ၊ ငါ ရောက်လာကတည်းက အသံပေးပြီးလာတာ ..."

"ဟာမ် ... အပိုတွေ ပြောမနေနဲ့၊ နှင် အသံပေးတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



က ဟိုး ခြံဝက မဟုတ်လား၊ ငါက ဘယ်လိုကြားမှာလဲ ဟမ့် ...”

လျှာကို ထုတ်ပြလိုက်ပြီးမှ ရွှေအိုရောင် ဆံပင်အခွေလေးများကို ရာဘာကွင်းသေးလေးများဖြင့် နောက်ပိုင်းမှ နှစ်ဖက်ခွဲစည်းနေလိုက်သည်။

“ဟဲ့ ... မြန်မြန်လုပ်”

“ဘာလို့ ... ”

“ဒီနေ့ ဗယ်လင်တိုင်း နေ့လေ”

“အဲ့ ... ဘာဖြစ်”

“မုန့်သွားစားကြမယ်လေ ...၊ ချောကလက်တွေ ဝယ်ဆော့ကြမယ်”

“မိုမိုရယ် ... မုန့်စားတာများ ဗယ်လင်တိုင်း ခေါင်းစဉ်တပ်နေစရာ မလိုပါဘူး၊ ငါတို့ဘာသာ နေ့တိုင်း သွားစားနေကြတာပဲ မဟုတ်လား”

“ဒါတော့ ဒါပေါ့၊ ဒီနေ့ဆိုတော့ ဟိုဟာ ...၊ ဟာ ... နှင်းဆွတ် ... နင် အဲ့ဒါကြောင့် ရည်းစားမရှိတာ သိလား၊ ပြောရတာ လက်ပေါက်ကတ်တယ်”

“မပြောနဲ့ပေါ့”

“အမြန်လုပ် ...၊ ရဲရင့်လည်း အောက်မှာ စောင့်နေတယ်”

“ဟုတ်လား”





နှင်းဆွတ်သည် စိတ်ထဲပျော်သလို ဖြစ်သွားပြီး နှုတ်ခမ်းနီ ပန်းဆီရောင်အနုလေးကို လက်စသတ် ဆိုးလိုက်ပါသည်။

“ရဲရင့်က ဝယ်ကျွေးမယ်တဲ့လား”

“အေးပေါ့ ... ”

“ဟိ ... ဟိ”

မြတ်ပိုးမိုး၏ ဂုတ်သားလေးကို ညှစ်ပြီး အခန်းထဲမှ အရင် ပြေးထွက်လာခဲ့လိုက်သည်။

လှေကားထစ်တွေကို အမြန်နင်းပြီး ဧည့်ခန်းထဲ ရောက်လာခဲ့သော နှင်းဆွတ်ကို ရဲရင့်က စောင့်ကြည့်နေလေသည်။

“ရဲရင့် ...၊ ဒီနှစ်လည်း နင်ပဲ ဒကာခံမယ်ဆို ... ”

“အင်း ... ”

“ဟိ ... ပျော်လိုက်တာ၊ နင့်ကောင်မလေးက ချောလား”

“ချောတာပေါ့ဟ ... ”

“အမလေးနော်၊ ရုပ်ကိုက ... ”

ရဲရင့်မျက်နှာကြီးက ပြုံးတီတီဖြစ်နေသည်။ နှင်းဆွတ်ခါးကလေးကို လာဖက်လိုက်သော မိုမိုကို ရဲရင့်က ပြုံးဖြဲဖြဲကြီး လှမ်းကြည့်လေသည်။

“သွားကြမယ်လေ ... ”

“အင်း ... မေမေရေ နှင်းဆွတ်တို့ မုန့်သွားစားလိုက်ဦးမယ်”

“ဒီနေ့ ဘာအစီအစဉ်မို့လဲ”

“ဗယ်လင်တိုင်းဒေး အထိမ်းအမှတ် မေမေ”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ ..."

မေမေ တောင်မှ သိနေသဖြင့် ထမင်းစားခန်းထဲမှ လှမ်းသရော်လိုက်သေးသည်။

ဗယ်လင်တိုင်းဒေးဆိုတာ ချစ်သူ၊ ရည်းစား မထားတတ်သော နှင်းဆွတ်အဖို့ မက်လောက်စရာမဟုတ် ဆိုသည့်အတိုင်း စိတ်ဝင်စားစရာ မရှိ ...။

သို့သော်လည်း သူငယ်ချင်း ရဲရင့်က တစ်နှစ်ကို ချစ်သူတစ်ယောက် ပြောင်းလာတတ်တာရယ်၊ အဲဒီ ချစ်သူအသစ်ကို ခေါ်ပြီး ဗယ်လင်တိုင်းနေ့ရောက်ရင် မြတ်ပိုးမို့နဲ့ နှင်းဆွတ်ကို မုန့်လိုက်ကျွေးတတ်တာကိုတော့ မှတ်မှတ်ရရ ရှိပါသည်။

ပဲခေါက်ဆွဲ ကောင်းကောင်းလေး စားမယ်နော် မိုမို"

"အေး ... စားလေ နှင်းဆွတ်ရဲ့"

"နင်ကရော ..."

"စားမှာပေါ့ဟ ... စားမှာပေါ့"

"ဒါဆို ငါ ထရိတ်ဒါးပဲ မောင်းလိုက်မယ်နော်"

"အင်း ... The Soul ကိုပဲ သွားကြတာပေါ့၊ ဩော် ...ဒါနဲ့ နင့်ချစ်သူက သူ့အစီအစဉ်နဲ့သူ လာမှာလား"

"ငါ ကြိုရမှာပေါ့၊ ငါကိုယ်တိုင် ကြိုလာမှ ဖြစ်မှာပေါ့"

"နင်က သပ်သပ် သွားကြိုရဦးမှာလား"

"နှင်းဆွတ် နင်ကလည်း တော်တော် စပ်စုတယ်၊ နင် မုန့်စားရရင် တော်ရောပေါ့"





"အမယ်လေး ... ဒါလေးမေးတာများ"

နှင်းဆွတ်သည် ကားနောက်ခန်းမှာ ထိုင်လိုက်လာရင်းကမှ ကားမောင်းနေသော ရဲရင့်နောက်ကျော ဆိုဖာကို ဘုတ်ခနဲ ထုချလိုက်ပါသည်။

နှင်းဆွတ်အတွက်တော့ ဒီသူငယ်ချင်း နှစ်ယောက်ဘည်းသာ ရှိပါသည်။

အိမ်နဲ့ ကျောင်းလောက်သာ လည်ပတ်နေရသော နှင်းဆွတ်အားမှာ အမြဲလိုလို ရှိနေတတ်သော ရဲရင့်နှင့် မိုမို့ကို မိဘတွေပြီးရင် အချစ်ဆုံးဖြစ်သည်။

"ဝါး ... မွှေးနေတာပဲကွာ"

အသားပြား ပါးပါးကလေးများက မီးဖိုသံပြားပေါ်တွင် လိမ့်ကော့တက်လာပြီး အနံ့လေးများက မွှေးနေလေသည်။ သွားရည်လိမ့်တက်လာမှုကို ရှက်မနေဘဲ လျှာဖြင့်သတ်လိုက်ပြီး တူဖြင့် အသားပြားလေး ညှပ်ယူလိုက်သည်။

"ပူမယ်လေ"

"ငါသိပါတယ်"

အသားပြား ပူပူလောင်လောင်လေးကို ချက်ချင်း မစားသေးဘဲ နှုတ်ခမ်းလေးစူ၍ လေမှုတ်ကာ အအေးခံနေလိုက်ပါသည်။

"နင်တို့လည်း စားကြလေ"

"အေးပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရဲရင့် နင့်ချစ်သူ သွားမခေါ်သေးဘူးလား"

"ဖြည်းဖြည်းပေါ့ ..."

"နင်တော့ ဒီနှစ် သိပ်ပုံမှန်မဟုတ်သလိုပဲ၊ မြတ်ပိုးမို ဒီကောင့်ကို ငါကြည့်ရတာတော့ ဒီနှစ် ငါတို့နဲ့ မိတ်ဆက်ပေးမယ့် ချစ်သူ မရှိဘူးထင်တယ်၊ ရဲရင့် နင် ဒီနှစ် တစ်ယောက်မှ မရှိဘူးမဟုတ်လား၊ ဟား ... ဟား ... အင်း အမယ်လေး အသားလေးက ကောင်းလိုက်တာ၊ လည်ချောင်းထဲကို လျှောခနဲ ပူဆင်းသွားတာပဲ"

"နှင်းဆွတ် ..."

"ဟင် ..."

ရဲရင့်၏ ခေါ်သံက ခါတိုင်းနှင့်မတူဘဲ ရင်ထဲကနေ လှိုက်လှဲတက်လာသည့် အသံနှင့် တူနေလေသည်။

ပြီးတော့ မျက်လုံးများမှာ ရီဝေနေလေသည်။ နှင်းဆွတ် တွေ့ဖူးနေကျမဟုတ်သည့် အရည်ရွှန်းလဲ့နေသည့် မျက်လုံးများ ဖြစ်လေသည်။

"ဒုတ် ... ဒုတ်"

ဘုရားရေ ...။ နှင်းဆွတ် ရင်ထဲက လာတဲ့ အသံပါလား။

နှင်းဆွတ် ဘာဖြစ်နေတာလဲ ...။

"ငါလေ ..."

"အင်း ... နင် ဘာဖြစ်လို့လဲ"





နှင်းဆွတ်သည် ငြိမ်ချက်သား ကောင်းနေသည့် မိုမို့ကို လှမ်းကြည့်ပြီး ရဲရင့်၏ ရွှန်းလဲ့နေသော မျက်ဝန်းများကို ရှောင်တိမ်းမိသည်။

တစ်ခုခုပဲဆိုတာ သိနေခဲ့သည်။

ဘာတစ်ခုခုဆိုတာသာ ခန့်မှန်း၍မရတာ ဖြစ်သည်။

နှင်းဆွတ်၏ ရင်ဘတ်ထဲမှ တဒုတ်ဒုတ် မြည်နေသော အသံဟာလည်း နှင်းဆွတ်နဲ့တော့ တစိမ်းဆန်နေခဲ့သည်။

"ငါ နောက်နှစ် ဗယ်လင်တိုင်းဆို နောက်တစ်ယောက် ပြောင်းပြီး မိတ်ဆက် မပေးနိုင်တော့ဘူး"

"ဘာဖြစ်လို့ ..."

"ဒီနှစ်မှာ ချစ်မယ့် ငါ့ချစ်သူကိုပဲ တစ်သက်လုံး ချစ်သွားတော့မလို့ ..."

"ဟုတ်လား၊ နင် တကယ် ချစ်မိသွားတဲ့ လူပေါ့နော်၊ ဘယ်သူလဲဟင် ..."

"နင် ...၊ အံ့ဩသွားမှာပဲနော်"

နှင်းဆွတ်၏ မျက်နှာတစ်ပြင်လုံး နီမြန်းနေပြီလား မသေချာ ...။

ရဲရင့်ရယ် နင် တော်တော် ညို့ဖျားနိုင်တာပဲဟာ။

"မို ... ငါပြောလိုက်တော့မယ်"

ရဲရင့်က မိုမို့ မျက်နှာဘက် လှည့်ပြီးမေးလိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မိုမို မျက်တောင်လေး တစ်ချက်ခတ်ကာ ခေါင်းငုံ့သွားလေသည်။

စတီးတူချောင်းကလေး ကိုင်ထားသော နှင်းဆွတ် လက်ချောင်းမှာ ချွေးစေးများ စိမ့်ထွက်လာလေပြီ ...။

"နှင်းဆွတ် ... ငါနဲ့၊ ငါနဲ့ မိုမိုနဲ့ ချစ်သူတွေ ဖြစ်နေကြပြီ"

စည်းချက်မမှန်စွာ တုန်လှုပ်နေသော ရင်အစုံသည် လှုပ်ပြက်ပြီးမှ ပစ်ချလိုက်သော မိုးကြိုးပစ်ခံလိုက်ရသည့်နှယ် ကျင်စူးကာ လောင်ကျွမ်း ပြာကျခဲ့လေသည်။

မျက်ဝန်းမှာ မျက်ရည်များ ဝဲသီလာလေသည်။

နှုတ်ခမ်းများ တုန်ယင်လာကာ ဟန်မဆောင်နိုင်တော့လောက်အောင် ဝမ်းနည်းလာခဲ့လေသည်။

စတီးတူကို ခုံပေါ်သို့ ပရမ်းပတာ လွှတ်ချမိပြီး ...

"နင်တို့ ... နင်တို့ မကောင်းဘူး"

"ဘာဖြစ်လို့လဲ နှင်းဆွတ်ရယ် ..."

တစ်ချိန်လုံး ငြိမ်သက်လာခဲ့ပြီးမှ နှင်းဆွတ်၏ အရှုံးကို ဟားတိုက်ချင်နေသော လေသံဖြင့် မိုမိုက မေးလာသည်။

"ငါထင်ခဲ့တာက ငါတို့ သုံးယောက်က အရမ်းဖြူစင်တဲ့ မောင်နှမတွေလို ချစ်ကြတဲ့ သူငယ်ချင်းတွေပဲလို့၊ ခုတော့ဟာ နင်တို့ သစ္စာမရှိကြဘူး"

နှင်းဆွတ်သည် ထိုနေရာမှ ဆက်ထိုင်နေဖို့ အင်အား





မရှိတော့သည်မို့ ထွက်ပြေးလာခဲ့မိတော့သည်။ ရည်းစားမထားဖူးပါပဲ အသည်းကွဲဖူးသူဆို၍ နှင်းဆွတ် တစ်ယောက်သာ ရှိမည်ထင်သည်။

နှင်းဆွတ်ရဲ့ အချစ်တာဝေးအစက မလှပလေပဲကိုး။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

(၃)

♥ ♥ ♥

"သားရေ... ခု ဘယ်ရောက်နေပြီလဲ"

ထိုစကားသံကတော့ သူ့ i phone အတွင်းမှ တစ်ဆင့် နေ့စဉ်နေ့တိုင်း ကြားနေကြဖြစ်ပါသည်။

မနက်ခင်း သူ ကုမ္ပဏီကို စတင်ရောက်ရှိလာခဲ့ပြီး မကြာခင်မှာပဲ မေမေ့ဆီက ဖုန်း ခဏခဏဝင်လာတတ်ပြီး ထိုသို့ မေးနေကြဖြစ်ပါသည်။

သူက ရောက်ရှိနေတဲ့ နေရာကို အတိအကျ ပြောရတော့သည်။

"ခု... ကိုးမိုင်ခွဲ ရောက်နေပြီ မေမေ"

"ဪ... သားက လေဆိပ်က ပြန်လာနေပြီလား၊ ဒါဆို အတော်ပဲ သားရယ်၊ မေမေ့ကို Ocean season ဆိုင်ထဲက ဒူးရင်းသီးကိတ် တစ်ဘူးလောက် ဝယ်ခဲ့ပေးကွယ်"

"ဟုတ်ကဲ့... မေမေ"





"အိမ်တန်းပြန်ခဲ့နော် သား"

"ဟုတ်ကဲ့ပါ မေမေ"

မေမေ့ဘက်က ဖုန်းအရင်ချသွားတော့မှ သူ ကားကို ocean ထဲသို့ တန်းတန်းမတ်မတ် မောင်းဝင်လာခဲ့ပါသည်။

သူက ဈေးဝယ်သည့်နေရာမှာ လူရည်လည်သည့် ယောကျ်ားတစ်ယောက် မဟုတ်ပါ။ မေမေ ဝယ်ခိုင်းတာကတော့ သူ့ စက္ကူထရီ ဖေဖော်ပဲဖြစ်ဖြစ်၊ ဒရိုင်ဘာ ဦးယုသက်ကိုပဲဖြစ်ဖြစ် ဝယ်ခိုင်းတာဖြစ်သည်။

ထိုသို့ ဝယ်ခိုင်းရသည်မှာလည်း သူ့အနားမှာ တစ်ယောက်မဟုတ် တစ်ယောက် ရှိနေတတ်၍ ဖြစ်သည်။

ယနေ့ ယခုအချိန်မှာတော့ သူ့အနားမှာ ဘယ်သူမှ ရှိမနေခဲ့ပေ။

ဖေဖော့်ကို နေပြည်တော်သို့ ခဏစေလွှတ်လိုက်ပြီး ဦးယုသက်ကိုလည်း သူကိုယ်တိုင် ပြန်နားခိုင်းခဲ့ခြင်း ဖြစ်သည်။

ဘယ်သူမှ မပါဘဲ သူ့ကားကို သူကိုယ်တိုင် မောင်းရတာကို အလွန် ကျေနပ်သဘောကျနေခဲ့ခြင်း ဖြစ်သည်။

မေမေက ဈေးဝယ်ခိုင်းသည်ဆိုတော့မှဖြင့် သူ တစ်ယောက်တည်း ဝေါင်စင်းစင်းကြီး ရှုပါစင်တာကြီးထဲမှာ လမ်းလျှောက်နေရလေသည်။

ဟော... မေမေပြောသည့် ကိတ်မုန့်ဆိုင် တွေ့လိုက်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တန်းတန်းကြီး ဝင်သွားခဲ့ပြီး ငွေရှင်းကောင်တာမှ ကောင်မလေးကိုပဲ ...

"ဒူးရင်းကိတ် တစ်ဘူးပေးပါ"

"ဟုတ်ကဲ့ရှင့်"

အခြေအနေတွေ အားလုံးက သူ့အတွက် ဆန်းပြားမနေခဲ့ပါ။ ငွေရှင်းရန် စောင့်ဆိုင်းနေချိန်တွင် သူ့မျက်လုံးတွေကို ရွေ့လျားလိုက်မိသည်။

ကလေးကစားကွင်းထဲမှာ ကလေးတွေက ပြေးလွှားဆော့ကစားနေကြသည်။ ကစားနေတဲ့ ကလေးများထဲမှ တစ်ယောက်က မုန့်ဆိုင်ဘက်ကို လက်ညှိုးထိုးပြီး အော်နေလေသည်။

ကစားကွင်းဘက်ပဲ အာရုံစိုက်နေသော အမျိုးသမီးကြီးသည် ကလေးငယ် လက်ညှိုးထိုးရာဘက် လှည့်ကြည့်ပြီး ခေါင်းကုတ်လိုက်သည်။

ထို့နောက် ကစားကွင်းစောင့်နေသော ဝန်ထမ်းကလေးကို တစ်စုံတစ်ခု ပြောလိုက်သည်။ ဝန်ထမ်းကလေးက ခေါင်းညိတ်ပြီး တစ်ခုပြန်ပြောသည်။

အဲဒီတော့မှ အမျိုးသမီးကြီးက ကလေးငယ် လက်ကိုဆွဲပြီး သူရှိနေသော ကိတ်မုန့်ဆိုင်ဘက်ကို တည့်တည့် လျှောက်လာခဲ့သည်။

ကလေးငယ်က သူ့ဆန္ဒတွေ ပြည့်ဝတော့မှာမို့ ပြုံးပျော်သဘောကျကာ အမေနှင့် လိုက်ပါလာလေသည်။





ကလေးအမေက အတော်ဝနေလေသည်။ အင်္ကျီကြီးက ပွတာမို့ မီးပုံးပျံလို လုံးလုံးကားကားကြီး ဖြစ်နေလေသည်။

မျက်နှာကလည်း မေးနှစ်ထပ်နှင့် အဆီတွေ စုပုံနေသည်။

"ဟင် ..."

ဒီမျက်နှာက သူနှင့် စိမ်းမနေဘဲ ရင်းနှီးနေသလိုရှိသည်။ သူ စေ့စေ့ကြည့်နေမိသည်။ ထိုအမျိုးသမီးကတော့ ကလေး အကြိုက် မုန့်တွေကို မုန့်ဗန်းထဲထည့်ပြီး လမ်းလျှောက်နေခဲ့သည်။

"ကိတ်မုန့် ရပါပြီရှင်"

"အင်း ... ဘယ်လောက်ကျလဲ"

"ကျွန်မကို အရင်ရှင်းပေးပါရှင်၊ ကစားကွင်းထဲမှာ သားငယ်လေးကို ထားခဲ့ရလို့ပါ"

အိအိလေးလေး လက်မောင်းကြီး တစ်ဖက်နှင့် သူ့ကို ဝင်တိုက်လိုက်သော သူကို ပြန်လှည့်ကြည့်လိုက်မိသည်။

"ဟင် ..."

ဒီတစ်ခါ 'ဟင်' ကတော့ မီးပွင့်မတတ် ဆူပွက်သွားရတဲ့ ဟင် ဖြစ်ပါသည်။

မျက်နှာဖောင်းဖောင်းကြီးက အလှပျက်နေပေမယ့် မှတာက်ပရွှန်းလဲ့နေတဲ့ မျက်ဝန်းအနက်များကိုတော့ သူ မှတ်မိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း လက်ရှိ အချိန်တွေကို မေ့လျော့သွားသလိုမျိုး သူ့ကို ငေးရီကြည့်နေခဲ့သည်။

သူမ နှုတ်ခမ်းထူထူကလေးများ တုန်ယင်လာပြီး ...

"မောင် ..."

ဘုရားရေ ...။ ဒီခေါ်သံကို သူ တူးတူးခါးခါး ကော်ဖီတစ်ခွက် တစ်ကျိုက်တည်း မော့လိုက်ရသလို အီစလံဝေသွားတော့သည်။

လွန်ခဲ့ပြီးတဲ့ နှစ်တွေမှာ ရွှန်းလဲ့တဲ့ မျက်ဝန်းလုလုကြီးတွေနဲ့ သူ့ကိုငေးကာ မောင်လို့ ညင်ညင်သာသာ ခေါ်ခဲ့တဲ့ သူ့လေဒီ အစစ်ပါပဲ ...။

အခုတော့ ဝတုတ်ပြဲမကြီး ဖြစ်နေပါရောလား ...။

ပြီးတော့ ကလေးတွေနဲ့ ... ကလေးအမေကြီး ...။

သူ ငိုချင်လာခဲ့ပါသည်။

"ကြည်ဖြူ ... နင် ပြောင်းလဲသွားတယ်နော်"

"အင်း ... ငါ အိမ်ထောင်ကျသွားတာကိုးဟ၊ နင်ကတော့ အရင်လို ကြည့်ကောင်းနေတုန်းပဲ၊ တည်ငြိမ်သွားတာက လွဲလို့ပေါ့၊ ခုရော တစ်ယောက်တည်းပဲလား"

"ဟင်း ... ဟုတ်တယ်"

"မမ ... သုံးထောင့်ငါးရာပါ"

"ကိုယ့်မုန့်ဖိုးနဲ့ ပေါင်းရှင်းလိုက်မယ်"

"ဟာ ... နေပါစေ စိတ်ဦးယံ့ရယ်၊ ငါပဲ ရှင်းလိုက်ပါ့မယ်"





သူနှင့်အပြိုင် ပိုက်ဆံတွေ ထုတ်ရှင်းနေသော သူမကို လက်ကာပြရင်း သူက ဦးအောင် ငွေရှင်းလိုက်ပါသည်။

"နင့် ကလေးကို စိတ်မချလို့ဆို"

"အေး ... ဟုတ်တယ်၊ အငယ်လေးကို ဝန်ထမ်းနဲ့ ထားခဲ့ရလို့"

"ဒါဖြင့် သွားတော့လေ"

"နင် ပြန်တော့မလို့လား"

"အင်း ..."

"ငါ ဖုန်းဆက်လိုက်မယ်"

"နံပါတ် သိလို့လား"

"အဲသီဟ သူဌေးမင်းရဲ့ ဖုန်းနံပါတ် သိဖို့က မခက်ပါဘူးဟာ၊ ငါသွားပြီ"

သူမ အော်ပြောပြီး ပြေးထွက်သွားတော့ သူ ပြုံးကျန်ရစ်ခဲ့ရသည်။

သူ့နာမည်က မင်းသားတစ်လက်လို ဂျာနယ်မှာ ပါလေ့ရှိတတ်တာမို့ သူမ သိနေခဲ့တာ ဖြစ်မည်။

သူက စီးပွားရေး အောင်မြင်ပြီး ဥစ္စာခေ့ ပွယောင်းကြွယ်ဝလာချိန်မှာ သူမက ခန္ဓာကိုယ်ကြီး ပွဖောင်းလာနေခဲ့တာ ဖြစ်ရမည်။

ဤသို့ အရုပ်ဆိုးနေသည့် အမျိုးသမီးကြီးနှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ချိန်က ချစ်ခဲ့ဖူးပါသည် ဆိုတာကြီးကို အများသိမှာပင် သူ ရှက်မိလေတော့သည်။

သူမနှင့် သူ ဖူးစာလွဲရအောင် သူ့ကို နိုင်ငံခြားပို့ လိုက်သော ဖေဖေ့ကိုပင် ကျေးဇူးလှမ်းတင်မိပါသည်။

ဟိုတစ်ချိန်ကတော့ ဖေဖေ့ကို သူ အကြီးအကျယ် အထင်လွဲ စိတ်နာခဲ့မိလေသည်။ စီးပွားရေး တစ်ခုတည်းကြည့်ပြီး မိန်းမနဲ့ သားကို ပစ်ထားသူရယ်လို့ စွပ်စွဲ မုန်းတီးခဲ့ဖူးသည်။

ဖေဖေဟာ အလုပ်၏ သားကောင် ဖြစ်လာပြီး အလုပ်ကိုပဲ ဖွဲ့နပဲ လုပ်ခဲ့လွန်း၍ သူ ကြောက်လည်း ကြောက်ခဲ့ရသည်။

ရုတ်တရက် ဖေဖေ ဆုံးပါးသွားခဲ့ချိန်မှာ သူနှင့် မေမေ ဘဝ မီးပြတ်သလို မှောင်မိုက်ခဲ့ရသည်။ အသည်းကွဲသမားလေး ဘဝနှင့် ပေတေနေခဲ့သော သူ့ထံ အမှောင်ထုကနေ အင်အားတွေ ရောက်ရှိလာခဲ့သည်။

ဖေဖေ မရှိတော့၍ ဖျက်သိမ်းရအံ့ဆဲဆဲ အဲသီဟ လေကြောင်း ကုမ္ပဏီ၏ အယိုင်အနဲ့ကို သူ မျက်ဝါးထင်ထင် မြင်လာခဲ့သည်။

ထိုအချိန်မှာ သူတတ်သမျှ ပညာတို့သည် ဆာလောင်ငတ်မွတ်စွာ အလုပ်လုပ်ခွင့်ပေးရန် ဦးနှောက်ကို နိုးဆွလာခဲ့တော့သည်။





ထို့နောက် သူ့ဒွေးနေရာကို သူ ရလာသည်။ ယိုင်နဲ့နေသော ဘဝမှ သူ့ကုမ္ပဏီကြီးကို ပြန်လည် ထိန်းမတ်ခဲ့သည်။

အခုဆို သူ့လေကြောင်း ကုမ္ပဏီမှာ ဖေဖေ့လက်ထက်ကထက်ပင် အစစအရာရာ သာလွန်ကောင်းမွန်နေခဲ့ပြီ ဖြစ်သည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၄)

“နှင်းဆွတ်မိုး”
“ရှမ် … မေမေ”
“အခန်းထဲမှာပဲ နေမှာလားဟေ …”
“ဟုတ် …”
“မနေရပါဘူး၊ ထွက်ခဲ့ …၊ အိမ်သန့်ရှင်းရေး ထွက်လာလုပ်”
“မေမေကလည်း …”

မွေ့ရာကြီးပေါ်တွင် မှောက်လဲကာ အာလူးကြော်တွေ စားရင်းဖြင့် နှင်းဆွတ်၏ အသည်းကွဲ ဝေဒနာကို ကုစားနေမိချိန်ရယ်ပါ။

အခုတလောမှာ ဘာမှလည်း လုပ်ချင် ကိုင်ချင်စိတ်မရှိ၊ သင်တန်းတွေလည်း တိုးလို့တန်းလန်း ဖြတ်ချထားခဲ့လိုက်သည်။





ခြံအပြင်ထွက် လေကောင်းလေသန့် ရှူရင်လည်း ဟိုဘက်ခြံက ရဲရင့်၏ အရိပ်အယောင်ကို မြင်ရမှာ ကြောက်သည်။ သင်တန်းသွားလည်း သူတို့ နှစ်ယောက်နှင့် မတွေ့ချင် …။

ခပ်အေးအေးလေးပဲ နေဖြစ်နေသော နှင်းဆွတ်ကို မေမေက အားမရ ဖြစ်နေခဲ့သည် ထင်ပါရဲ့ …။

“သမီးရေ …”
“ရှမ် …”
“လာကူပါဦးကွယ် …”

နှင်းဆွတ်သည် ဒီအတိုင်း ဆက်နေဖို့လည်း မလွယ်တော့သဖြင့် အခန်းထဲမှ ထွက်လာရပါသည်။

မေမေက လုံချည်ကို တိုတိုလေးဝတ်ကာ လက်ထဲမှာလည်း ကြမ်းတိုက်တံကြီး ကိုင်ထားခဲ့လေသည်။

“လာစမ်း … လာစမ်း”

လက်ကိုလည်း ဆောင့်ဆွဲ၊ ခေါင်းကိုလည်း ခေါက်ချလိုက်တာမို့ နှင်းဆွတ် မေမေ့ကို မျက်စောင်းထိုးကြည့်လိုက်ပါသည်။

“နာတယ် … မေမေရ”
“ရော့ … ကြမ်းတိုက်၊ ပြီးရင် ခြံထဲမှာ အမှိုက်ကောက်”
“မလုပ်ချင်ဘူး”
“လုပ်ရမယ်၊ အိမ်မှာ သမီးနဲ့ မေမေ နှစ်ယောက်တည်းရှိတာ၊ အားလုံး မေမေ့အလုပ်တွေကြီးပဲ၊ မေမေ့ကို သမီးမှ



www.burmeseclassic.com

www.burmeseclassic.com



မကူရင် ဘယ်သူ လာကူမှာလဲ နှင်းဆွတ်မိုး၊ အမယ်လေး နှင်းဆွတ်မိုးရယ် ငါဖြင့် မောလိုက်တာဟယ်၊ ကဲ ... ကဲ ... သွား ... မီးဖိုချောင်ကို ပြောင်နေအောင် တိုက်၊ ဂျီးချွတ်ဆေးတွေ ဖျန်းချထားတယ်၊ ဒီအတိုင်း ခြေမနင်းနဲ့နော်၊ အသားတွေ ပေါက်ကုန်မယ်"

"ဟုတ် ... ကဲ့"

ပျင်းတိပျင်းတွဲကြီးပြောကာ မီးဖိုခန်းဆီ လျှောက်လာခဲ့ပါသည်။ လိမ္မော်ရောင် သားရေဖိနပ်ကြီးစီး၊ လက်အိတ်ကြီးဝတ်ကာ မီးဖိုခန်းအတွင်း နှင်းဆွတ် ဝင်လာခဲ့သည်။

မေမေ အစပျိုးထားတဲ့ သန့်ရှင်းရေးအလုပ်ကို နှင်းဆွတ်မှာ အားတင်းပြီး ပြီးအောင် လုပ်နေရလေသည်။

"မေမေတို့များ မတရားဘူး၊ ချမ်းသာတဲ့ အိမ်မှာ သူဌေးသမီး အငယ်လေးအဖြစ် လာဝင်စားတဲ့ နှင်းဆွတ်ကိုများ မနာလိုသလား အောက်မေ့ရတယ်၊ သူဌေးသမီးပီပီ သက်သောင့်သက်သာ မနေနိုင်ဘူး၊ ကျွန်မလေးလိုပဲ ဖိနိုင်းနေတာပဲ၊ ဟင့် ..."

"အေး ... သူဌေးသမီး အငယ်လေးမို့လို့ အပိုးကျိုးအောင်နိုင်းတာ ဘာဖြစ်သလဲဟေ့ ..."

မီးဖိုခန်းဝမှာ ပေါ်လာသော မေမေ့ကို လှည့်ကြည့်ပြန်မျက်စောင်းထိုးဖြစ်ပြန်သည်။

"မိန်းကလေးချင်း၊ သူဌေးသမီးချင်း ယှဉ်လာတဲ့နေရာမှာ





မေမေ့သမီးက သာအောင် မေမေ ကြိုးစားနေတာပါ သမီးရယ်၊ ပညာတတ်တွေ များလာ၊ ချမ်းသာလာကြတဲ့လူတွေ များလာကြပြီး သူတို့ သားသမီးတွေက ပေါ့ပေါ့ပါးပါးကလေး အချိန်တွေကို ဖြတ်သန်းနေကြတာမျိုးတွေ သမီးလည်း မြင်မှာပဲ၊ မေမေက အဲဒီလို သားသမီးတွေထဲမှာ မေမေ့သမီး နှင်းဆွတ်မိုး မပါစေချင်လို့ပဲ၊ ဆင်းရဲရဲ ချမ်းသာသာ သမီး မိန်းကလေးက မိန်းကလေးပဲ၊ အိမ်မှုကိစ္စဆိုတာ လုပ်ကို လုပ်နိုင်နေရမယ်၊ ဒါမှ သမီး အိမ်ထောင်ကျရင် ယောက္ခမနဲ့ အသိုက်အဝန်းတွေကြားမှာ ခေါင်းမော့နိုင်မယ်လေ၊ သူဌေးသမီးကို ယူပြီး အိမ်သန့်ရှင်းရေးနဲ့ ထမင်းချက်တော့ကိုပါ အပိုရသွားတဲ့ ယောကျ်ားထက်စာရင် အိမ်ရှင်မ ပီသတဲ့ သတို့သမီးလေးရဲ့ ယောကျ်ားက ပိုကံကောင်းတယ် မဟုတ်လား ...၊ သမီး စဉ်းစားကြည့်ပေါ့ ..."

နှင်းဆွတ် ဘာမှပြန်မပြောတော့ပါ။ မေမေဆိုနေကျ ဒီသီချင်းသံစဉ်တွေကို နှင်းဆွတ် နေ့တိုင်းကြားနေကျ ဖြစ်ပါသည်။

မေမေ နှင်းဆွတ်ကို အရမ်းချစ်တာတော့ နှင်းဆွတ်သိပါသည်။ နှင်းဆွတ်ကလည်း ချစ်ပါသည်။

နှင်းဆွတ် ဘာပဲလိုချင်ချင် မေမေက ရအောင်လုပ်ပေးရှာတတ်ခဲ့သော်လည်း အိမ်မှုကိစ္စအပိုင်းမှာတော့ မေမေ လိုချင်တဲ့ပုံဖြစ်အောင် နှင်းဆွတ် လုပ်ပေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ရေဆေးလို့ ပြောင်ဝင်းသွားပြီဆိုရင် ခဏနား၊ လက်ဆေး၊ မေမေ သမီးအတွက် ဒိန်ချဉ် ဖျော်ထားတယ်၊ အဝသောက်ချလိုက် ...၊ ပြီးရင် ခြံထဲက သစ်ပင်တွေ ရေဆွင်းလောင်းနော်"

"သမီး ခြံထဲမဆင်းချင်ဘူး"

နှင်းဆွတ်က တိုးသက်သက်ကလေး စောဒကတက်လိုက်ပါသည်။ မေမေက နှင်းဆွတ်အနား တိုးကပ်လာကာ အသံကလေး နှိမ့်၍ ...

"ရဲရင့်နဲ့ ရင်မဆိုင်ချင်တာလား နှင်းဆွတ်"

"ရှင် ... မေမေ ဘယ်လိုသိလဲ"

"ရဲရင့်နဲ့ မိုမိုတို့ ချစ်သူတွေ ဖြစ်သွားကြပြီ ကြားတယ်၊ အဲဒါ ကောင်းတယ်မဟုတ်လား သမီးရယ်၊ ရဲရင့်မိဘတွေက စိတ်သဘောထားလည်း ကောင်းတယ်၊ ရဲရင့်လေးက စာရိတ္တလည်း ကောင်းတယ်၊ မြတ်ပိုးမိုရဲ့ ရှေ့ရေးလေးက ရဲရင့်နဲ့ဆို ပူစရာမလိုတော့ဘူးဆိုတော့ မေ့သမီးက မိုမိုလေးအတွက် မုဒိတာ ပွားပေးရမှာလေ"

"ရဲရင့်လောက် သမီးအတွက် အဆင်ပြေတဲ့လူမှ မရှိတာပဲ မေမေရယ်၊ သမီး လက်လွှတ်ဖို့ ဝန်လေးတာ မှားလားဟင်"

"မမှားပါဘူး ...၊ ကကြိုးရေးတတ်ကာစမှ ကကြိုးတွေအများကြီး ရေးချင်တာ မမှားပါဘူး၊ ဒါပေမယ့် ဘဝဆို





တာ ကကြိုးမှာ ရပ်တန့်မနေဘူး၊ ခွေးတွေ၊ ဂငယ်တွေကနေ အဆင့်ဆင့် ရေးတတ်ရဦးမှာ သမီးလေးရဲ့၊ သမီးလေးကို အပြစ်အနာအဆာ မရှိ၊ မတတ်တာ မရှိအောင် မေမေ ပြုစုပျိုးထောင်ပေးခဲ့တာ ရဲရင့်လောက်လေးအတွက်နဲ့ အားငယ်နေဖို့မှ မဟုတ်တာ၊ ကဲ ... သမီး အားငယ်မနေနဲ့နော်၊ အပြင်လောကကို ထွက်ကြည့်လိုက်၊ အဲ့ဒီအခါ ရဲရင့်ဆိုတာ သမီးရဲ့ ကကြိုးတန်းက အတွေ့အကြုံမှာ နေကျန်ခဲ့တာ သမီးတွေ့ရလိမ့်မယ် ... နော်"

မေမေက ရင်ခွင်ထဲဆီသို့ နှင်းဆွတ်ကို ပွေ့ခေါ်ကာ ချော့မော့နေသည်။

နှင်းဆွတ်သည် အစပိုင်းကလေးမှာတော့ ဝမ်းနည်းနေပြီး တဖြည်းဖြည်း စိတ်တွေ မာလာခဲ့သည်။

"ခြံထဲဆင်းနော် သမီး"

"ဟုတ်ကဲ့ ... မေမေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၅)

"တကယ်ပဲလည်း နှင်မချစ်ဘဲနဲ့ ညာပြီးတော့ လူကို လာ
ချွဲနေတယ်"

နှင်းဆွတ်သည် ပါးစပ်ထဲရှိရာ သီချင်းကလေးများကို ရွတ်ဆိုရင်း ပလစ်စတစ် ပိုက်ပျော့ကလေးဖြင့် ခြံထဲမှ ပန်းပင်ကလေးများကို ရေလောင်းနေခဲ့ပါသည်။ ရေလောင်းရင်းကလည်း ဟိုဘက်ခြံ တိုက်အိမ်ကြီးကို အကဲခတ်မိပါသေးသည်။

ရဲရင့်တစ်ယောက် နေစိမ့်နေနိုင်လေသည်။ နှင်းဆွတ်က စိတ်ကောက်နေခဲ့ရင်တောင် သူက ချော့မော့ပြန်ခေါ်ရမှာကို မသိချင်ယောင် ဆောင်နေခဲ့သည်။

ရဲရင့်နှင့် နှင်းဆွတ်ဆိုတာ ဟိုး ငယ်ငယ်ကလေးတည်းက သူငယ်ချင်းတွေ ဖြစ်ခဲ့တာမို့ တစ်ယောက်အကြောင်း တစ်ယောက်သိသည်။ သံယောဇဉ်တွေလည်း ခိုင်မာခဲ့ကြသည်။ အခုမှသာ စိတ်ကောက်နေခဲ့ကြခြင်း ဖြစ်သည်။





တကယ်တော့ နှင်းဆွတ် ညုံ့နေခဲ့တာ ...။ ဟိုဘက်နဲ့ ဒီဘက် အခုလာချင် ရောက်လာသည့် နှင်းဆွတ်ဆီကို ဘယ်တော့မှ အရင်လာမခေါ်ဘဲ ဟိုဘက်တစ်လမ်းကျော်မှာနေတဲ့ မြတ်ပိုးမိုဆီ အရင်သွားတတ်တာ။ ပြီးမှ နှစ်ယောက်စလုံး နှင်းဆွတ်ဆီရောက်လာခဲ့တာတွေဟာ ဘာကြောင့်ဆိုတာ နှင်းဆွတ် သဘောပေါက်တတ်ခဲ့ရမှာ ...။

မြတ်ပိုးမိုက ရဲရင့်နှင့် နှင်းဆွတ်လောက် ချမ်းသာတဲ့ မိဘများမှ မွေးဖွားလာသူ မဟုတ် ...။ ကုန်စုံဆိုင် သေးသေးလေးပဲ ဖွင့်နိုင်တဲ့ မိဘတွေက မွေးဖွားလာခဲ့သူ ...။

ရဲရင့်နှင့် နှင်းဆွတ်က ဘာမှမခွဲခြားဘဲ ချစ်ခင်လာခဲ့ကြခြင်း ဖြစ်သည်။ မြတ်ပိုးမို၏ သိမ်ငယ်မှုကြောင့်သာ ရဲရင့်က ချစ်မိသွားတာလည်း ဖြစ်နိုင်သည်။

"မမ မိကောက် ... မမ မိကောက်"

တစ်နေရာမှ အသံကလေးက ထွက်ပေါ်လာတာကို နှင်းဆွတ် ကြားရသည်။ ဘာသံလေးမှန်းလည်း မသိ ...။ ငှက်သံကလေးနှင့်လည်း တူလေသည်။ မျက်ဝန်းကလေးတွေ အလျင်အမြန် လှုပ်ရှားသွားပြီး ခြံတံခါးဝမှ အစိမ်းရောင် အရာလေးကို တွေ့လိုက်ရပါသည်။

ရေပိုက်ခေါင်း ပြေးပိတ်ကာ ခြံတံခါးဝဆီ ပြေးလာခဲ့လိုက်ပါသည်။ ခြံတံခါးမှာ ငှက်လျှောင်ချိုင့်ကလေး ရှိနေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးက ခေါင်းလေးထောင်ပြီး ဟိုဟိုဒီဒီ ကြည့်နေလေသည်။

"ဟိတ် ... နှင် ဘယ်သူလဲ"

"မမ မိကောက်၊ မမ မိကောက် ..."

"နှင် ဘယ်သူ့ကို ခေါ်နေတာလဲ"

"ဘယ်သူ့ကို ခေါ်ရမှာလဲ၊ နှင့်ကိုပေါ့"

"ဘာ ..."

အုတ်နံရံကွယ် ရပ်နေသော ရဲရင့် ပေါ်လာပြီး ပြောတာမို့ နှင်းဆွတ်က မျက်နှာထား တည်လိုက်ရပါသည်။

"မဘာနဲ့၊ တံခါးဖွင့် မိကောက်"

"မိကောက်"

သူခေါ်တိုင်း ငှက်ကပါလိုက်ခေါ်နေသဖြင့် နှင်းဆွတ် အံကြိတ်လိုက်ရတော့သည်။

"တံခါးဖွင့်ပေးဦး"

"ဘာလုပ်မလို့လဲ"

"မိကောက်ကို ချော့မလို့"

"မိကောက် ..."

"ဟာ ... ဒီငှက်နော်၊ ငါ့ကို မိကောက်လို့ မခေါ်နဲ့"

"မိကောက် ..."

ငှက်ကလေးက မိကောက်တစ်လုံးပဲ ခေါ်တတ်သည် ထင်သည်။ မိကောက်ပါတာနဲ့ သူကပါ လိုက်ခေါ်နေတော့သည်။





"အဲဒီတစ်လုံးတတ်အောင် ငါ အကြာကြီး သင်ထားရတာ ဟာ၊ ခေါ်ပါစေ ... နှင်က အရမ်းကောက်တာကိုး၊ ခု တံခါး ဖွင့်နော်"

နှင်းဆွတ်သည် ကိုယ်က အကြာကြီးကတည်းက စိတ်ကောက်ပြေနေသူမို့ အဲသလောက် ချော့ရုံကလေးနှင့်တင် ပျော့ချင်နေပြီ ဖြစ်သည်။

တံခါးဖွင့်ပေးလိုက်သည်နှင့် ကြက်တူရွေး လှောင်ချိုင့်ကလေး ပိုက်ထားသော ရဲရင့်သည် ဝမ်းသာအားရ ခြံထဲဝင်လာခဲ့လေသည်။

"နှင်းဆွတ်ရယ် ... နှင်ကလည်း အကြာကြီး စိတ်ကောက် နေလိုက်တာဟာ၊ သင်တန်းလည်း မတက်၊ ဆရာက ဘာပြောတယ် မှတ်လဲ၊ မိုမို့နှင့်သူငယ်ချင်း ခိုးရာလိုက် သွားပြီလားတဲ့ ..."

"ဟင် ... အဲလောက်ကြီး ပြောရလား"

"ဟုတ်တယ် ... နှင် သင်တန်း ပြန်တက်မယ်မဟုတ်လား"

"အင်း ..."

"ဟေး ... ဒါမှပေါ့၊ နှင် စိတ်ကောက်ပြေပြီပေါ့နော်"

"မသိဘူး၊ ငါ မဖြေချင်ဘူး"

"ဘယ်ရမလဲ ..."

ရဲရင့်လက်က နှင်းဆွတ် လည်တိုင်ကလေးဆီ တိုးကပ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလာပြီနော် ..."

"နင် မလာနဲ့၊ မယုတ်မာနဲ့နော် ရဲရင့်"

"လာပြီ ... လာပြီ"

"မေမေရေ ... မေမေ ကယ်ပါ"

"ဟား ... ဟား ..."

နှင်းဆွတ် လည်တိုင်းကလေးကို ဘယ်သူမှ လာထိလို့ မရပေ ...။ နှင်းဆွတ်က အရမ်းယားတတ်သည့် အားနည်းချက် ရှိသည်။

ကိုယ့်လည်ပင်း မထိဘဲ သူ့လည်ပင်းကိုပဲ ကိုင်ပြီး နှင်းဆွတ် အသည်းယားလာအောင် စလို့ရမှန်း ရဲရင့်ကသိသည်။

နှင်းဆွတ်ရှေ့မှာ ရပ်လိုက်ပြီး သူ့လည်ပင်းကို လက်ချောင်းတွေနှင့် ရွှေ့လျားပြတာမို့ နှင်းဆွတ်မှာ အော်ပြေးရလေသည်။

"မေမေရေ ..."

မေမေ့ ကိုယ်လုံးလေးနောက်သို့ ပတ်ပြေးနေသော နှင်းဆွတ်ကို မေမေက ဖမ်းပွေ့ပြီး ...

"ဒီနှစ်ယောက် ပြန်တည့်သွားတော့လည်း မျက်စိနောက်လိုက်တာ၊ ဆူညံနေတာပဲ ..."

"မေမေကလည်း သမီးကို သူက အသည်းအသန် လိုက်စနေတာကို ...၊ ဟော ... ကြည့်ပါလား"





မေမေ့ နောက်ကျောကနေတောင် စနေတာမို့ နှင်းဆွတ်မှာ မျက်လုံးများ မှိတ်ထားရတော့သည်။

"ဟား ... ဟား ... အန်တီ သမီးသာ မင်းသမီးလုပ်ရင် သူ့လည်ပင်းကို မင်းသားက ဆွဲကြိုးဆွဲပေးတဲ့ အခန်းရိုက်လို့ မရဘူးနော်၊ ဟဲ့ ... ဟဲ့ ... နှင်းဆွတ် ဒီမှာကြည့်စမ်း ဒီလိုလေ ..."

"မကြည့်ဘူး ... မကြည့်ဘူး"

"ဒီမှာ တကယ် ..."

"ဟယ် ... လှလိုက်တာ သမီး ကြည့်စမ်း၊ ပုလဲဆွဲကြိုးလေး"

မေမေ့ အသံကြားမှ နှင်းဆွတ်က မျက်လုံးဖွင့်ရဲလေသည်။ ကတ္တီပါဘူးလေးထဲမှာ အဝါရောင် ပုလဲဆွဲကြိုးလေးက ဝင်းလဲ့လို့နေသည်။

"ဟာ ... မိုက်လိုက်တာကွာ၊ ငါ့အတွက်လား"

ရဲရင့်က ပုလဲဘူးပြားကြီးကို နှင်းဆွတ်ဘက် ကမ်းပေးကာ သူ့ဆံပင်ပျော့များ ဝဲကျလာအောင် ခေါင်းညိတ်ပြလေသည်။

"ငါ ဆွဲပေးမယ်လေ ..."

"အမ်း ... နင်နော်"

နှင်းဆွတ်သည် ဒီတစ်ခါတော့ အခန်းအတွင်း ဝင်ပြေးပြီး တံခါးပိတ်ထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင် တကယ် စိတ်ကောက်ပြေတယ်ဆိုရင် ဒီည မုန့်သွားစားကြမယ်နော်၊ မုန့်ဆက်လိုက် ... အဆင်သင့်ဖြစ်ရင် ငါလာခေါ်မယ်နော်"

"အေးပါ ..."

ရဲရင့် ပြန်သွားပြီး တိတ်ဆိတ်သွားတော့မှ ပုလဲဆွဲကြိုးလေးကို ကိုယ်တိုင် ဆွဲကြည့်လိုက်ပါတော့သည်။

☺ ☺ ☺



(၆)

♥ ♥ ♥

"ငါ့ကို လာတွေ့တာ ကျေးဇူးတင်ပါတယ် စစ်ဦးယံ၊ နင့်လို သူဌေးကြီးတစ်ယောက်အတွက် အားလပ်ချိန်ဆိုတာ မရှိမှန်း သိပေမယ့် ..."

"ငါ့ကို နင် ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာ မလိုပါဘူး ကြည်ဖြူရယ်၊ ငါတို့ရဲ့ ခင်မင်မှုအတိုင်းအတာကို နင်လည်း သိသားပဲ"

"အေးပါဟယ် ..."

"နင့် ကလေးတွေရော"

"အကြီးလေးက မူကြို သွားပို့ထားတယ်၊ အငယ်လေးက အိပ်ပျော်နေတယ်၊ အဲဒါကြောင့် ငါ လစ်ထွက်လာတာပေါ့"

ဟော့ပေါ့အိုး၏ တစ်ဖက်တစ်ချက်တွင် မျက်နှာချင်းဆိုင် ထိုင်နေခဲ့ကြရာမှ ကြည်ဖြူ့ကို သူ သေချာ အကဲခတ်နေမိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝဖိုင့်ဖိုင့်ကြီးနှင့် မျက်နှာဖောင်းဖောင်းမှာ အဆီတွေပြန်နေသည်။

ယော့ပေါ့အိုး၏ အငွေ့ထောင်းထောင်းများ ကြားမှ မြင်နေရသော မျက်လုံးအရောင်တို့ကတော့ တောက်ပ ဖျတ်လတ်ဆဲ ဖြစ်သည်။

"ငါ့ ယောကျ်ားရောလို့ နင် မမေးချင်ဘူးလား စစ်ဦး"

"ငါက ဘာလို့မေးရမှာလဲ၊ နင် ပြောချင်မှ ပြောပေါ့"

"အေးလေ၊ ငါက ပြောပြချင်လို့ နင့်ကို ခေါ်လိုက်တာပဲ"

ကြည်ဖြူက တကယ် ဖွင့်ပြောတော့မည့်ပုံကြီး လုပ်နေတာမို့ သူ မျက်နှာပူသလို ဖြစ်လာသည်။

ကိုယ့်လေဒီ ဖြစ်ခဲ့ဖူးတဲ့ သူက သူ့ယောကျ်ားအကြောင်းကို အချိန်ယူ လာပြောနေသည်ဆိုတာကြီးကတော့ အနေခက်စေသည်။

"သူနဲ့ငါ လမ်းခွဲထားတယ်"

"ဘာ ..."

"ဟုတ်တယ်၊ ငါတို့ စရိုက်ချင်း မတူကြဘူး၊ သားသမီးတွေနဲ့ ပတ်သက်တဲ့ ခံယူချက်ချင်းလည်း မတူဘူး၊ အဲဒါကြောင့် ငါတို့ ကွဲသွားတာပဲ၊ သူက သဘော်သားတစ်ယောက်ဆိုတော့ ကလေးတွေကို ငါကပဲ တာဝန်ယူထားရတယ်"

"နင့်အတွက် အဆင်ပြေရဲ့လား"





"အဆင်မပြေလို့လည်း မဖြစ်ဘူးလေ၊ ငါ့ဝမ်းနဲ့ လွယ်မွေးထားတာ ငါတာဝန်ယူရမှာပေါ့"

"အင်း ... ဟုတ်ပါရဲ့လေ"

သူ့လက်တွေက ငွေရောင် နာရီကလေးကို ငုံ့ကြည့်လိုက်မိသည်။ ဒီနေ့ နိုင်ငံခြားကုမ္ပဏီတစ်ခုကို လေယာဉ်စင်းလုံးငှားရမည့်ကိစ္စ ပြောဆိုဖို့ ရှိသေးသည်။

ကြည်ဖြူက တွေ့ချင်ပါသည်ဆိုပြီး ဖုန်းဆက်ချိန်းလို့သာ သူ အချိန်ပေးခဲ့ခြင်း ဖြစ်သည်။

"နင့် ဖေဖေရော"

သူ မျက်ခုံးပင့်ကာ ကြည်ဖြူကို ကြည့်လိုက်သည်။ ဖေဖေ ဆုံးသွားတာ မသိခဲ့တာလား ...။ ဒါမှမဟုတ် ဖေဖေ မရှိတော့ဘူးဆိုတာကို ထပ်ကြားချင်လို့လား ...။

အင်းလေ ...၊ ဖေဖေ့ကို ကြည်ဖြူ မုန်းချင်မုန်းနေနိုင်ပါတယ်။ သူ့ကိုနိုင်ငံခြားပို့ပြီး ကြည်ဖြူကို သွားတွေ့၊ အဆက်ဖြတ်ခိုင်းခဲ့တာမို့ စိတ်နာချင်လည်း နာနေဦးမှာပေါ့။

"ဖေဖေဆုံးတာ တစ်နှစ်ခွဲရှိပြီ"

"ဟုတ်လို့လားဟယ် ...၊ အန်ကယ်က ကျန်းကျန်းမာမာပါပဲ"

"ဟုတ်တယ် ...၊ ဖေဖေက အက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာ၊ တောင်တက် ဝါသနာပါလို့ တောင်တက်ပြိုင်ပွဲလုပ်ရင်း တောင်ကုန်းပေါ်က ခြေချော်ကျတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... စိတ်မကောင်းလိုက်တာဟယ်၊ အဲဒါကြောင့် နင်ကပဲ ကုမ္ပဏီကို ဆက်ခံခဲ့တယ်ပေါ့"

"ဆိုပါတော့ ..."

"ဒီကြားထဲ နင့်မှာ ချစ်သူမရခဲ့ဘူးလား"

"ဒီလိုပဲ အများကြီးတော့ တွဲဖြစ်ပါတယ်"

ကြည်ဖြူ့ကိုမှ တန်းတန်းစွဲနေမိလို့ ဘယ်မိန်းမကိုမှ စိတ်မဝင်စားဖြစ်ခဲ့ဘူးလို့တော့ သူ ထုတ်မပြောချင်ပါ။ ပေါ့ပေါ့ပါးပါးနဲ့ စိတ်ပြတ်သားရာ ရဖို့ကိုသာ ရွေးပြောဖြစ်သည်။

"ခုရော ..."

"အင်း ... ရှိတယ်"

"မိတ်ဆက်ပေးမှာလား"

"ဖြည်းဖြည်းပေါ့ ..."

သူ နာရီ ထပ်ကြည့်ပြန်ပါသည်။ ဒီတစ်ခါတော့ ကြည်ဖြူ ရိပ်မိသွားပြီး ...

"နင် အလုပ်ရှိသေးတယ် ထင်တယ်၊ ငါလည်း သားကို ကျောင်းကြိုရဦးမယ်၊ ပြန်ကြစို့လေ"

"အင်း ... ပြန်မယ်လေ"

ပြန်မယ်ဆိုပြီး ကျောခိုင်းဖြစ်သွားတော့မှ စိတ်တွင်းထဲမှကို ပေါ့ပါးသွားခြင်းကို ခံစားလိုက်ရသည်။ တကယ်ဆို အချစ်ဦးဖြစ်ခဲ့သည့် မိန်းမတစ်ယောက်ကို ဒီတ်လုပ်တဲ့အချိန်မှာ အနည်းငယ် စိတ်လှုပ်ရှား ရင်ခုန်ဖို့တော့ ကောင်းသည်။





ထူးတော့ ထူးဆန်းသည်။ အခုလို သူမနှင့်ပြန်မတွေ့ဆုံခင်အထိ သူ့ဦးနှောက်ထဲတွင် ရင်းနှီးသော မိန်းမဆို၍ မေမေနှင့် သူမသာ ရှိခဲ့သည်။

အခုလို ပြန်ဆုံတွေ့သောအခါတွင် သူမကို သူ ပြန်ခံစားကြည့်၍ မရတော့ပေ ...။

"ဟဲ့ ... ဟာ"

ရှပ်ရှပ်ပြာပြာနိုင်လှစွာ ပြေးလာသော ကောင်မလေး တစ်ယောက်သည် သူ့ကို အနောက်မှ ဝင်တိုက်သွားခဲ့တာမို့ ခိတ်တိုသွားမိသည်။

မီရင်တော့ တစ်ခုခု လှမ်းရန်တွေ့ချင်သေးသမို့ နှုတ်ခမ်းအပြင်တွင် ကောင်မလေးသည် ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲ လဲကျသွားလေတော့သည်။

ဂါဝန်အပြာရောင် ဂွားကားလေး ဝတ်ထားခဲ့သော ခန္ဓာကိုယ်လေးက ကြမ်းပြင်မှာ ကားယားလေး ဖြစ်နေသည်။

အနီးအပါးမှာလည်း ဘယ်သူမှ မရှိတာမို့ သူပဲ ပြေးသွားထူမရတော့သည်။

"ဟဲ့ ... ကလေးမလေး ညည်း ချော်လဲတာ သုံးနှစ်သမီး လဲတာ ကျနေတာပဲ၊ ကိုးရိုးကားယားနဲ့ ..."

ကောင်မလေးက သူ့အသံကြားမှ သတိဝင်လာကာ ထန်းထဖို့ ကြိုးစားသည်။

"အ ..."



www.burmeseclassic.com

www.burmeseclassic.com



"လက် ဘာဖြစ်တာလဲ"

"နာတယ် ... ဟင့်"

"ကလေးလည်း မဟုတ်ဘဲ ငိုမနေနဲ့လေ၊ ထ ... ထ၊ ငါထူပေးမယ်"

သူက လက်မောင်းလေး နှစ်ဖက်မှ ဆွဲကိုင်ကာ ထူပေးလိုက်ရပါသည်။

"ကျေးဇူးတင်ပါတယ် ဦး"

"ရပါတယ်၊ ကလေးငယ်လည်း မဟုတ်တော့ဘဲ ပြေးလွှားမနေနဲ့လေ၊ ငယ်ငယ်က စတိတ်ကျောင်းမှ မဟုတ်တော့တာ၊ ရုပါစင်တာကြီးထဲ ခြေချော်လဲတဲ့ သတင်း အင်တာနက်ပေါ် ရောက်နေရင် ဘယ်လိုလုပ်မလဲ"

"ဟာ ... သမီး ပြေးလွှားတာ မဟုတ်ပါဘူး"

"မင်း ပြေးလာလို့ ငါ့ကို ဝင်တိုက်တာလေ"

"မဟုတ်ဘူး၊ ဟိုလေ မမြင်တာ ..."

"ဘယ်မြင်မလဲ၊ ဆံပင်တွေက ရှုပ်ပွနေတာကိုး၊ အပြင်ထွက်ရင် ခေါင်းလေးဘာလေး ဖြီးပေါ့ကွာ ... နော်"

ကလေးမလေးသည် ငယ်ငယ်နုနု သန့်သန့်လေး ဖြစ်သော်လည်း ဆံပင်များက နီရဲကာ မွထနေပြီး မျက်နှာပုံမပေါ် အလုပျောက်နေလေသည်။

"ငါ သွားတော့မယ်"

"ဟို ... ဟိုလေ"





"ဘာလဲ ..."

"သမီးကို တက္ကစီ ငှားပေးပါလားဟင်"

"ဘယ်လို ..."

"သမီး သူငယ်ချင်းကားနဲ့ လာတာ၊ ခု သူနဲ့ ရန်ဖြစ်လာလို့ သူ့ကားမစီးချင်လို့၊ အဲဒါ သမီးကို ဦးက ကားငှားပေးပါလားဟင် ...၊ သမီး ဝယ်လာတဲ့ ပစ္စည်းတစ်ခု ပေးပါ့မယ်နော်"

"မင်းကို ငါက ကားငှားပေးရမယ် ဟုတ်လား"

"ဟုတ်ကဲ့၊ ဦးက ယောကျ်ားလေးပဲနော်"

သူလို ယောကျ်ားတစ်ယောက်ရဲ့ ရုပ်ရည်က လမ်းဘေးမှာရပ်ပြီး တက္ကစီကားကို လက်ဆန့်တားနေကျပုံ ထွက်ပေါ်နေခဲ့သလား မသိပါ။

"ကဲ ... ငှားပေးမယ်၊ ငှားပေးမယ်"

သူ ရှေ့ကထွက်လာပြီး စင်တာရှေ့ လမ်းမကြီးပေါ်မှာ အငှားကားလေးတွေကို လက်တားပေးလိုက်သည်။ ကားတစ်စီး ရပ်လာသည်နှင့် သူမက ကားထဲဝင်ထိုင်ကာ ...

"ကျေးဇူးပဲ၊ ရော့ ... ဦး၊ သမီး အရမ်းကြိုက်တဲ့ ဖိနပ်လေး၊ ခုမှ ဝယ်လာတာ၊ ဦးကို ကျေးဇူးတင်လို့ ပေးတာ၊ ဦးမိန်းမကို ပေးလိုက်နော်၊ သွားပြီ ..."

"ဟ ... ငါ မယူ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ မငြင်းလိုက်နိုင်ခင်မှာပဲ သူမ စီးသွားမည့် ကားကလေးက ထွက်ခွာသွားခဲ့လေပြီ ... ။ သူ တစ်ခဏတော့ ငေးငေါင်ကာ ကျန်ရစ်ခဲ့ရလေသည်။



(၇)

နှင်းဆွတ်သည် ဘာတွေဖြစ်လာခဲ့သည်၊ ဘာတွေလုပ်မိခဲ့သည် ဆိုတာတွေကို စဉ်းစားလို့ မရလောက်အောင် ထူပူသာခဲ့တာ ဖြစ်သည်။ ရဲရင့် လာခေါ်၍သာ မုန့်ထွက်စားပြီးဈေးထွက် ဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

နှင်းဆွတ် စိတ်ကောက်ပြေစ အချိန်ကလေးမှာမို့ ရဲရင့်က နှင်းဆွတ်အပေါ် အနူးညွှတ်ဆုံး ကြင်နာနေခဲ့ခြင်း ဖြစ်ပါသည်။

ရှုပါမားကတ်ထဲ အတူလျှောက်သွားနေတုန်းမှာဆောင် အများအထင်လွဲအောင် ရင်းနှီးပူးကပ်မနေဘဲ သင့်တင့်သည့် အနေအထားမှာပဲ ရှိခဲ့ကြပါသည်။

နှင်းဆွတ် ကြိုက်သည့် ဖိနပ်ပါးကလေးတစ်ရံကို ရဲရင့်က လက်ဆောင်အဖြစ် ဝယ်ပေးပြီး ဆိုင်ထဲက အထွက်မှာမှ ပြဿနာက စတင်ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အထုပ်တွေ ငါ့ကိုပေးလေ နင်းဆွတ်၊ ငါ ကိုင်လာခဲ့ပေးမယ်"

"တော်ပါပြီဟာ ... ငါ့ဘာသာ သယ်ခဲ့ပါ့မယ်၊ တော်ကြာနေ ဝယ်လည်း ဝယ်ပေးရ၊ သယ်လည်း သယ်ပေးရ ... ဟိုလိုလေ ..."

"ဆံထုံးလည်း စိုက်ရ၊ ဆီလည်းစိုက်ရ ..."

"အင်း ... ဟုတ်တယ်၊ အဲ့ဒီစကားပုံလို ဖြစ်နေပါဦးမယ်"

"ငါက နင့်အပေါ် အဲသလို မြင်မယ့်သူမျိုးမှ မဟုတ်တာ"

"အဲဒါတော့ မသေချာဘူးလေ"

"အံမာ ... နင်ကများ ငါ့ကို"

"ဟား ... ဟား ... ငါ့ကို အိမ်ပြန်ပို့မယ် မဟုတ်လား"

"အေးပေါ့ဟ"

အဲဒီအချိန်ထိ ရဲရင့်နှင့် နင်းဆွတ်တို့ ဘာမှ မသိခဲ့ရသေးပါ။ နောက်နားဆီမှ ခေါ်သံတစ်ခုကို နင်းဆွတ်က သတိမထားမိပေမယ့် ရဲရင့်၏ ခြေလှမ်းများက တုံ့ခနဲ ရပ်တန့်သွားခဲ့လေသည်။

"ကို ..."

အဲ့ဒီ ခေါ်သံက ခြောက်ကပ်နေမှာတော့ သေချာလှလေသည်။ ရဲရင့် ခြေလှမ်းက အနောက်ဘက်လှည့်၍ လားရာပြောင်းကြည့်လိုက်တာမို့ နင်းဆွတ်လည်း လှည့်ကြည့်လိုက်ပါသည်။





"ကို ... ဘာလာလုပ်တာလဲ"

မြတ်ပိုးမို အသံက ခြောက်ကပ်ကပ်ကြီး ထွက်ပေါ်လာသော်လည်း အဖျားသတ်ကလေးမှာ မကျေနပ်ခြင်း၊ ဒေါသထွက်ခြင်းများက တုန်ခါမှု ဖြစ်ပေါ်လာလေသည်။

"ဟို ... ကို နင်းဆွတ်ကို မုန့်ဝယ်ကျွေးနေတာပါ"

"ဩော် ..."

အခြေအနေက တင်းမာနေခဲ့တာမို့ ...

"ရဲရင့် နင် သူ့ကိုပဲ ပြန်ပို့လိုက်တော့၊ ငါ တို့င်းလက်ဝင်ပြီးမှ ထွက်ခဲ့တော့မယ်"

နင်းဆွတ်သည် ပြဿနာ ထပ်မဖြစ်ချင်တာမို့ အိမ်သာထဲ ဝင်လာခဲ့လိုက်ပါသည်။ အိမ်သာမှာက ရှင်းလင်း သပ်ရပ်လှတစ်စုံတစ်ယောက်မှ မရှိတာမို့ လက်ဆေးရင်း နင်းဆွတ်ကို ဖြေလျှော့နေမိသည်။

မြတ်ပိုးမိုက အစုမှ မုန်းစရာ ပိုကောင်းနေခဲ့သလား ...။ ငယ်ငယ်တုန်းက သူဆင်းရဲ သိမ်ငယ်တဲ့ အချိန်တိုင်း ဆွတ်ပဲ အားပေးခဲ့တယ် မဟုတ်လား။ ခု သူက ရည်းစားက်နဲ့ ခပ်စိမ်းစိမ်း မျက်လုံးတွေသုံးပြီး နင်းဆွတ်ကို လာည့်တာ မုန်းဖို့ကောင်းလိုက်တာ။

"နင် တရားလွန်နေတယ် မဟုတ်လား နင်းဆွတ်မိုး"

အသံနှင့်အတူ ရန်လို မာကျောနေသော မြတ်ပိုးမိုာကို မြင်လိုက်ရလေသည်။ မှန်ရိပ်ထဲကနေ တစ်ဆင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရတာမို့ သူ့ဘက်ကို နှင်းဆွတ်က မျက်နှာမူ ရပ်လိုက်ပါသည်။

"ဘာကိုလဲ ..."

"ရဲရင့်ကို နင့်ဘက်ပါလာအောင် မြှူဆွယ်နေတာလေ"

"ဟာ ... ဒါတော့ နင် ဖောင်းသွားပြီ မိုမို၊ ငါနဲ့ ရဲရင့် ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ၊ ဒီလိုပဲ ခင်မင်တယ်၊ သွားလာတယ် ...၊ နင်လည်း အမြဲတွဲလာခဲ့တာပဲ မဟုတ်လား"

"ဟိုတုန်းက သူငယ်ချင်းဆိုပေမယ့် ခု ရဲရင့်က ငါ့ရည်းစား ဖြစ်နေပြီလေ"

"အဲဒါ ဘာလုပ်ရမှာလဲ"

"အနေအထိုင် တတ်ရမယ် မဟုတ်လား"

"အနေအထိုင်၊ ငါတို့နှစ်ယောက် လက်ချင်းချိတ်ထားခဲ့မိလို့လား"

"နင်က ကို့ကို တစ်ဖက်သတ် ဖြစ်နေတာ ငါအကုန်သိထားတယ်"

"ခုနေ နင် ပြန်ပေးရင်တောင် ငါမယူပါဘူး၊ ငါ ရဲရင့်ကို သူငယ်ချင်း အရင်းထက် မပိုဘူး"

"ဟန်ဆောင်ကောင်းမနေပါနဲ့ဟာ ..."

"မိုမို နင် ငါ့ကို အရမ်း စော်ကားလွန်းနေတယ်နော် ..."

"အပြောမခံချင်ရင် ကိုနဲ့ မပတ်သက်နဲ့ ..."





နှင်းဆွတ်သည် လက်သီးကို ကျစ်နေအောင် ဆုပ်ထားမိလေသည်။ နှင်းဆွတ် အသက်ရှူသံတို့ ပြင်းပြနေတာမို့ ရုတ်တရက် ဘာစကားမှမပြောနိုင်၊ မိုမို့ကိုပဲ စိမ်းစိမ်းကြီး စိုက်ကြည့်နေမိလေသည်။

တဖြည်းဖြည်းနဲ့မှ နှုတ်ခမ်းများ လှုပ်ခါလာခဲ့ပြီး ...

"ရဲရင့်ကို နင် နိုင်အောင်ပြောလေ၊ ငါကတော့ ပုံမှန်အတိုင်း နေမှာပဲ"

နှင်းဆွတ်သည် ကိုယ့်အိတ်နှင့် ပစ္စည်းလေးများကို ဆွဲယူလာခဲ့လိုက်ပါသည်။ စိတ်ထဲ၌ ပန်းတွေ ပွင့်လန်းနေတာမဟုတ်တာမို့ မျက်နှာထားကလည်း ကြည်လင်နေမှာတော့မဟုတ်။

အပြင်ရောက်တာနှင့် တွေ့ရတာက ရဲရင့် မျက်နှာ။

စိတ်ပူနေသည့် မျက်နှာကလေးမှန်း သိသာနေလေသည်။

"နင်တို့ ရန်ဖြစ်နေကြတာလား နှင်းဆွတ်"

"မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ငါက စပြီး ဘယ်သူ့ကိုမှ ရန်လိုမှာ မဟုတ်ပါဘူး"

"တစ်ဖက်သတ်ပဲ လိုက်ချစ်နေတော့မယ်တဲ့လေ"

အနောက်ကနေ ထပ်ပြီး ထွက်ပေါ်လာသည့် စကားကြောင့် နှင်းဆွတ် ရင်ထဲမှာ အလွန်ပဲ ဝမ်းနည်းသွားခဲ့ပြီး ရဲရင့် ချက်လုံးများကို ရင်မဆိုင်ရဲလောက်အောင်ပင် ပြာဝေသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဲလာတဲ့ မျက်ရည်များကို ရှက်လှတာမို့ ရဲရင့်ရှေ့ကနေ ပြေးထွက်လာခဲ့မိပါတော့သည်။

ဒေါက်ဖိနပ်လေးက ချွန်မြမြမို့ ကျောက်ပြားခင်းချောပြောင်ပြောင်မှာ နှင်းဆွတ်သည် ကိုယ့်အရှိန် ကိုယ်မထိန်းထားနိုင်ဘဲ လဲကျသွားခဲ့ရပါတော့သည်။

ကံကောင်းသဖြင့်သာ ဦးအရွယ် လူတစ်ယောက်နှင့်ဆုံပြီး နှင်းဆွတ် အရှက်မကွဲခဲ့ရခြင်း ဖြစ်သည်။

အဲ့ဒီ ဦးက အရမ်းသပ်ရပ်ပြီး သဘောကောင်းပုံရတာမို့ နှင်းဆွတ် အားမနာတမ်း အကူအညီ တောင်းခဲ့မိပါသည်။

တက္ကဆီငှားဖို့ လမ်းလယ်ခေါင် နေပူပူမှာ လက်ဆန့်တားပေးလိုက်ပုံလေးကို နှင်းဆွတ် ရယ်ချင်မိသည်။

နှင်းဆွတ် အရမ်းကြိုက်တဲ့ ဖိနပ်ကလေး ပေးခဲ့ရတာတော့ နမြောသလို အရှိသား။

အင်းလေ ... အဲဒီ ဦးမှာ မိန်းမရှိခဲ့ရင်တော့ ဖိနပ်ကလေး ရသွားလို့ ကျေနပ်နေချင် ကျေနပ်မှာပေါ့ ... ။

နှင်းဆွတ်ဘာသာ တစ်ရံ ထပ်ဝယ်စီးလိုက်တော့မည်လေ။

☺ ☺ ☺



(၈)

♥ ♥ ♥

ရေကို မော့သောက် မျိုချလိုက်တဲ့ မမာလာ၏ လည်တိုင်ကလေးက ကျော့ရှင်းနေလေသည်။ အသေအချာ မကြည့်ခဲ့ဖူးပေမယ့် မကြာခဏ တွေ့ဆုံမှုတိုင်းမှာ မမာလာထံ၌ ပြစ်ချက်တစ်စုံတစ်ရာ မတွေ့ခဲ့ရပေ။

သူ့ထက် တစ်နှစ်လောက် အသက်ပိုကြီးတာက လွဲရင် နန်းဆန်ပြီး တည်ငြိမ်သည်။

မေမေက သူနှင့် သဘောတူကြည်ဖြူထားမှန်း သိသော်လည်း သူ့အပေါ် ဘာအခွင့်အရေးမှ မယူ၊ မဆိုးနွဲ့ခဲ့ဖူးပေ။

"ကိုစစ် အလုပ်များနေမယ်လို့တော့ မာလာ တွေးမိပါတယ်၊ ဒါပေမယ့်လည်း ပြောမှဖြစ်မှာမို့ပါ"

သူ ခေါင်းကို မသိမသာ ခါပြလိုက်ရင်းက ...

"မဟုတ်တာ၊ မမာလာ ဆိုင်အထိ ကျွန်တော် လာခဲ့ရမှာပါ၊ ကျွန်တော် လေဆိပ်ကို အရေးတကြီး သွားစရာရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လို့သာ အခုလို မမာလာကို ထွက်လာခိုင်းလိုက်ရတာ၊ အားနာပါတယ်ဗျာ"

"ကျွန်မအတွက် အဆင်ပြေပါတယ်"

"ဗျာ ... ဟုတ်ကဲ့"

"ကိုစစ် အခု နာမည် အရမ်းကြီးနေတယ်"

"စီးပွားရေးသမား အောင်မြင်ရင် မင်းသားနီးပါး နာမည်ကြီးနေတဲ့ ခေတ်ပဲ မမာလာ၊ ကျွန်တော့်မှာတော့ ဒီကိစ္စကို အထူးတလည် မခံစားရပါဘူး"

"စီးပွားရေး မဟုတ်ဘူး ကိုစစ် ...၊ အင်တာနက်သတင်း အဖြစ်ပါ"

"ခင်ဗျာ ... အင်တာနက် သတင်း ..."

"ဟုတ်တယ် ... ဂျန်းရှင်း မော်တင်ကြီးရှေ့ ကားလမ်းဘေးမှာ ရပ်ပြီး တက္ကဆီတစ်စီးကို လက်တားနေတဲ့ ကိုစစ်၊ ဘေးမှာက ခပ်ငယ်ငယ် ကောင်မလေးတစ်ယောက် ဆံပင်လေးတွေက နီနီရဲရဲ ဖရိုဖရဲနဲ့ ..."

"ခင်ဗျာ ..."

"ဘယ်လိုဖြစ်ရတာလဲ ကိုစစ်ရယ် ..."

"ကျွန်တော်လည်း သတိမထားမိပါလားဗျာ"

"မင်းသားနီးပါး နာမည်ကြီးနေတဲ့ ကိုယ့်အဖြစ် ကိုယ် အထူးတလည် မခံစားရဘူးဆိုတဲ့ ကိုစစ်ကို အဲသလိုလည်း အရှက်ခွဲလို့ ရတယ်ပေါ့"





"အဲဒီနေ့က မိန်းကလေး တစ်ယောက် ကျွန်တော့်ရှေ့မှာ ချော်လဲကျတယ်၊ ကျွန်တော် အမြင်မတော်လို့ ကူညီပေးခဲ့တယ်၊ ကားငှားပေးပါဆိုလို့ ငှားပေးလိုက်တယ်၊ အဲဒါပါပဲဗျာ၊ ကျွန်တော် မရှုပ်ပွေခဲ့ပါဘူး"

"ချော်လဲကျတယ်ဆိုတာကရော ကိုစစ် ရှေ့မို့ တမင်လဲပစ်လိုက်တာ မဖြစ်နိုင်ဘူးလား"

"ဗျာ ..."

သူ့ခေါင်းထဲမှာ နည်းနည်းမှ ရှိမထားခဲ့တဲ့ သံသယဖြစ်သည်။

"မဖြစ်နိုင်ပါဘူးဗျာ"

သူ့အသံက ပြတ်သားပြီး အာမခံနိုင်တဲ့ အသံမျိုးတော့ မဟုတ်ပါ။ အားပျော့စွာ ပြောဖြစ်ခြင်း ဖြစ်သည်။

မမာလာ မထိတထိ ပြုံးသည်။

"ကျွန်မ ကိုစစ်ကို ယုံပါတယ်၊ မယုံကြည်လို့ စစ်မေးနေတာ မဟုတ်ပါဘူး၊ ကိုယ့်နောက်ကွယ်မှာ အဲသလို လူမျိုးတွေ ရှိနေတာမို့ အနေအထိုင် ဆင်ခြင်ဖို့ပါ၊ ပြီးတော့ အန်တီ ... အန်တီသိသွားရင် ဒေါသဖြစ်မယ် မဟုတ်လား၊ ကိုစစ် သတိထားဖို့ပါ၊ ဒီလိုတွေ ဝင်ပါလို့ မာလာ့ကို မကျေနပ်ရင်လည်း ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ် ကိုစစ်"



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်တစ်ကြိမ် ခေါင်းခါရပြန်ပါသည်။ အမြဲတမ်း တည်ငြိမ်အောင်၊ လိပ်ပြာသန့်အောင် ရှင်းရှင်းလင်းလင်း နေခဲ့တဲ့ သူက ဒီကိစ္စမှာမှ မမာလာရှေ့မှာ ယုန်သူငယ်လို ဖျပ်ဝပ်နေရပါသည့် အဖြစ် ...။

ချွေးစေးက နဖူးစပ်မှာ မသိမသာကပ်ငြိလာခဲ့သည်။

"မကျေနပ်တာမရှိပါဘူး မမာလာ၊ မေမေ့ရဲ့ ချွေးမလောင်းတစ်ယောက်အနေနဲ့ ပြောပိုင်ခွင့် ရှိပါတယ်၊ ကျွန်တော် လက်ခံပါတယ်"

"အန်တီ့အရှိန်အဝါနဲ့ ကိုစစ်ကို မာလာ လာတွေ့တာ မဟုတ်ပါဘူး၊ တကယ် စိတ်ရင်းအမှန်နဲ့ ခင်လို့ စိတ်ပူပေးတာပါ"

တည်တည်ငြိမ်ငြိမ် ပြောရင်းက မတ်တတ် ထရပ်လိုက်လေသည်။

"ပြန်တော့မလို့လား မမာလာ"

"ကျွန်မတို့ နှစ်ယောက်လုံး မအားကြဘူး မဟုတ်လား"

"ဟိုလေ ..."

"ဟုတ်ကဲ့ ..."

သူက ဆွံ့အပြီးရင်း ထစ်ငေါ့နေပေမယ့် မမာလာကတော့ သူ့မျက်လုံးများကို တည့်တည့် စိုက်ကြည့်လာပါသည်။

"စိတ်ပူပေးတာ ကျေးဇူးတင်ပါတယ် မမာလာ၊ ပြီးတော့ ကျွန်တော့် အသိတစ်ယောက်နဲ့ မမာလာကို မိတ်ဆက်ပေး





ချင်လို့ တစ်ရက်လောက် မနက်တစ်ခင်းစာ အချိန်ပေးလို့ ရမလား ..."

"ရပါတယ် ... ကိုစစ်တို့ဘက်က အချိန် သေချာရွေးပြီးရင် ဖုန်းဆက်လိုက်လေ"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒီကအပြန် အန်တီနဲ့ ဆုံဖြစ်မှာ၊ ကိုစစ် ဘာမှာဦးမလဲ"

"ခင်ဗျာ၊ ဟို ... မေမေ့ကို ..."

"ဟိုကိစ္စ မပြောပါနဲ့လို့ မှာချင်တာလား၊ မာလာ့ကြောင့် သားအမိနှစ်ယောက်ကြား ဘယ်တော့မှ ပြဿနာ မဖြစ်စေရပါဘူး၊ စိတ်ချပါ ... ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ မမာလာ ..."

မမာလာ ထွက်ခွာသွားခဲ့သည့်တိုင် သူ့ခေါင်းတွေ ထူပူနေခဲ့လေသည်။ သူ့စက္ကူထရီ ဇေဇော်က ကားမောင်းရင်းကနေ သူ့ကို နောက်ကြည့်မှန်ထဲမှ လှမ်းကြည့်ကာ ...

"ဆရာ မျက်နှာ အတော်လေး မကောင်းဘူး၊ စိတ်ညစ်စရာ ရှိနေပြီ ထင်တယ်"

"ဇေဇော် မင်း ဆရာ့အကြောင်း ဘာသိထားသေးလဲ"

"ဘာကိုလဲ ဆရာ"

"အင်တာနက် သတင်းဖြစ်ဖြစ်လေ"

"ဪ ... ဆရာ ကားငှားနေတဲ့ ပုံလား"

"ဟာ ... ဟော့ ... မင်း သိပြီးပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ၊ ဆရာ့ရဲ့ အဲဒီမျက်နှာလေးကို ကျွန်တော် ပထမဆုံး မြင်ဖူးတာပါပဲ"

"သောက မိန်းကလေးကရော ..."

"မျက်နှာမပေါ်ဘူး ဆရာ၊ တစ်ခုခု ရှာနေသလို ခေါင်းကြီးငုံ့လို့၊ ဆရာ ရုံးရောက်ရင် ဖွင့်ကြည့်လိုက်လေ ..."

"တော်ပါပြီကွာ ...၊ စိတ်ပျက်လို့"

"စိတ်ပျက်စရာ မဟုတ်ပါဘူး၊ စိတ်ဝင်စားစရာပါ ဆရာရဲ့"

"ဘာ စိတ်ဝင်စားစရာလဲ"

"အသက်ငယ်ငယ် သူငွေးကလေးမှာ ချစ်သူရည်းစား မရှိဘဲ အလုပ်စွဲရောဂါ ဖြစ်နေတာထက်စာရင်တော့ ရည်းစားထားတာ အထာကျပါတယ်"

"ဘယ်က ရည်းစားရမှာလဲကွာ"

"ခင်ဗျာ ..."

သူသည် ကော့ညွတ်နေအောင် ဖြီးသင်ပုံသွင်းထားတဲ့ ဆံပင်များကိုပင် ဖွချင်လောက်အောင် စိတ်ပျက်ကာ အဖြစ်မှန်ကို ပြောပြလိုက်လေသည်။

ဇေဇော်ကတော့ ...

"ဒါ တမင် ဝွင်ဆင်တာ"

ဟု ပြောလေသည်။

☺ ☺ ☺



## (၉)

♥ ♥ ♥

"အန်တီသော် ... မေမေက နှင်းဆွတ်ကို လွှတ်လိုက်လို့၊ အန်တီသော် ငြိမ်ချက်သား ကောင်းနေတယ်တဲ့ ..."

"သြော် ... လာ သမီးလေး၊ ငြိမ်နေတာ မဟုတ်ပါဘူးကွယ်၊ သားက အိမ်မြဲနေတော့ ဘာတွေများ ဖြစ်နေသလဲလို့ စောင့်ကြည့်နေမိလို့ပါကွယ် ...၊ မနန်းကိုတော့ အန်တီ ဖုန်းဆက်လိုက်ပါဦးမယ်"

"ရှဲရှင့် ဘာဖြစ်နေလို့လဲ အန်တီ"

"မသိပါဘူး သမီးရယ်၊ အခန်းထဲမှာ တကုတ်ကုတ်နဲ့"

"သူ့ရည်းစားနဲ့ အဆင်မပြေလို့ နေမှာပေါ့ အန်တီသော်ရယ်"

"မသိပါဘူးကွယ်၊ သမီးပဲ သွားဝင်ပြောကြည့်ပါဦး၊ အန်တီ မနန်းကို ဖုန်းဆက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆွတ်သည် ကိုယ် ငယ်ငယ်လေးကတည်းက တစ်နေ့တစ်ခေါက်မှ မရောက်ရသည်မရှိအောင် လာနေကျ အိမ်ကလေးဆီ ရောက်ခဲ့ပြန်ပါသည်။

အခုတလော ရဲရင့်နှင့် မိုမိုတို့ ဇာတ်လမ်းကြောင့်သာ အနေတွေ ဝေး၍ မရောက်ဖြစ်ခြင်း ဖြစ်သည်။

အပေါ်ထပ်ဆီသို့ တက်သွားရန် ခြေထောက်လေး တစ်ဖက် လှမ်းပြီးသော်လည်း စိတ်မှာ မသိုးမသန့် ဖြစ်လာခဲ့သည်။

စကတ်ပွလေး၏ အိတ်ကပ်ထဲ ထည့်လာခဲ့သော ဖုန်းကလေးကို ထုတ်၍ ရဲရင့်ဖုန်းကို ခေါ်လိုက်သည်။

"ဘာလဲ ..."

"ငါရောက်နေတယ်၊ နှင် အောက်ဆင်းလာခဲ့"

"မဆင်းလာချင်ဘူး၊ ငါ ဝရံတာမှာ ထွက်ရပ်နေတယ်၊ နှင် တက်လာခဲ့ ..."

"ပြီးရော ..."

နှင်းဆွတ်သည် လှေကားထစ်လေးတွေအတိုင်း နင်းတက်လာခဲ့ပြီး ဘုရားခန်းနှင့် ကပ်လျက် တစ်ဖက်က ဝရံတာကြီးဆီ လျှောက်လာခဲ့ပါသည်။

ကိုယ်တော်ချောက ဂီတာကြီးကို ဒေါင်ဒင်ခေါက်ပြီး အချိန်ထိုင်ဖြုန်းနေလေသည်။

"နှင် ဘာလို့ အချိန်ဖြုန်းနေတာလဲ ရဲရင့်၊ လူငယ် တစ်





ယောက်ရဲ့ တစ်မိနစ်တိုင်းဟာ ကမ္ဘာကြီးအတွက် ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ မသိဘူးလား"

ရဲရင့်သည် စိတ်မရှည်သလို မျက်ဝန်းကြီးများဖြင့် ကြည့်လာကာ ...

"ဟာ ... ငါ့ကို ဆရာလာလုပ်ပြန်ပြီလား"

"ဆရာလုပ်တာ မဟုတ်ပါဘူး၊ နှင် ဘာတွေဖြစ်ပြီး အချိန်ဖြုန်းနေရတာလဲဆိုတာ နားမလည်နိုင်လို့ သိပြီလား"

"ငါ ဘာဖြစ်ရမှာလဲ၊ နှင့်ကြောင့်ပေါ့ ..."

"ငါ့ကြောင့် ..."

"မိုနဲ့ ငါ ရန်ဖြစ်ကြတယ်"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ"

"နှင့်ကြောင့်ပေါ့၊ နှင့်ကို မုန့်ဝယ်ကျွေးမိလို့တဲ့"

"ဟဲ့ ... သူလည်း ငါဝယ်ကျွေးတာကို တစ်ဖြုန့်စ်ဖြ စားခဲ့ဖူးတာပဲလေ၊ စိတ်ဆိုးခြင်းဆိုးရင် ငါလည်း ဆိုးလို့ရတာပဲ၊ ငါတို့နှစ်ယောက်ရဲ့ ရိုးသားဖြူစင်မှုကို သူ့ဘာသာ သံသယဖြစ်ပြီး ရန်လိုက်စွာနေတာ မဟုတ်လား"

"သူ သံသယ ဝင်နေတယ်ဆိုတာကို သိလို့ ငါရှင်းပြတယ်၊ မရဘူး၊ နှင့်ကို မခေါ်မပြောတော့မှ ယုံမယ်တဲ့၊ ငါ နှင့်ကို မခေါ်တော့ရင် သူ နှင့်ကို ပြန်ခေါ်မယ်တဲ့ ..."

"ကလေးတွေမှ မဟုတ်တာ၊ သူမခေါ်တော့ ဘာဖြစ်သလဲ၊ နှင်လည်း ငါ့ကို မခေါ်ချင် မခေါ်နဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မနေနိုင်ဘူး ..."

"ဘာကိုလဲ ..."

"နှင်နဲ့ မခေါ်ဘဲ ..."

"မသိတော့ပါဘူး ရဲရင့်ရယ်၊ ငါဦးနှောက်တွေ ခြောက်လာပြီ၊ နှင် လုပ်ချင်သလိုသာ လုပ်တော့ ...၊ ငါ့အနေနဲ့တော့ မြတ်ပိုးမိုကို စိတ်ပျက်တယ်၊ အဲဒါ အမှန်ပဲ၊ ငါပြန်တော့မယ် ...၊ နှင် အခန်းအောင်းမနေဘဲ တစ်ခုခု လုပ်လေ၊ တော်ကြာ နှင်နဲ့သူ ပြတ်ပြီး အသည်းကွဲရောဂါ တိုးနေဦးမယ်"

"နေဦးလေ ..."

နှင်းဆွတ် ပခုံးလေးတစ်ဖက်ကို လှမ်းဆွဲထားလိုက်တာမို့ ရဲရင့်ကို နှင်းဆွတ် မော့ကြည့်မိသည်။

"နှင်ပြောသလိုပဲ ငါတို့သုံးယောက်က အရမ်းဖြူစင်တဲ့ မောင်နှမ သံယောဇဉ်နဲ့ပဲ နေလိုက်ကြရင် ကောင်းသားနော်၊ ငါမှားသွားပြီထင်တယ်"

"ကိုယ် ယုံကြည်ရာကို လျှောက်လုပ်ပြီးမှ နောင်တ ရမနေစမ်းပါနဲ့ ရဲရင့်ရယ်၊ နှင်မမှားပါဘူး၊ အခုနေ မခွဲမခွာမြင်တွေ့ အတူရှိနေကြရပေမယ့် ငါလည်း တစ်နေ့ အိမ်ထောင်ပြုချင် ပြုမှာပေါ့၊ အဝေးကို ထွက်သွားချင် သွားမှာပေါ့"

"နှင်က ဘယ်သူ့ကိုယူပြီး ထွက်သွားမှာလဲ"





"ဒါတော့ ငါ့ဖူးစာရှင်ကို ငါဘယ်လိုလုပ် သိမှာလဲ"

"အေးပါဟာ ... အေးပါ၊ ဟင်း ဟင်း"

"နှင်က ဘာရယ်တာလဲ"

"မသိဘူး၊ နှင်က အိမ်ထောင်ပြုမယ်လေး ဘာလေးနဲ့ လူကြီးစကား ပြောနေတော့ ရယ်ချင်လို့ပါ၊ သြော် ... ငါ မေ့နေတယ်၊ နှင့်ကို ပြောစရာရှိတယ်"

"ဘာလဲ ..."

"အင်တာနက် သတင်းတစ်ပုဒ် ..."

"ဘယ်သူ့အကြောင်းလဲ"

"အဲသီဟ သူဌေး ဦးစစ်ဦးယံ အကြောင်းပေါ့"

"အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ"

"ငါ ဖွင့်ပြမယ်"

ရဲရင့်သည် သူ့ I phone ထဲမှ အင်တာနက်ဖွင့်လိုက်ပြီး mail ထဲ ဝင်လိုက်ပါသည်။ သူ့မျက်နှာက ပြုံးစစဖြစ်နေလေသည်။

"ရော့ ... ဒီပုံကိုကြည့်"

i phone မျက်နှာပြင်မှာ လူတစ်ယောက်ကို အသေအချာကြီးမြင်ရသည်။ ပြီးတော့ သူနှင့် မလှမ်းမကမ်းတွင် ဖရိုဖရဲနှင့် အလုပ်ရှုပ်နေသော မိန်းကလေးတစ်ယောက်လည်း ရှိနေလေသည်။

"အမယ်လေး ... ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က နင်ဝတ်စားလာခဲ့ပုံနဲ့ ကွက်တိပဲ၊ နင် မဟုတ်လား"

"အင်း ... အဲဒီ ဦးနဲ့ တွေ့ခဲ့တာ ဟုတ်ပါတယ်"

"အဲဒါ အဲဒီဟာ သူ့ရွေး"

"ငါမသိဘူး၊ ငါ လုံးဝမသိဘူး"

"သူ့ရွေးကတော့ နင့်ထောင်ချောက်မှာ မိသွားပြီဆိုပြီး နင့်ကို မုန်းနေတော့မှာပဲ"

"ငါ သူ့ကို ဘာထောင်ချောက်မှ မဆင်ခဲ့ပါဘူး"

"ဒါပေမယ့် အဲသလို ဖြစ်သွားတယ်"

"အဲဒါဆို ငါဘာလုပ်ရမှာလဲ၊ သူ ငါ့ကိုလာရှာပြီး ဒုက္ခပေးမှာလား"

"မသိဘူးလေ၊ သူနဲ့တော့ မဆုံဖြစ်အောင် နေပေါ့"

"မမှတ်မိလောက်ဘူး ထင်တယ်၊ ဦးက ငါ့ကို သေချာတောင် မကြည့်ခဲ့ပါဘူး"

"ဦးတဲ့လား ..."

"ဘာဖြစ်လို့လဲ ..."

"ဟင့်အင်း ..."

ရဲရင့်သည် ဖုန်းကိုပိတ်ရင်း တစ်ဖက်လှည့်သွားလေသည်။

ခုနတုန်းက အလာမှာ ဘာမှန်းမသိသော ခံစားချက်သည် အခု အပြန်မှာတော့ ရင်ထဲလေးပင့်၍ လာခဲ့လေသည်။





"မသိလို့ပါ ဦးရယ်၊ အဲသလောက် ချမ်းသာတဲ့ ဦးကို မသိလို့ ခိုင်းခဲ့မိတာပါ၊ သမီးကို ခွင့်လွှတ်ပါ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ဘဝကို ပြောင်းပြန်ဖြစ်သွားအောင် ပြောင်းလဲပစ်လိုက်ဖို့ ဆိုတာ သာမန် သတ္တိနဲ့ မဖြစ်နိုင်ပါဘူး ...
ဒါပေမယ့် ပြောင်းလဲခဲ့မိတယ်၊ အဲဒါ စကားပိုင်းအသေးလေး တစ်ခုကနေ ဖြစ်တည်လာတဲ့ အလောင်းအစားတစ်ခုကြောင့် လား ...
ဒီထက် ပိုသေချာတဲ့ မမြင်နိုင်တဲ့ စွမ်းအား တစ်ခုကြောင့်လား ...
အို ... ဘယ်အရာမှ မသေချာပါဘူး ...
သေချာတာက သူ့အနားကနေ ဘယ်ကိုမှ ထွက်မသွားချင်တော့ဘူး ဆိုတာပါ ..."

'နှင်းဆွတ်မိုး'

(၁၀)

♥ ♥ ♥

"ကျွန်မကို ကြည်ဖြူနဲ့မိတ်ဆက်ပေးရတဲ့ အဓိကအကြောင်းက ဘာလဲ ကိုစစ်"

ဇေဇော်က အရှေ့မှ ကားကို ပုံမှန်ကလေး မောင်းနေခဲ့သည်။

အနောက်ခန်းထဲမှာ ဟိုဘက်ထောင့် တစ်ယောက်၊ ဒီဘက်ထောင့် တစ်ယောက် အနေအထားဖြင့် လိုက်ပါလာခဲ့ကြသူက မမာလာနှင့် သူဖြစ်သည်။

ကန်တော်ကြီး signature ထဲက ထွက်လာကတည်းက ဘာစကားမစခဲ့သော်လည်း အခုမှ မမာလာက မေးခွန်းထုတ်လာခဲ့သည်။

သူ့စိတ်ကတော့ ရှင်းပါသည်။ သူ့ချစ်သူကို တွေ့ချင်ပါသည်ဆိုသည့် ကြည်ဖြူ့ကို မေမေ သဘောတူထားသည့် မောင်လော်နှင့် ပေးတွေ့လိုက်ခြင်းသာ ဖြစ်သည်။

ပုညစင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးနှစ်ဦး၏ မျက်ဝန်းမှ ပြောဆိုခဲ့ကြသော စကားလုံးများကိုတော့ သူ သိပ်နားမလည်ပါ။

မမာလာ စကားဝိုင်းမှ ခဏ ထအသွားမှာတော့ ကြည်ဖြူက တိုးတိုး ကပ်ပြောခဲ့ပါသေးသည်။

"ငါ့သူငယ်ချင်းရဲ့ အသက်အရွယ်နဲ့ဆို ဒီ့ထက်နုငယ်တဲ့ မိန်းမလှလေး တွေ့နိုင်ပါတယ်ဟာ၊ စမတ်ကျပြီး တည်ငြိမ် ထက်မြက်တာကလွဲရင် သိပ်စိတ်ဝင်စားဖို့လည်း မကောင်း ဘူး၊ နင့်အကြိုက်မှ ဟုတ်ရဲ့လား စစ်ဦးရယ်"

သူ ဘာမှ ပြန်မဖြေဖြစ်ပါ။ သူ့ဘဝမှာ သူ့အကြိုက် ဆိုတာမှ မရှိတော့ပဲ ...။ အကြိုက်ဆုံးကလည်း အခု ဝတ္တုတ်ပြ ကြီး ဖြစ်နေခဲ့ပြီ မဟုတ်လား။

"ငါ့အထင်တော့ နင့်နှလုံးသားကြီးက သေနေခဲ့ပြီပဲ ..."

ထိုစကားက သူ့စိတ်ကို တစ်စုံတစ်ခု နှိုးဆွလိုက်ပါသည်။

ဟုတ်ပါသည် ...။ သူ့နှလုံးသားသည် ဖေဖေနှင့် အတူပဲ သေဆုံးသွားခဲ့ပြီလား မသိပါ။

သူသိတာက ဖေဖေ ကျေနပ်အောင် စီးပွားရေးလုပ် ငန်းတွေထဲမှာပဲ အာရုံစိုက်ထားဖို့ ဖြစ်သည်။

ကိုစစ် ..."

"ခင်ဗျာ ..."

"ကျွန်မ မေးထားတာ ကိုစစ် မဖြေရသေးဘူးလေ"





"သြော် ... ကြည်ဖြူက တွေ့ချင်တယ်ဆိုပြီး တောင်းဆို လာလို့ပါ၊ ကျွန်တော်နဲ့ တစ်ချိန် လက်ထပ်မယ့် မိန်း ကလေးကို မြင်ဖူးချင်ရုံသက်သက်ပါပဲ"

"သြော် ... ကျွန်မလေ ကိုစစ် တစ်ယောက် အမြဲတမ်း မအားမလပ်ဖြစ်ပြီး လူကြီးဆန်ဆန်နဲ့ ပျင်းစရာ ကောင်း လိမ့်မယ်လို့ ထင်ထားတာ၊ အခုတော့ ထင်သလိုမဟုတ် ဘူးနော် ..."

မမာလာက သဘောတကျ ပြုံးကာ ပြောလာတာမို့ သူ မျက်ခုံးစိမ်းတန်းများ တွန့်ကွေးသွားပါသည်။ ပျင်းစရာကောင်း လိမ့်မယ်လို့ ထင်ထားတာတဲ့ ...။ ဒီမိန်းကလေး သူ့ကို အထင် သေးတာ မဟုတ်လား ...။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ရည်းစားဟောင်းကို တစ်ချိန် လက်ထပ်မယ့်သူနဲ့ မိတ် ဆက်ပေးဖို့အထိ အချိန်ရနေတာရယ် ...၊ ရည်းစားဟောင်း နဲ့ တွေ့ဆုံတုန်းမှာ ဝတ်တာ စားတာတွေရယ်က မာလာ အရင်မြင်ဖူးတဲ့ပုံစံ မဟုတ်ဘူး၊ လူငယ်ဆန်ပြီး တက်ကြွ နေသလားလို့ပါ"

"ဗျာ ..."

"ဘာလဲ ... ကိုယ့်ဘာသာ မသိတဲ့ကိစ္စ သူများ သိသွားလို့ ရှက်နေတာလား"

"အဲလိုတော့လည်း မဟုတ်ပါဘူးဗျာ၊ ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူသည် မာလာဘက် မလှည့်တော့ဘဲ ရန်ကုန်မြို့ ရှုခင်းတွေဘက်ဆီသို့သာ မျက်နှာမူထားလိုက်တော့သည်။

သူ ရှက်နေတာ မှန်ပါသည်။ ပြီးတော့ သူ့ရဲ့ အားနည်းချက်တိုင်းကို သူက အရင်မသိဘဲ မာမာလာက အရင် တွေ့တွေ့သွားသည့်အတွက်လည်း သိပ်ပြီး မကျေနပ်ချင် ...။

ဒီမိန်းမမျိုးနဲ့ လက်ထပ်ပြီးရင် သူဆင်ပေးတဲ့ ဒီဇိုင်း တွေပဲ ဝတ်ပြီး ဆရာလုပ်သမျှ ခံရမှာကိုလည်း တွေးမိပြီး စိတ် ပျက်သည်။

"အဲ့ဒီကြော်ငြာပိုစတာ သိပ်အသက်ဝင်တာပဲ၊ ဓာတ်ပုံဆရာ တော်တယ်လို့ ထင်တယ် ..."

လက်ညှိုးကလေးက သူ့မျက်နှာရှေ့မှ ဖြတ်ကာ ပိုစတာအကြီးကြီးဆီ ညွှန်ပြပြောလာသည်။ မာလာဘက်ဆီ ကြည့် မိသည်။

အကြည့်ချင်းအဆုံမှာ မမာလာကတော့ မေးကလေး ငေါ့၍ ပိုစတာဆီ ကြည့်စေသည်။

သူ့အကြည့်များ ပိုစတာကြီးဘက်သို့ အလိုလိုကြည့် မိပြီးလျက်သားမှာပဲ မီးပွိုင့်မိ၍ ကားက ရပ်သွားခဲ့ပါသည်။

ထို့ကြောင့်မို့ သူ ပိုစတာကြီးကို အကြာကြီး ကြည့် ခွင့်ရသွားခဲ့ပါသည်။

ဇေဇော်ကလည်း ပုံကိုကြည့်၍ ...

"ဟုတ်တယ်နော် မမာလာ ... အရမ်းလှတယ်၊ လိုချင်တဲ့





ပွိုင့်ကလေးမှာပဲ အလင်းတွေ ဖြာထွက်နေတာ အရမ်းမိုက် တာပဲ၊ ဖိနပ်ကြော်ငြာ ထင်ပါရဲ့၊ ဒါပေမယ့် ဖိနပ်မစီးထား တဲ့ မော်ဒယ်ရဲ့ ခြေထောက်ကလေးက ပိုလှနေသလားလို့ ပါ၊ ကွန်ပျူတာ နည်းစနစ်တွေနဲ့ တအားပြုပြင်ထားတာ နေမှာပေါ့ ..."

"ဟုတ်မယ် ထင်တယ်"

သူ့အမြင်မှာလည်း ဓာတ်ပုံဖန်တီးထားမှုကို သဘော ကျနေမိသည်။ မော်ဒယ်လေးရဲ့ ဘေးတစ်စောင်း မျက်နှာလေးက ဖူးနကာ နန်းဆန်ပြီး လှပနေတာကို မြင်နေရပေမယ့် အရိပ်ကျ နေပုံမျိုး လုပ်ထားသဖြင့် တစ်စုံတစ်ခု လျှို့ဝှက်ထားသလို နက်နဲ စွာ ခံစားရသည်။

လရဲ့အလင်းဟာ ဖိနပ်ကလေးတစ်ရံရဲ့ အနီး တစ် ဝိုက်ကိုသာ နမ်းရှိုက်နေသလိုမျိုးထင်ရအောင် ဖိနပ်နှင့် ခြေထောက် ကလေးမှာ အလင်းပိုထားခဲ့သည်။

ဖိနပ်ကလေးကို သူ မြင်ဖူးသလိုလို ရှိပါသည်။

မော်ဒယ်ရဲ့ ခြေထောက်ကလေးဆီ သူ့အာရုံက တဖြည်းဖြည်း ကျရောက်သွားခဲ့ပါသည်။

အဲဒီအခိုက်အတန့် ထိုစက္ကန့်ပိုင်းကလေးမှာ သူ ငေးမြောသွားလိုမျိုး ဖြစ်သွားခဲ့ပါသည်။

သူ့မျက်တောင်များ စင်းကျ မိန်းမောသွားခဲ့ရပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်က ကားကို ဖြည်းဖြည်းချင်း စတင်မောင်းထွက်ခဲ့ပါသည်။ မမာလာကို ဝင်ပို့ပြီး ဘယ်ကိုမှ မသွားချင်တော့သဖြင့် အိမ်ကိုပဲ ပြန်လာခဲ့ဖြစ်ပါသည်၊

အိမ်ရောက်တော့ မေမေ ရှိမနေတာပဲ ကျေးဇူးတင်ရမည်။ အခန်းထဲကို အမြန်ဝင်လာခဲ့ကာ သူ့ခုတင်အောက်က အံဆွဲထဲမှာ ထည့်သိပ်ထားခဲ့သော ဖိနပ်ဘူးလေးကို ဖွင့်ကြည့်မိလေသည်။

ခြေမနှင့် ခြေညှိုးနေရာလေးမှာ ကျောက်ကြီးကြီးတစ်ခုနှင့် ပြုလုပ်ထားသော ခြေညှပ်စရာလေးတစ်ခုသာ ပါတာရယ်၊ နန်းလုံးသေးသေး ကြိုးမျှင်ကလေးက ခြေကျင်းဝတ်မှာ ပတ်လို့ရတာရယ်၊ ရှင်းလင်းပြီး ဆွဲဆောင်အားကောင်းလှတဲ့ ဖိနပ်အပါး အနက်ရောင်လေးကို သူ မြတ်နိုးစွာ ငေးကြည့်နေမိသည်။

အဲ့ဒီ ဖိနပ်ကြော်ငြာထဲက ခြေထောက်ကလေးဟာ ဒီဖိနပ်ကလေးကို စီးမထားခဲ့ပါဘူး၊ သေားမှာ ရိုးရှင်းစွာ ရပ်နေခဲ့တာပါ ... ။

ခြေသလုံးလေးနဲ့ ခြေခုံမို့မို့လေးမှာ ဖွေးဆွတ် ဖြူလွှနေပြီး ခြေဖဝါးအောက်မှ စပြီး နီရဲနုထွင့်နေခဲ့မှန်း ခြေဖဝါးဘေးပတ်လည်က အသားလေးကို မြင်ရုံနှင့် သိသာနိုင်လေသည်။

အရမ်းလှတာပဲ ခြေထောက်ကလေးရယ်၊ အဲ့ဒီ လှပမှုက ဓာတ်ပုံဆရာရဲ့ လှည့်စားမှုဆိုရင်တောင် ကိုယ် မြတ်နိုးနေမိမှာပါ။





ထိုနေ့ည လူခြေတိတ်ချိန်မှာ သူဟာ အင်းလျားကန်လမ်းရဲ့ လမ်းဘေးတစ်နေရာမှာ ကားကိုရပ်ပြီး ထိုပိုစတာထဲက ခြေထောက်ကလေးကိုပဲ အကြာကြီး ငေးရီရင်း ရင်တွေခုန်နေခဲ့လေသတဲ့။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

❤ ❤ ❤

နှင်းဆွတ်၏ အနီရောင် ဆံပင်များကို ဖွတ်မြီးသေးသေးလေးတွေကျစ်ကာ မျက်နှာပေါ်မှာ ဝဲနေအောင် ဖရိုဖရဲ ချထားခဲ့ပါသည်။

နေပူဒဏ်ကိုရော၊ ရေအစိုဒဏ်ကိုရော ကာကွယ်ပြီးသားဖြစ်အောင် လည်သာသား စကင်နီး ဘောင်းဘီရှည်နှင့် အဖြူရောင် မိုးကာသား အင်္ကျီကြီးကို ခေါင်းထိစွပ်ပတ်ကာ နှင်းဆွတ် သင်္ကြန်ရေပက်ခံ ထွက်လာခဲ့ပါသည်။

ရဲရင့် စီစဉ်သည့်ပွဲမို့ နှင်းဆွတ်က ရှေ့ခန်းမှာ အကျအန ထိုင်လိုက်လာခဲ့သည်။

မျက်နှာလေးမှာလည်း အဖြူရောင် ကိုင်းကြီးကြီးနှင့် နေကာမျက်မှန်ကြီး တပ်ထားတာမို့ ကိုယ့်သူငယ်ချင်းက လွဲပြီး ဘယ်သူကမှ ကိုယ့်ပုံစံအမှန်ကို ဖမ်းလို့ရမှာ မဟုတ်ပေ။

နှင်းဆွတ်တို့ သင်္ကြန်လည်သည့် ကားက မြို့ထဲအနှံ့





ခံလာပြီမို့ အင်းလျားကန်နှင့် မျက်နှာချင်းဆိုင် ပြည်လမ်းမှာရှိသည့် မဏ္ဍာပ်တိုင်းမှာ အကြာကြီး ရေပက်ခံရင်း အဆိုတော်တွေ သီချင်းဆိုနေတာကို ကြည့်နေမိပါသည်။

"နှင်းဆွတ် ... ငါတို့ ဒီမှာ ခဏနားရအောင်၊ ဒီမဏ္ဍာပ်မှာ ဝါးတီးရှိတယ်တဲ့ ..."

ရဲရင့်က ဂျစ်ကလေး၏ အရှေ့မှာပဲ ငြိမ်လိုက်လာခဲ့သော နှင်းဆွတ်အနားသို့ လာပြောခြင်း ဖြစ်သည်။

"ငါတို့နဲ့မှ မသိတာပဲ၊ ဝင်မစားရဲပါဘူး"

"မဟုတ်ဘူး ... နင် ငါ့ဆော်ဒါကြီး ဇေဇော်ကို မှတ်မိလား "

"ဟင့်အင်း ..."

"ဆယ်တန်းတုန်းကလေ၊ ငါတို့ ကျူရှင်ဝိုင်းရဲ့ အောက်ထပ်ဝိုင်းက အစ်ကိုကြီးလေ ..."

"သိတော့သိတယ်၊ ဒါပေမယ့် မမှတ်မိဘူး"

"မမှတ်မိလည်း ကိစ္စမရှိပါဘူး၊ သူက ငါ့ကိုမြင်ပြီး ဝင်စားဖို့ ဖိတ်တာဟ ..."

"အားနာစရာကြီး ..."

"အားနာစရာ မလိုဘူး၊ သူရှူတာလည်း မဟုတ်ဘူး၊ သူ့သူဌေး ရှူတာ ..."

"သူ့သူဌေး ..."



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ ... ဒါ အဲသီဟ မဏ္ဍပ်လေဟာ၊ နင့် ဦး ဖွင့်ထားတဲ့ မဏ္ဍပ် ..."

"ဟုတ်လား ..."

နှင်းဆွတ်သည် ရေပိုက်တွေ၊ ကားတွေ၊ လူတွေ ရှုပ်နေသည်မို့ သတိမထားဖြစ်ခဲ့ရာမှ အခု သတိထားလိုက်မိသည်။

ခြသေ့်ပုံလိုဂိုကြီးနှင့် အဲသီဟဆိုင်းဘုတ်ကြီး ထောင်ထားတာကို အခုမှ တွေ့လိုက်ရတော့သည်။

"ကဲ ... လာ လာ ... သွားစားရအောင်၊ ဘူဖေးလည်း ရတယ်၊ တုတ်ထိုးလည်း ရတယ်တဲ့၊ အသောက်ကလေးလည်း ရှိတော့ နွေးထွေးတာပေါ့ဟာ ..."

"ဦး ရှိနေလား ..."

"ရှိနေမှာပေါ့ဟ၊ သူဌေးကြီးပါမှ ပွဲစည်မှာပေါ့ ..."

"နေဦးလေ ..."

နှင်းဆွတ်သည် ရဲရင့်နောက်ကို ချက်ချင်း လိုက်မသွားရဲသေးဘဲ တွေဝေနေမိပါသည်။ ဦးနှင့် ထိပ်တိုက်တွေ့ရာ အင်အား မရှိပါ။ ကြောက်နေမိပါသည်။ နှင်းဆွတ်ကို မှတ်သွားပြီး တရားစွဲရင် ဘယ်လိုလုပ်မှာလဲ ...။

"နှင်းဆွတ် ... လာလေ"

မြတ်ပိုးမိုက လက်ကလေး ကမ်းပြီး နှင်းဆွတ်ဆီ လာခေါ်တာမို့ နှင်းဆွတ် တွေဝေမနေတော့ပါ။





ကားပေါ်မှ ဆင်းရင်း မိုမို လက်ကိုဆွဲ၍ ကျယ်ဝန်းသော ခြံကျယ်ကြီးထဲ ဝင်လာခဲ့လိုက်ပါသည်။

"ငါနဲ့ နင် ဖြစ်ခဲ့သမျှ မေ့လိုက်ရအောင်နော် နှင်းဆွတ်၊ ငါ ကလေးဆန်ခဲ့တာတွေကို တောင်းပန်ပါတယ် နော်"

"ထားလိုက်ပါဟာ ..."

နှင်းဆွတ်သည် ပခုံးလေးတွန့်ကာ အရာအားလုံး သင်ပုန်းချေလိုက်ပါသည်။ မိုမိုနှင့် နှင်းဆွတ် အဆင်ပြေနေတာကို ကြည့်ပြီး ရဲရင့်က အရမ်းပျော်ရွှင်နေခဲ့လေသည်။

ဘီယာဘူးတွေ ဖောက်ဖောက်ပြီး အပျော်ကဲနေတာမို့ နှင်းဆွတ်က နှာခေါင်းရှုံ့လိုက်ပါသေးသည်။

"ကိုဇေ ... ဒါ ကျွန်တော့် သူငယ်ချင်းတွေလေ၊ သူက နှင်းဆွတ်၊ သူက မိုမို၊ တခြားကောင်တွေလည်း ပါတယ်၊ ဟိုမှာ သွားကဲနေကြတယ်"

"အင်း ... တွေ့ရတာ ဝမ်းသာပါတယ်၊ အစားအသောက်တွေ အားမနာတမ်း စားကြနော်၊ ပြီးရင် အကြိုက်ကလို့ ရတယ်၊ သူဌေးက အားလုံးပျော်ရအောင် စီစဉ်ပေးထားတာပဲ"

"နှင်းဆွတ်တို့ စားလို့ရရဲ့လားဟင်၊ ဟို ... သူဌေးက သူ့ဝန်ထမ်းတွေအတွက်ပဲ စီစဉ်ထားတာ မဟုတ်ဘူးလား"

"ဝန်ထမ်းတွေအတွက်ပဲဆိုပေမယ့် ဝန်ထမ်း အသိုက်အဝန်း



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ရပါတယ်၊ ကိုယ့်မိတ်ဆွေတွေဆို ပိုရတာပေါ့၊ ကိုယ်က သူဌေးရဲ့ စက္ကူထရီလေ၊ သိပ်ရင်းနှီးပါတယ် ...”

“ဩော် ... သူဌေးက စက္ကူထရီကို ယောကျ်ားလေး ထားတယ်နော်၊ သူ့အမျိုးသမီးက စိတ်မချလို့လားဟင် ...”

မိုမိုက သဘောတကျကြီး ကျကာ မေးလိုက်တာမို့ ကိုဇေဇော်က ရယ်သွားပါသည်။

“မဟုတ်ပါဘူး၊ သူဌေးက လူပျိုပါ”

“ဟာ ... လူပျိုကြီးလား”

“အင်း ... အသက် သုံးဆယ်ဆိုတော့ လူပျိုကြီး စာရင်းဝင်ပြီပေါ့”

ရဲရင့်က ဘာမှန်းမသိ နှင်းဆွတ်ကို တစ်မျိုးလေး လာကြည့်နေလေသည်။

“ဘာကြည့်တာလဲ ...”

ရဲရင့်က မဖြေဘဲ ပြုံးရုံပြုံးနေသည်။

“ကဲ ... ညီလေးတို့ ခဏနေဦးနော်၊ ကိုယ် သူဌေးခေါ်လို့ သွားလိုက်ဦးမယ်”

ကိုဇေဇော် ထွက်သွားတော့မှ ရဲရင့်က နှင်းဆွတ် နဖူးလေးကို လာတောက်ပြီး ...

“ဟဲ့ ... ကြားလား၊ လူပျိုကြီးတဲ့ ...”

“အဲ့ဒါ ဘာဖြစ်လဲ ...”





“ဟိုးမှာ ... စင်ပေါ်မှာ ကောင်မလေးတွေနဲ့ တွဲကနေတယ်၊ အရမ်းလန်းတယ်၊ လေယာဉ်မယ်ကလေးတွေနဲ့ ထင်တယ်၊ အရမ်းကြည့်လို့ ကောင်းတာပဲ”

နှင်းဆွတ်သည် အသားကင်ကြီးကို ကိုင်ဆွဲရင်းကမှ စင်ပေါ်မှာ ကနေတယ်ဆိုတဲ့ ဦးကို ငေးကြည့်လိုက်မိပါသည်။

ဦးသည် ပေါ့ပါးလွတ်လပ်စွာ ရယ်မောရင်း သူ့ဝန်ထမ်းတွေနဲ့ ရင်းနှီးစွာ ရှိနေပါသည်။

ဦးမျက်နှာက နှင်းဆွတ်ကို ကားငှားပေးတုန်းကလို တင်းမာမနေဘဲ လူငယ်လေးလို နုငယ်နေခဲ့သည်။

နှင်းဆွတ် ငေးမောနေမိတုန်းမှာပဲ ဦးရဲ့ မျက်ဝန်းတွေက ဒီဘက်ဆီ ကျရောက်ဝဲဖြာတာလာမို့ နှင်းဆွတ် အမြန်ဆုံး ကျောခိုင်းလိုက်ရပါသည်။

အသားကင်ကြီးကို မေ့မေ့လျော့လျော့ ကိုက်ဝါးနေရင်း စိတ်တွေ မလုံမခြုံ ခံစားနေရလေသည်။

“နှင်းဆွတ် ... နင် မရှိုးသားတော့ဘူး”

နှင်းဆွတ်၏ ခန္ဓာကိုယ်လေးသည် ဆတ်ခနဲ တွန့်သွားခဲ့ပါသည်။ ရင်ထဲ တလှပ်လှပ်နှင့်တုန်ကာ လည်ချောင်းမှာ အသားက နင်နေသည်။

“နှင်းဆွတ် ဟုတ်တယ် မဟုတ်လား”

“နင် သဘောကျနေပြီ မဟုတ်လား”

“ဘာတွေ လာပြောနေတာလဲ ရဲရင့်ရယ် ...”



www.burmeseclassic.com

www.burmeseclassic.com



"နင် ရအောင် ကြိုးစားကြည့်ပါလား၊ နင် ရရင် နင်လို ချင်တာ ငါဝယ်ပေးမယ်"

"ရဲရင့် ငါက မိန်းကလေးနော်"

"အေးလေ ...၊ နင်က မိန်းကလေးမို့ ငါပြောတာပေါ့၊ အခုထိ လူပျိုကြီးဆိုတော့ မိန်းကလေးတွေအားလုံး လိပ်ပြာသန့်စွာ စိတ်ဝင်စားခွင့် ရှိတယ်၊ ငါပြောတာ ဟုတ် မဟုတ် သူ့ဘေးက မိန်းကလေးတွေကို ကြည့်ပါလား၊ ဝိုင်းနေတယ် မဟုတ်လား၊ မလောက်လေး မလောက်စားတွေ မပါဘူးနော်၊ တကယ့် ထိပ်ခေါင်တင်တွေကြီးပဲ ..."

"ငါ့ကို အဲသလို အတူတူ မထင်စေချင်ဘူး၊ ပြီးတော့ သူ ရည်ရွယ်ထားတဲ့သူ ရှိပြီးလောက်ပြီ ..."

"မရှိသေးဘူး၊ ငါ ကိုဇော့ကို မေးပြီးပြီ"

နှင်းဆွတ်သည် မယုံသင်္ကာစွာဖြင့် ရဲရင့်ကို ကြည့်ကာ နှုတ်ခမ်းစူလိုက်မိပါသည်။ နေကာမျက်မှန် ချွတ်ပြီး ကြည့်မိတော့မှ ရဲရင့်၏ သရော်တော်တော်အပြုံးတွေက မှုန်းစရာကောင်းနေလေသည်။

"လောင်းမလား ... သူ့မှာ ရည်းစား ရှိမရှိ"

"ဝါသနာ မပါဘူး၊ မလောင်းချင်လို့ ရေပက်ခံထွက်လာတာ သဘောပေါက် ..."

"ဟား ... ဟား ... နင့်ကိုယ်နင် လှတယ်လို့ ယုံတယ်ဆို၊





သိပ်ကို မိန်းမပီသတယ်လို့ အာမခံတယ်ဆို၊ အဲဒါဆို နင့်ကိုယ်နင် ယုံကြည်မှု ရှိရမှာပေါ့၊ အခုတော့ ကြောက်နေပြီပေါ့ ... ဟုတ်လား၊ အေးလေ ... သူ့ရှေ့တည့်တည့် ချော်လဲကျတဲ့ မိန်းကလေးကို ကြည့်တောင်မသွားဘူးဆိုတော့ သူ့ဒွေး မျက်လုံးထဲမှာ နင်က တန်ဖိုးမရှိလို့ပေါ့"

"ရဲရင့် နင် လွန်လာပြီနော်၊ အေး ... လောင်းမယ်၊ အဲဒီ သူဒွေး ငါ့ကို လက်ထပ်လာချင်ရမယ်၊ လက်ထပ်ဖြစ်ကို ဖြစ်ရမယ်"

နှင်းဆွတ်သည် တင်းကြပ်စွာ ပြောချလိုက်ပါသည်။ တ်ခမ်းတွေက အေးစက်လာ၍လား၊ ဒေါသကြောင့်လား မသိ န်ယင်လာခဲ့ပါလေပြီ ...။

ရှက်စိတ်ကြောင့်လည်း မျက်ရည်က ဝဲနေခဲ့သည်။

"ဘာဖြစ်နေကြတာလဲ ..."

မိုမိုက တစ်နေရာမှ ပြန်ရောက်လာပြီး နှင်းဆွတ် လေးကို ဆုပ်ကိုင်မေးလာသည်။

ရဲရင့်နှင့် နှင်းဆွတ်သည် တစ်ယောက်ကို တစ် ယာက် အကြာကြီး စိုက်ကြည့်နေမိသည်။ အထူးသဖြင့် နှင်းဆွတ် ကျင်စွာ ကြည့်နေမိသည်။

ငါသိတယ် ...။ နင့်အနားမှာ ကပ်ငြိနေမှာစိုးလို့၊ နင် လွတ်လပ်ရအောင် ငါ့ကို ဒီနည်းနဲ့ အဝေးကို တွန်း တာ ...။ ဖြစ်ရစေရယ် ... နင်နဲ့ဝေးဝေး အဲဒီ သူဒွေးရဲ့ ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲအထိ ငါအရောက်သွားပြမယ်။ ပြီးရင် သူဌေးကြီးရဲ့ ရင်ခွင်တံခါးကို ဖွင့်ပြီး နင့်ကို ငါ ဟားတိုက်နေမယ်။

"နှင်းဆွတ် ငါ နောက်လိုက်တာ အရမ်းလွန်သွားလို့လား၊ နင့် စိန်ခေါ်မှုက အရမ်းပြင်းထန်လွန်းတယ်ဟာ၊ အေးလေ နင့်သဘောပါပဲ၊ နင်နိုင်ရင် ငါဘာလုပ်ပေးရမလဲ ... ပြော"

"နင် ဘယ်တော့မှ လက်မထပ်ရဘူး"

"ဘာ ... ဒါတော့ ဘယ်ဖြစ်မလဲ၊ ငါက တစ်ဦးတည်းသောသားလေ ..."

"ငါ့ကို အခုကတည်းက နင် ကြောက်သလား ရဲရင့်"

"အိုကေ ... ငါ ယောကျ်ားကတိ တည်မယ်၊ နင်ရှုံးရင် ..."

"နင့်လိုပဲ ငါလည်း လက်မထပ်ဘူး"

နှင်းဆွတ်သည် ပြတ်သားစွာ ရေရွတ်လိုက်ပါသည်။

အဲဒီအချိန်မှာ နှင်းဆွတ်ရဲ့ ပစ်မှတ် သူဌေးကြီး စစ်ဦးယံသည် သကြင်္န်သီချင်းကို စတိုင်ကျကျ သီဆိုနေခဲ့လေသည်။



(၁၂)

မေတ္တာပို့ အမျှဝေပြီးချိန်နှင့်အကိုက် မေမေက ဘုရားခန်းထဲသို့ ဝင်လာခဲ့ပါသည်။ မေမေ့လက်ထဲမှာ နှင်းဆွတ် သောက်ဖို့ နွားနို့ တစ်ခွက် ပါလာခဲ့လေသည်။

ညဆို ဘယ်လောက် အိပ်ငိုက်ငိုက် နွားနို့ပူပူလေး တစ်ခွက် သောက်ပြီးမှ အိပ်ဖို့ မေမေက စည်းကမ်းထုတ်ထားခဲ့ပါသည်။

"သမီး မအိပ်သေးပါဘူး မေမေရယ်၊ စာကျက်ရဦးမှာပါ၊ စာကျက်ပြီးရင် သမီး ထည့်သောက်မှာပေါ့ ..."

"သိတော့ သိတယ်၊ ဒါပေမယ့် မေမေ သမီးကို ပြောစရာရှိလို့ ..."

"ပြောစရာ ...၊ ဘာများလဲ မေမေ"

"သမီး အစ်မ ဖူးသစ်မိုး အကြောင်းပါ"

"မမ ဘာဖြစ်လို့လဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက နှင်းဆွတ် ဆံပင်ကလေးများကို ပွတ်သပ်ပေးရင်းကမှ နွားနို့ခွက်ကလေးကို လက်ထဲအထိ ထည့်ပေးလာသည်။

နှင်းဆွတ်သည်လည်း နို့ကို အဝမော့သောက်ချလိုက်ပြီး မေမေ ဆက်လာမည့် စကားကို စောင့်မျှော်နေလိုက်ပါသည်။

"ဖူးသစ် ... ကလေးယူတော့မယ်တဲ့"

"ဟုတ်လား ... ကောင်းတာပေါ့ မေမေ၊ အခု ကိုယ်ဝန်ရှိနေပြီလား ..."

"အင်း ... လေးပတ်လောက် ရှိပြီတဲ့"

"ဖေဖေလည်း ဝမ်းသာနေမှာပေါ့၊ မမ ကလေးရဖို့ ဘယ်လောက်တောင် တောင့်တခဲ့တာလဲ မှတ်မိပါသေးတယ်"

"အေးလေ ... ဟုတ်ပါရဲ့၊ သမီးရယ် ... သမီး ဖေဖေနဲ့ ခဲအိုက မေမေ့ကို ဂျပန်လိုက်ခဲ့ပါလို့ ခေါ်ကြတယ်"

"ဘာဖြစ်လို့လဲ မေမေ ..."

"ဖူးသစ်ကို စိတ်မချလို့တဲ့၊ အဖေရော၊ ယောကျ်ားရော အိမ်မှာမရှိတုန်း ဖူးသစ်တစ်ယောက်တည်း အိမ်အလုပ်တွေ လျှောက်လုပ်နေမှာ စိုးလို့တဲ့ ..."

"ဩော် ... မေမေက မမကို လာစောင့်ရှောက်ပေးပါပေါ့၊ အဲသလိုလား"

"အင်းပေါ့ ... ဖူးသစ်ကလည်း မေမေရှိနေတော့ ပိုအားရှိတာပေါ့ သမီးရယ်"





"မမ မွေးပြီးမှ မေမေ ပြန်လာမယ်ဆို တစ်နှစ်လောက်တော့ ကြာမယ်မဟုတ်လား၊ ဒါဆို သမီးကရော ဘယ်သူနဲ့ နေရမှာလဲ ..."

နှင်းဆွတ်သည် မေမေ့ကို ကလီချင်သေးသဖြင့် တစ်ယောက်တည်း နေမကျန်ရဲသလို မျက်နှာလေးငယ်ငယ်ဖြင့် ညည်းလိုက်ပါသည်။

"သမီး ဒေါ်လေးကို ခေါ်ပေးရမလား"

"အပျိုကြီးနဲ့ မနေချင်ပါဘူး မေမေရယ်"

"ဒါဆို ..."

စဉ်းစားရင်း အကြံခက်နေသော မေမေ့ လည်ပင်းကို ဖက်ကာ နှင်းဆွတ် နှုတ်ခမ်းလေးများက မေမေ့ပါးကို ဖိကပ်နမ်းနေပါသေးသည်။

"ဟင်း ... ဟင်း ... စတာပါ မေမေရယ်၊ သမီးက ကလေးလေးမှ မဟုတ်တော့တာ၊ အသက် နှစ်ဆယ် ရှိနေပြီပဲ ...၊ မေမေ သင်ထားပေးလို့ အိမ်မှုကိစ္စအားလုံး နိုင်နင်းနေတာပဲ၊ ညရေးညတာအတွက်တော့ ရဲရင့်တို့အိမ်က နွဲ့လေးကို ခေါ်အိပ်လိုက်မယ်လေ၊ မပူပါနဲ့ ...၊ စိတ်ချလက်ချ သွား ...၊ အင်း ... မမကိုလည်း တွေ့ရမှာ၊ ဖေဖေ့ကိုလည်း တွေ့ရမှာဆိုတော့ မေမေ ပျော်နေမှာပါ"

"ဟယ် ... ကလေးလေး ဘာတွေ ပြောနေတာလဲ"

"မဟုတ်လို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘာမှမပြောတော့ဘဲ ခေါင်းငုံ့သွားသည်။ မေမေ့ နှုတ်ခမ်းများက ပြုံးရိပ်တွေ ဝေဖြာနေလေသည်။

"နွားနို့ခွက် ကိုယ့်ဘာသာ ဆေးလိုက်တော့ ..."

မေမေ ရှက်ရှက်နှင့် ဘုရားခန်းထဲမှ ထပြေးသွားတော့ နှင်းဆွတ် သဘောအကျကြီး ကျမိပါသေးသည်။

မေမေနဲ့ ဖေဖေ တွေ့ဆုံကြရမှာကို နှင်းဆွတ်လည်း ဝမ်းသာနေမိပါသည်။ ဖေဖေ ဂျပန်မှာ အလုပ်သွားလုပ်ခဲ့သည်မှာ ဆယ်စုနှစ် တစ်ခု ရှိလာခဲ့ပြီဖြစ်ပါသည်။ ဒီကြားထဲမှာ တစ်ခါသာ အိမ်ပြန်လာခဲ့ရလေသည်။

ဖေဖေတစ်ယောက်တည်း နေပြီး အသစ်တွေ့ကာ မေမေ့ကို ထားသွားမှာစိုးသဖြင့် နှင်းဆွတ် မမ ဖူးသစ်မိုးက ဖေဖေ့နောက် လိုက်သွားခဲ့ခြင်း ဖြစ်သည်။

အဲဒီနောက်တော့ ဖေဖေ့ကို အချစ်သစ်တွေ့မှာစိုးတဲ့ မမဖူးသစ်မိုးတစ်ယောက် အချစ်စစ်တွေ့ကာ အိမ်ထောင်ကျသွားခဲ့လေသည်။

အလုပ်အကိုင်တွေ အဆင်ပြေ အတည်တကျရှိလာသည့် ယခုအချိန်ကျမှ မမ ကလေးယူခဲ့ခြင်း ဖြစ်သည်။

မမဘဝကလည်း သူ့ဘာသာသူတော့ အဆင်ပြေပြီး ပျော်စရာကောင်းပါသည်။

နှင်းဆွတ်မိုးကသာ အေးအေးချမ်းချမ်းနှင့် ဘာမှန်းမသိသေးတဲ့ ဘဝကို ဖြတ်သန်းနေခြင်း ဖြစ်သည်။





အင်္ဂလိပ် စကားပြောသင်တန်းတွေလည်း တက်ထားသည်။ ကွန်ပျူတာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် သုံးနိုင်သည်။ ဒါပေမယ့် အခုထိ အလုပ်လုပ်ခွင့် မရသေး ...။ ကိုယ်တိုင်ကလည်း ဘာအလုပ်ကို ဝါသနာပါပြီး ဘာတွေလုပ်ချင်မှန်းလည်း မသိသေး ...။

မေမေ့ရဲ့ ကြီးမားသော မဟာစီမံကိန်းကြီးကတော့ အိမ်မှုကိစ္စ နိုင်နင်းပြီး ချောမောနူးညံ့တဲ့ သမီးရတနာလေးကို မတောင့်မတ မကြောင့်မကြစေဘဲ တခမ်းတနား လက်ထပ်ယူနိုင်တဲ့ သမက်ကလေးနှင့် လက်ဆက်ပေးလိုခြင်း ဖြစ်ပါသည်။

"ရည်းစား ထားချင်ရင်လည်း ပြော ...၊ ဒါပေမယ့် မေမေ အရင်ကြည့်ပြီးမှ သမီး စဉ်းစားရမယ်"

ဆိုပြီး နှင်းဆွတ်ရဲ့ စိတ်တွေကို မေမေ ထိန်းချုပ်ထားပေးခဲ့သည်။

မေမေ၏ သမက်ရှာပုံတော် ဇာတ်လမ်းကြီး မဆက်နိုင်မယ့် ဒီတစ်နှစ်အတွင်း နှင်းဆွတ် နားအေးပါးအေး ရှိရတော့မှာမို့ ကျေနပ်ပါသေးသည်။

"တီ ... တီ ... တီ"

ဘာမေတ္တာဘွဲ့ ... ဘာအချစ်သံမှ မပါသော ဖုန်းမြည်သံကလေးက နှင်းဆွတ်၏ အာရုံဆီ တိုးဝင်ရောက်ရှိလာပါသည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ ... ပြော"

"ဟာ ... အသံကြီးကလည်း မာလိုက်တာ၊ အိပ်နေပြီလား"

"မအိပ်သေးဘူး ..."

"ဘာလုပ်နေတာလဲ ..."

"ဘာလုပ်လုပ်ပေါ့ ..."

"ငါ သိပြီ၊ အလောင်းအစား ... အင်း ... ကြားလို့မကောင်းဘူး၊ ဂိမ်းလို့ပဲသုံးမယ်နော်၊ ဂိမ်းပွဲမှာ နိုင်အောင် ဘာနည်းလမ်းတွေ သုံးရင် ကောင်းမလဲ စဉ်းစားနေတာလား ..."

နှင်းဆွတ်သည် ကိုယ်တစ်ယောက်တည်း နေရင်အေးချမ်းစွာဖြင့် မေ့လျော့နေသော ကိစ္စအား ရဲရင့်က သတိပေးလိုက်ခြင်းအတွက် စိတ်မှာ အပြင်းအထန် အနှောင့်အယှက် ဖြစ်သွားရလေသည်။

နှုတ်ခမ်းတွေကို ဖိကိုက်လိုက်ပြီး ...

"ငါ့ကို အဲ့ဒီအကြောင်း ခဏ ခဏ မပြောနဲ့ ..."

"စောစောစီးစီး ပန်းပေးပြီး ပွဲသိမ်းလိုက်ပါလား နှင်းဆွတ်ရယ်၊ ငါနဲ့ နင်က ဟန်လုပ်ရမယ့်သူတွေ မို့လို့လား"

"ငါ အရှုံးမပေးပါဘူး၊ နင့်ကို ငါ နိုင်ကိုနိုင်ရမှာ သိပြီလား ..."

"ဟာ ... ကြောက်စရာကြီးပါလား၊ အေး ... လုပ် ... လုပ်ကြည့်ကြသေးတာပေါ့ ... ဟား ... ဟား"





ရဲရင့်၏ ရယ်သံက နှင်းဆွတ်၏ မာနကို စက်ဖြင့်လှည့်ဆွဲယူနေသလို အသွားထက်လှသည်။ စိတ်ဆိုး ဒေါသဖြစ်စွာနှင့် ဖုန်းကို ကြမ်းပေါ်သို့ ဆောင့်ချပစ်လိုက်မိပါတော့သည်။

☺ ☺ ☺



www.burmeseclassic.com

## (၁၃)

"ဒေါ်ပြုံး ဘယ်သွားမလို့လဲ ...၊ ရွာပြန်ဦးမလို့လား"

သူသည် အထုပ်ကလေး ဘေးချရင်း မေမေ့ကို ထိုင်ရှိခိုးနေသော ဒေါ်ပြုံးကို လှမ်းမေးလိုက်ပါသည်။ ဒေါ်ပြုံးက ရှိခိုးပြီးနောက် သူ့ဘက်လှည့်ကာ ...

"ဟုတ်ပါတယ် ဆရာ၊ ဒေါ်ပြုံး သားလေးက တပ်ထဲဝင်သွားပြီဆိုတော့ အမေကို အလုပ်မလုပ်စေချင်တော့ဘူးလေ၊ အဲဒါကြောင့် ဒေါ်ပြုံး အလုပ်ထွက်ပြီး ရွာပြန်တော့မလို့ပါ၊ မေမေကြီးကလည်း ခွင့်ပြုပေးလို့ပါ"

မေမေကလည်း သူ့ကိုကြည့်လာရင်းက ...

"ဟုတ်တယ် သားရဲ့ ...၊ ဗိုလ်လောင်းတစ်ယောက်ရဲ့ အမေ ဖြစ်ပြီဆိုတော့လည်း အေးအေးချမ်းချမ်း ရှိသင့်ပြီပေါ့၊ မေမေ ခွင့်ပြုလိုက်တာပါ"

"ဒေါ်ပြုံး ရှိမှ မေမေ အဆင်ပြေတယ်ဆို၊ မေမေ အခု





တလော လေးဘက်နာ ပြန်ဖြစ်နေတယ် မဟုတ်လား၊ အဲဒါကြောင့် သား စိတ်ပူသွားတာပါ"

"နေမကောင်းတာကတော့ ဒီလိုပါပဲ သားရယ်၊ မေမေ့အတွက်က သားရှိရင် ဖြစ်ပါတယ်၊ ဒါပေမယ့် ဒေါ်ပြုံး သားအတွက် ဝေယျာဝစ္စလုပ်ပေးဖို့ လူလိုတယ်၊ ဒေါ်ပြုံး ပြန်သွားရင်လည်း အိမ်အကူတစ်ယောက်လောက် မေမေကြီးကို ရှာပေးပါဦးကွယ်၊ ငယ်လည်း ငယ်ပစေ ရတယ်၊ အကျင့်စာရိတ္တလေး ကောင်းရင် ရပြီ၊ အစပိုင်းတော့ မေမေကြီးပဲ သင်ပေးမှာပေါ့၊ အိမ်ကြီးက ကြီးပြီး မေမေကြီးတို့က သားအမိနှစ်ယောက်တည်းပဲ၊ သိပ်ပင်ပင်ပန်းပန်း မခိုင်းပါဘူး"

"ဟုတ်ကဲ့ မေမေကြီး၊ ကျွန်မ ရွာရောက်ရင် လူရှာပြီး ကျွန်မကိုယ်တိုင် လာပို့ပေးပါ့မယ်၊ အသက် ငယ်ငယ်ကြီးကြီး ရတယ် မဟုတ်လား မေမေကြီး"

မေမေက တွေးတွေးဆဆလေး ခေါင်းညိတ်ပြရင်းက ...

"အေးပေါ့ ... ကလေးကလားမရှိတဲ့ လူလွတ်ဆို ပိုကောင်းတာပေါ့ကွယ်၊ ခဏ ခဏ ရွာပြန်စရာမလိုတဲ့ လူမျိုးပေါ့"

"ဟုတ်ကဲ့ မေမေကြီး၊ ကျွန်မ သိပါပြီ ..."

"အေး ... အေး ... ရော့ ဒါ ဒေါ်ပြုံးအတွက် မေမေကြီး ဆုပေးတာ၊ သုံးချင်တာသုံး ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဒေါ်ပြုံးလက်ထဲသို့ ထောင်တန် သုံးအုပ် ထည့်ပေးတာမို့ ဒေါ်ပြုံးက ဝမ်းသာစွာဖြင့် ထပ်မံ လက်အုပ်ချီလိုက်ပါသေးသည်။

"ကျေးဇူးတင်ပါတယ် မေမေကြီးရယ်၊ ကျွန်မ အလုပ်လုပ်လာတဲ့ အိမ်တွေ အများကြီးထဲမှာ မေမေကြီးနဲ့ ဆရာတို့ အိမ်မှာ အလုပ်လုပ်ရတာ စိတ်အချမ်းသာဆုံးပါပဲရှင် ..."

"ဒေါ်ပြုံးကလည်း ကျွန်တော်တို့ မိသားစုအတွက် တန်ဖိုးရှိခဲ့ပါတယ်၊ ကဲ ... အခု ဘူတာရုံဘက် သွားမှာမဟုတ်လား၊ ဒရိုင်ဘာကြီးကို လိုက်ပို့ခိုင်းလိုက်မယ်"

"ဟို ... နေပါစေ ဆရာရယ်၊ ကျွန်မ တူမလေးတစ်ယောက်နဲ့ ခဏ သွားတွေ့ချင်သေးလို့ပါ၊ အငှားကားနဲ့ပဲ သွားလိုက်ပါ့မယ်၊ မေမေကြီး ကျွန်မ သွားပြီနော်"

"ကောင်းပါပြီ ဒေါ်ပြုံးရယ်"

ဒေါ်ပြုံးသည် သူ့အိတ်ကလေးကို ဆွဲကာ အိမ်ထဲမှ ထွက်သွားခဲ့ပါသည်။ သူက မေမေ့ဘေးအနား ဆိုဖာမှာ ကပ်ထိုင်လိုက်ပြီး ...

"စီးပွားရေးကို တစ်ခုက နှစ်ခု ပွားအောင် သားလုပ်နိုင်တယ် မေမေ၊ အိမ်အကူကောင်းကောင်း တစ်ယောက် ရှာတွေ့ဖို့က မလွယ်ဘူးနော်"

"ဒီလိုပဲပေါ့ သားရယ်၊ မကြာခင် ရှာတွေ့မှာပါ၊ မေမေ့ တစ်ယောက်အတွက်က အလုပ်သမားရယ် ဘာရယ် မလို





ပါဘူးကွယ်၊ သား ဝေယျာဝစ္စအတွက်ပဲ မေမေ စိတ်ပူတာပါ၊ အဲဒါကြောင့် အိမ်ထောင်မြန်မြန်ပြုတော့လို့ မေမေ ပြောတာပေါ့ ..."

မေမေကလည်း ဘာပဲပြောပြော ဒီဘူတာပဲ ဆိုက်လာတာပဲဟူသော အကြည့်ကလေးဖြင့် သူ့လှမ်းကြည့်မိပါသည်။

"သား မိန်းကလေးတွေကို စိတ်မဝင်စားလို့ပါ မေမေ"

"အလိုတော် ... မေမေကလည်း သား မိန်းကလေးတွေတိုင်းကို စိတ်ဝင်စားခိုင်းတာ မဟုတ်ပါဘူး၊ မာလာလေး တစ်ယောက်တည်းကိုပဲ စိတ်ဝင်စားခိုင်းတာပါ"

"သား စဉ်းစားပါရစေဦး မေမေ"

"သား စဉ်းစားနေတာ ကြာလှပြီ ..."

သူ ထိုင်နေရာမှ ထရပ်လိုက်ရပါပြီ ...။ ဆက်ထိုင်နေလျှင် မေမေနှင့် စကားနိုင်လုဖို့ သူ မနိုင်မှာစိုးသောကြောင့် ဖြစ်ပါသည်။ စာကြည့်ခန်းထဲသို့ ဝင်လာကာ ဖေဖေ့ ဓာတ်ပုံကြီးကို ကြည့်ပြီး သူ ပြုံးပြလိုက်ပါတော့သည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

♥ ♥ ♥

ရဲရင့်နှင့် နှင်းဆွတ်သည် ခြံထဲတွင် အတူထိုင်ကာ ကွာစေ့ကိုက်ရင်း စကားပြောနေချိန် ဖြစ်ပါသည်။ ခြံရှေ့မှာ ကားကလေးတစ်စီး ရပ်လာပြီး အဒေါ်ကြီးတစ်ယောက် ဆင်းလာတာ၊ အော်ခေါ်လိုက်တာ အားလုံးကို နှင်းဆွတ် မြင်သိနေပါသည်။

နှင်းဆွတ်က ခြံတံခါးဝဆီ ပြေးသွားလိုက်ပြီး အဒေါ်ကြီးကို မေးလိုက်ပါသည်။

"နွဲ့နွဲ့ကို တွေ့ချင်လို့လား ဒေါ်ဒေါ်"

"အေး ... ဟုတ်တယ် သမီးရဲ့၊ ဒေါ်ပြုံးက နွဲ့နွဲ့အဒေါ်ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကြွပါ၊ နှင်းဆွတ် တံခါးဖွင့်ပေးပါ့မယ်"

နှင်းဆွတ် တံခါးဖွင့်ပေးလိုက်သောအခါ ဒေါ်ပြုံးက အထုပ်ကြီး တစ်ထုပ်ဆွဲ၍ ဝင်လာပါသည်။

"ရဲရင့် နွဲ့နွဲ့ အဒေါ် လာတယ်၊ နင် သွားခေါ်ပေးလိုက်"





ရဲရင့်က ကွာစေ့ကိုက်ရင်း တန်းလန်းက စကားမပြောဘဲ အိမ်ထဲသို့ ဝင်သွားခဲ့သည်။

"အိမ်ထဲ လိုက်မဝင်တော့ဘူးကွယ်၊ ဒီနားမှာပဲ နွဲ့နွဲ့နဲ့ ခဏ စကားပြောပြီး ပြန်မှာပါ"

"ရဲရင့်ရေ ... နွဲ့နွဲ့ကို ခြံထဲဆင်းလာခဲ့လို့ ..."

"အေး ... အေး၊ နင်ကကော ဘာလုပ်နေတာလဲ၊ လာလေ သရဲဂိမ်း ဆော့မယ်"

"နေပါဦး ... အိမ်ထဲမှာ ပူလို့ဟ၊ ဒီမှာပဲ ထိုင်ချင်တာ"

"အဲ့ဒီမှာ နွဲ့နွဲ့တို့ တူဝရီး စကားပြောကြမှာလေ၊ နင်က ဘာသွားရှုပ်မလို့လဲ ..."

"ဩော် ... ဟုတ်သားပဲ၊ ဟီး ... ဟီး"

နှင်းဆွတ်သည် ကွာစေ့ထုပ်ကလေး ကောက်ယူပြီး အထ၌ ...

"အို ... နေပါ သမီးလေးရဲ့၊ ဒေါ်ပြုံးတို့အတွက် ဘာမှ မဖြစ်ပါဘူး၊ ခဏလေး နှုတ်ဆက်ပြီး ပြန်မှာပါ"

"ဟုတ်လား ... ဒါဆို ပြီးရောလေ ဒေါ်ပြုံး"

ရဲရင့်က ချက်ချင်း ထလိုက်မလာသေးသော နှင်းဆွတ်ကို လက်ခါပြပြီး ထွက်သွားလေသည်။ နှင်းဆွတ်က လျှာထုတ်ပြပြီး ပြောင်ပြလိုက်ပါသည်။

"သမီးလေးက နွဲ့နွဲ့ရဲ့ မမလေးလားကွယ့်"

"အင်း ... မဟုတ်တော့ မဟုတ်ပါဘူး၊ သမီးက ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



ခြံကပါ၊ ဒီကို လာလည်တာ၊ အခုတော့ သမီး အမေ နိုင်ငံခြားသွားနေလို့ နွဲ့နွဲ့က သမီးနဲ့ လာလာအိပ်ပေးတယ်၊ ဘယ်လိုပြောမလဲ ... အငှား မမလေးပေါ့၊ ဟင်း ... ဟင်း"

"သြော် ... အငှား မမလေးတဲ့လား၊ စကားပြောတာ ချစ်စရာလေးနော်၊ ကျောင်းပြီးသွားပြီလား ကွယ့်"

"ဟုတ်ကဲ့ ... ဘွဲ့ရပြီးပါပြီ"

"သြော် ... ဒေါ်ပြုံးသားလေးနဲ့ ရွယ်တူပဲ သိလား၊ ဒေါ်ပြုံးသားလေးက အခုဆို ဗိုလ်သင်တန်း ဆင်းတော့မှာ"

"ဟုတ်လား၊ ဒေါ်ဒေါ် ပျော်နေမှာပေါ့"

"အေးပေါ့ ... သိပ်ပျော်တာပေါ့ကွယ်၊ သင်တန်းဆင်းပွဲကို လိုက်သွားချင်လို့ တစ်ခါတည်း အလုပ်ထွက်လာခဲ့တာလေ၊ ပြန်တော့မလို့ ...၊ ဗိုလ်လေး အမေက သူများအိမ်မှာ အိမ်ဖော်လုပ်နေတယ် ဆိုပြီး သားလေး မျက်နှာငယ်ရမှာ စိုးလို့ပါ ..."

"ဟုတ်လား ... ဒေါ်ဒေါ်"

"ဟယ် ... မမလေးနဲ့ ဒေါ်ပြုံးက စကားလက်ဆုံကျနေကြတာပဲ၊ နွဲ့နွဲ့ ခြံထဲဆင်းလာတာတောင် မတွေ့ကြဘူး"

"အေးကွယ် ... ဒီသမီးလေးက ဖြူဖြူစင်စင်လေးနဲ့ ချစ်စရာလေးမို့ ခင်သွားမိလို့ပါ၊ သူဌေးသမီးလေးဆိုပြီး မာနလည်း မကြီးဘူး၊ ဒေါ်ပြုံးတို့လို ပညာမတတ်တဲ့ မိန်းမကြီးနဲ့လည်း စကားပြောတာပဲ"





နွဲ့နွဲ့ ရောက်လာပြီး စကားပြောနေပြီမို့ နှင်းဆွတ်က ဒီအတိုင်းလေး ငေးနေမိပါသည်။ သူများအိမ်က အိမ်ဖော်ဆိုပေမယ့် အဒေါ်ကြီးက သန့်သန့်ပြန့်ပြန့်နှင့် သိက္ခာရှိရှိ ပုံပန်းသဏ္ဍာန်လေးပင်။

"မမလေးက အဲလိုပဲ ဒေါ်ပြုံးရဲ့၊ အရမ်း စိတ်ကောင်းရှိတာ"

"ကဲ ... ငါ့ကို မြှောက်မနေပါနဲ့ နွဲ့နွဲ့ရယ်၊ နင့်ဘာသာ ဒေါ်ဒေါ်နဲ့ စကားပြောပါ၊ ငါ ဒေါ်ဒေါ့်အတွက် အအေး ဖျော်လိုက်ဦးမယ်"

"အို ... နေပါစေ သမီးလေးရယ်၊ အခုပဲ သူဌေးအိမ်မှာ စားသောက်ပြီး ထွက်လာခဲ့တာ ဗိုက်တင်းနေပါပြီကွယ်၊ ကျေးဇူးတင်ပါတယ်"

အဒေါ်ကြီးက နှင်းဆွတ် လက်ကိုဆွဲပြီး ထိုင်နေစေခဲ့တာမို့ ဆက်ထိုင်နေဖြစ်ခဲ့ပါသည်။

"ရွာပြန်တော့မလို့လား ဒေါ်ပြုံး"

"အေး ... သိတဲ့အတိုင်းပဲလေ၊ ညည်းမောင်က အမေကို အလုပ်မလုပ်စေချင်တော့ဘူးလေ၊ ဒေါ်ပြုံးလည်း သားဆန္ဒကြောင့်သာ ထွက်ရတာပါကွယ်၊ ခု သူဌေးက အရမ်းစိတ်ကောင်းရှိတယ်၊ ခုလည်း ပြန်မယ်ဆိုတော့ မေမေကြီးက သုံးသိန်း မုန့်ဖိုးပေးတယ်၊ သူ့သားကလည်း ဘူတာကြီးထိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့မယ် ပြောတာ၊ တူမလေး သွားတွေ့ချင်သေးလို့ပါ ဆိုမှ နေခဲ့တာ ...”

“အေးလေ ... သဘောကောင်းတဲ့ သူတွေပဲကိုး”

“ညည်းရော အဆင်ပြေရဲ့လား”

“ပြေပါတယ်၊ ညည မမလေးနဲ့ သွားအိပ်ရင် နားပူတာက လွဲလို့ပေါ့”

“အံမယ် ... ငါဘာလုပ်လို့လဲ”

“သီချင်း နားထောင်လွန်းလို့ပါ”

“ဟွန့် ... နွဲ့နွဲ့နော်”

“ဟဲ ... ဟဲ ... စတာပါ မမလေးရယ်၊ ဒေါ်ပြုံး ကျွန်မ အရမ်းအဆင်ပြေပါတယ်၊ စိတ်မပူဖို့လည်း ကျွန်မ အမေကို ပြောလိုက်ပါဦးနော်”

“အေးပါဟယ်၊ ဒေါ်ပြုံး မကြာခင် ရန်ကုန်ကို ပြန်လာရဦး မှာလေ”

“ဘာလို့လဲ ဒေါ်ပြုံးရဲ့”

“အခု ဒေါ်ပြုံး သူဌေးတို့ အိမ်အတွက် လူလာပို့ရမယ်လေ၊ ဒေါ်ပြုံး ထွက်လာတော့ အလုပ်သမား မရှိတော့ဘူးကွယ့်၊ ခြံစောင့်နဲ့ ဒရိုင်ဘာကြီးက သူဌေးတို့ကို ဘာမှ ချက်ပြုတ် ကျွေးနိုင်မှာ မဟုတ်ဘူး၊ အဲဒါ ကောင်မလေးတစ်ယောက် ရှာပို့ပေးရမယ်”





“ဒေါ်ပြုံး သူဌေးအိမ်မှာ လူများလား၊ နွဲ့နွဲ့ကတော့ ဒီမှာ အန်တီသော်ရယ်၊ ဦးရယ်၊ အစ်ကိုလေး ရဲရင့်ရယ်၊ အဆစ် အနေနဲ့က ဟောဒီ မမလေးရယ် ... ဒါပဲ”

“သားအမိ နှစ်ယောက်တည်းလေအေ ...၊ သူဌေးလေးက လည်း နေ့တိုင်း ကုမ္ပဏီ သွားနေရတာ၊ သူ့အလုပ်က လေယာဉ်ပျံမောင်းတဲ့ အလုပ်ဆိုလားပဲ၊ သူဌေး စစ်ဦးယံ ဆို စီးပွားရေးလောက တစ်ခုလုံး သိကြတယ်လို့ မေမေ ကြီးက ပြောပြဖူးတယ်အေ့ ...”

“နွဲ့နွဲ့တို့ကတော့ ဘာသူဌေးမှ မသိပါဘူးတော်၊ ကိုယ် အလုပ်လုပ်မှ ထမင်းစားရတာဆိုတော့ သူများအကြောင်း စပ်စုချိန်မရပါဘူး”

နွဲ့နွဲ့ အပြောကြောင့် နှင်းဆွတ်သည်ပင် စိတ်မလုံ မခြုံ ဖြစ်သွားရတော့သည်။

နှင်းဆွတ်တို့က အလုပ်မလုပ်လည်း ထမင်းစားနေ ရတာဆိုတော့ သူဌေးစစ်ဦးယံကို သိနေသလိုလိုပင်။

“အေးပေါ့လေ ... ညည်းလည်း အလုပ်ကြိုးစား၊ ရွာက မောင်လေးတွေကို ရှင်ပြုပေးရဦးမယ် မဟုတ်လား”

“ဟုတ်ကဲ့ပါ ဒေါ်ပြုံးရယ်”

“အေး ... ဒေါ်ပြုံး သွားတော့မယ်၊ သမီးလေး ဒေါ်ပြုံး ပြန်မယ်နော်”

“ဟုတ်ကဲ့ ... ဒေါ်ပြုံး”



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆွတ်ကို နှုတ်ဆက်ပြီး ဒေါ်ပြုံးတို့ တူဝရီး ခြံဝ ထွက်သွားကြလေသည်။

နှင်းဆွတ်သည် ထိုနေရာလေးမှာပင် တိတ်ဆိတ်စွာ ကျန်ခဲ့တော့လေသည်။ ဒေါ်ပြုံး သဘောကျပါသည်ဆိုတဲ့၊ စိတ်ကောင်းရှိလှပါသည်ဆိုတဲ့ အိမ်က သူဌေးစစ်ဦးယံ အိမ်တဲ့ ...။

စကြားကြားခြင်းမှာ နှင်းဆွတ်ရင်တွေ သိပ်ကို ခုန်သွားမိရပါသည်။

"ဟေး ... အပေါ်မလေး၊ လာ ဂိမ်း ... ဂိမ်းဆော့မယ်"

ရဲရင့်သည် အပေါ်ထပ် ဝရံတာဆီမှ လှမ်းအော်ခေါ်နေခဲ့ပါသည်။ နှင်းဆွတ်က ထိုင်နေရာ နေရာမှ ရဲရင့်ကို လှမ်းပြုံးပြရင်း ...

"ဂိမ်း ..."

"အင်း ... ဆော့မယ်၊ ငါ နိုင်အောင် ဆော့မယ်ဟာ၊ ဖြစ်မလား"

ဟု ပြောနေလိုက်ပါသည်။ နှင်းဆွတ် တစ်ယောက် ကြားရုံသာ ပြောတာမို့ ရဲရင့်က ...

"နင် ဘာတွေပြောနေတာလဲ"

ဟု လှမ်းမေးနေပါသည်။

☺ ☺ ☺



(၁၅)

♥ ♥ ♥

"နှဲ့နှဲ့ မအိပ်နဲ့ဦး၊ ထ ..."

"ဟာ ... မမလေးရာ၊ ဘာစားချင်သေးလို့လဲ၊ ည ဆယ်နာရီခွဲနေပြီနော်၊ အိပ်ခါနီး မုန့်စားရင် ဝလာမယ်"

"အမယ်လေး ... ငါသိပါတယ်၊ ငါ ဗိုက်ဆာလို့မဟုတ်ပါဘူး၊ အကြံတစ်ခု ရသွားလို့ပါ"

နှဲ့နှဲ့သည် စောင်ကို ပြန်ဆွဲ ခေါင်းမှုးခြုံလိုက်ပြီး သမ်းပင် သမ်းလိုက်ပါသေးသည်။

"ဝါး ... အကျန်လည်း မစားတော့ပါဘူး မမလေးရယ်၊ မနက်ကျမှ ပဲပြုတ်နဲ့ကြော်ပြီး ပူပူနွေးနွေး စားလိုက်ပါ့မယ်"

နှင်းဆွတ်သည် နှဲ့နှဲ့ ပြောသည့် စကားအလွဲကြီးကြောင့် ကြောင်တောင်တောင်ကလေးပင် ဖြစ်သွားခဲ့ပါသည်။

"မဟုတ်ပါဘူး ... အိုင်ဒီယာအသစ် ရတယ်လို့ ပြောတာဟဲ့၊ ခဏထစမ်းပါဟာ ...၊ ငါ နင့်အကူအညီ လိုလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အကူအညီ ... ဘာလဲ ပြော"

နွဲ့နွဲ့က မျက်လုံးမဖွင့်ဘဲ ထထိုင်ပြီး မေးလာပါသည်။ နှင်းဆွတ်ကတော့ လုံးဝ မအိပ်ချင်ဘဲ တက်ကြွလန်းဆန်းနေခဲ့ပါသည်။

"ဒေါ်ပြုံးကို ရန်ကုန်ပြန်လာဖို့ ဖုန်းဆက်ပေးပါ နွဲ့နွဲ့"

"ရှမ် ..."

"ဒေါ်ပြုံးကို ပြန်ခေါ်ပေးလို့"

"ဘာဖြစ်လို့လဲ၊ သူ့သား ပြန်ခိုင်းလို့ မနေ့တစ်နေ့ကမှ ပြန်သွားတဲ့ ဥစ္စာ"

နွဲ့နွဲ့သည် ဘာတွေလဲဟူသောသဘောနှင့် နှင်းဆွတ်ကို ကြောင်ပြူးကြည့်နေပါသည်။

"ခဏလေးပဲ ... ခေါ်ခိုင်းတာပါ"

"မမလေး ဘာလုပ်ချင်လို့လဲ"

"ဒေါ်ပြုံးလာရင် ပြောပြမယ်"

"ဟုတ်ကဲ့ပါ ..."

"ရော့ ... ဖုန်း"

"ဘာလုပ်ဖို့လဲ"

"ခု ဖုန်းဆက်လေ"

"ဒီအချိန် အငှားဆိုင်တွေ ပိတ်ပြီ မမလေးရဲ့၊ မမလေးတို့လို ဖုန်းဆက်ချင်တိုင်း ဆက်လို့ရတဲ့ သူဌေးတွေမှ မဟုတ်တာ၊ သူများဖုန်းနဲ့ ငှားပြောရတာတော့ ..."

ပုည ● င် ● ၁ ဆု ဝ် တိုက်



"မသိလို့ပါ"

"ကဲ ... အိပ်၊ မနက်စောစော ထပြီး နွဲ့နွဲ့ ဆက်ပေးမယ်နော်"

"အေး ... ပြီးရော၊ လိမ္မာတယ်"

နွဲ့နွဲ့က ပြန်လှဲချပြီး ခေါင်းမြီးခြုံသွားတာမို့ နှင်းဆွတ် ကျိတ်ရယ်လိုက်ပါသည်။

နှင်းဆွတ် ခေါင်းထဲမှာ အကြံအစည်တွေနှင့် ဆူပွက်နေလေသည်။ ပျော်လည်း ပျော်နေလေသည်။ အိပ်ရေးဝဝ အိပ်လိုက်ပြီးသော နောက်တစ်နေ့ မနက်တွင် နွဲ့နွဲ့က ကတိအတိုင်း ဖုန်းဆက်ပေးခဲ့ပါသည်။ နောက်တစ်နေ့ ညနေစောင်း အချိန်မှာတော့ ဒေါ်ပြုံး နှင်းဆွတ်ထံကို ရောက်လာခဲ့ပါတော့သည်။

"ဒေါ်ပြုံးကို အခေါ်ခိုင်းတယ်ဆိုတော့ ဘာများဖြစ်သလဲ စိတ်ပူသွားတာပဲ သမီးရယ် ..."

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒေါ်ပြုံးဆီက အကူအညီလေး လိုချင်လို့ပါ"

"ဘာကူညီပေးရမလဲကွယ်"

"ဒေါ်ပြုံး အရင်လုပ်ခဲ့တဲ့ အိမ်က အလုပ်သမား လိုတယ်ဆို"

"ဟုတ်တယ် ...၊ ဒေါ်ပြုံးလည်း လူရှာနေတာပဲ၊ ဘာလဲ သမီးအသိထဲမှာ လုပ်ချင်တဲ့လူ ရှိလို့လား"

"အင်း ..."

ပုည ● င် ● ၁ ဆု ဝ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် ရှိမှာလဲ ဒေါ်ပြုံးရယ်၊ သူဌေးသမီးရဲ့ အသိထဲမှာ အိမ်ဖော်လုပ်ချင်တဲ့လူ ရှိပါ့မလား၊ စဉ်းစားပြီးမှပဲ မေးပါဦး"

နွဲ့နွဲ့က စွာတေးလန် ဝင်လုပ်နေတာမို့ နှင်းဆွတ်က မျက်စောင်းထိုးရပါသေးသည်။

"ရှိတယ် ဒေါ်ပြုံး၊ သူက အချက်အပြုတ်လည်း ကောင်းတယ်၊ အိမ်သန့်ရှင်းရေး၊ မီးပူတိုက် အကုန်လာထား၊ စိတ်ချရတယ်၊ သွက်လည်း သွက်တယ်"

"အကျင့်စာရိတ္တရော ..."

"လုံးဝ စိတ်ချရတယ်၊ သူများပစ္စည်း လုံးဝ စိတ်မဝင်စားဘူး၊ တကယ် ..."

"ငယ်လား ..."

"နှစ်ဆယ့်တစ်နှစ်"

"ငယ်သားပဲ၊ နာမည်ကရော ..."

"ဟို ... သမီးပဲ"

"ဟေ ..."

"ဘာပြောတယ် မမလေး ..."

ဒေါ်ပြုံးနှင့် နွဲ့နွဲ့၏ မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားခဲ့လေသည်။

"ဒေါ်ပြုံး မျက်စိလည်နေလို့ ဖြည်းဖြည်း ပြောပါလား သမီးရယ်"





"သမီး သူဌေး စစ်ဦးယံ အိမ်မှာ အလုပ်သွားလုပ်ချင်ပါတယ် ဒေါ်ပြုံးရယ်၊ အဲဒါ ဒေါ်ပြုံးက သမီးကို သူ့အိမ် လိုက်ပို့ပေးပါ၊ ရွာကခေါ်လာတာ ဆိုပြီးတော့ပေါ့ ..."

"ဖြစ်ပါ့မလား၊ လုပ်ရမှာက အောက်ခြေသိမ်းနော်၊ သူဌေးရဲ့ အဝတ်အစားတွေပါ လျှော်ရမှာနော်၊ အကုန်လုံး လုပ်ပေးရမှာ၊ အတွင်းဝတ်က အစ ..."

ဒေါ်ပြုံးကြီးက အကြံအိုက်သွားရာမှ ပြောလိုက်သော စကားကြီးကြောင့် နှင်းဆွတ် အသည်းအေးသွားရပါသည်။

အတွင်းဝတ်က အစတဲ့ ...။ ဖေဖေ့ အဝတ်အစား ခွပ်ကျယ်လေးတောင် လျှော်မပေးခဲ့ဖူးတဲ့ နှင်းဆွတ် ... တကယ် လုပ်ရမယ့် အလုပ်တဲ့ ...။

"ရပါတယ်၊ အလုပ်တစ်ခုရရင် ဖြစ်ပါတယ်"

"မမလေးမှာ ထမင်းစရိတ် မကျန်တော့လို့လား၊ အဲ့ဒါဆိုလည်း ကိုရဲရင့်တို့ အိမ်မှာ ပြောင်းနေလိုက်ပေါ့ မမလေးရယ်၊ တခြားမှာ အိမ်ဖော်တော့ မလုပ်ပါနဲ့ ..."

"တော်စမ်း ... နွဲ့နွဲ့၊ ရဲရင့်နဲ့ အန်တီသော် လုံးဝမသိစေနဲ့"

"သမီးက ဒီလောက် ချမ်းသာတာ ဘာလို့ ဒီအလုပ်လုပ်မှာလဲ၊ လျှောက်မလုပ်ပါနဲ့ကွယ်၊ ဒေါ်ပြုံး မမြှောက်ပေးရဲဘူး၊ ကြောက်တယ် ..."

"မကြောက်ပါနဲ့ ဒေါ်ပြုံးရယ်၊ အမှု မပတ်စေပါဘူး၊ စိတ်ချပါ ... သမီး ပြဿနာ လုံးဝမရှာပါဘူး၊ သမီး သူဌေး



www.burmeseclassic.com

www.burmeseclassic.com



စစ်ဦးယံဆီက တောင်းစရာလေးတစ်ခု ရှိလို့ပါ၊ အဲဒါရရင် မလုပ်တော့ပါဘူး၊ ဘုရားစူးပါ"

နှင်းဆွတ်က လက်အုပ်ကလေးချီပြီး တောင်းပန်တော့ ဒေါ်ပြုံး ချွေးပြန်လာခဲ့သည်။

"သမီးက ဘာတောင်းမလို့လဲ ...၊ ဒေါ်ပြုံး တောင်းပေးမယ်လေ"

"ဟိုလေ ... အလုပ်ပါ၊ သူ့အဲလိုင်းမှာ ဝန်ထမ်းဖြစ်ချင်လို့ သွားလျှောက်တာ သမီးကို မရွေးဘူး၊ သူက ခင်မင်တဲ့ လူတွေရဲ့ သားသမီးတွေကိုပဲ အလုပ်ခန့်တာတဲ့လေ၊ အဲဒါကြောင့် သူနဲ့ခင်အောင်လုပ်၊ သူသဘောကျမှ အလုပ်တစ်နေရာ တောင်းမလို့ပါ"

"ဩော် ... ဒီလိုလား"

"မမလေးက အလုပ်မလုပ်လည်း ထမင်းစားရတာပဲမဟုတ်လား၊ ဘာတွေ လုပ်ဦးမလို့လဲ ..."

"အလုပ်မလုပ်ပဲ ထမင်းစားရင် လူဖြစ်ရှုံးတယ်ဟဲ့၊ လူမှန်ရင် အလုပ်ရှိရမယ်၊ ဆင်းရဲရဲ ချမ်းသာသာပေါ့"

နွဲ့နွဲ့ကို လှမ်းဟောက်ရင်း နှင်းဆွတ် လက်အုပ်အချီလေးက မပြေသေးပေ။ ဒေါ်ပြုံးဆီက အကူအညီရဖို့ နှင်းဆွတ် ချွေးစို့အောင် ဉာဏ်ဆင်နေရလေသည်။

"ကဲ ... ကဲ ... ဒေါ်ပြုံး ကူညီပါ့မယ်ကွယ်"

"ကျေး ... ကျေးဇူးတင်ပါတယ် ဒေါ်ပြုံးရယ်"





"ဒါပေမယ့် ကတိ တစ်ခု ပေးရမယ်"

"ဟုတ်ကဲ့ ..."

"မေမေကြီးတို့ သားအမိ ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ရဘူး"

"အဲ့ဒီ ကတိ ပေးနိုင်ပါတယ် ဒေါ်ပြုံးရယ်"

"အေးလေ ... ဒါဆို သွားတာပေါ့"

ဒေါ်ပြုံး မတ်တတ်ထရပ်တော့ နှင်းဆွတ်လည်း ထရပ်လိုက်ပါသည်။

"နွဲ့နွဲ့ ငါနဲ့ လာအိပ်စရာ မလိုတော့ဘူးဆိုတော့ နင်ပျော်မှာပါ၊ ရဲရင့်တို့ကို ငါ့ဘာသာ ကြည့်ပြောခဲ့မယ်၊ နင် လုံးဝ သွားမပြောရဘူးနော်၊ ရော့ ... ငါ့ဟန်းဖုန်း နင်ယူလိုက်၊ အပိုင်ပေးတယ်"

"တကယ် ... တကယ်လား မမလေး၊ အလုပ်ပြုတ်လာရင်ရော"

"ပြန်မယူတော့ဘူး၊ ဒါပေမယ့် အင်္ကျီလေး တစ်စုံတော့ ငါ့ကို ပေးလိုက်ပါလား"

"ဘာအင်္ကျီလဲ ..."

"နင့် အင်္ကျီ၊ အစုတ်ထဲက ..."

"ဩော် ... သိပြီ၊ သိပြီ ... အိမ်ဖော်ရုပ်ထွက်အောင်"

"အေး ... နင် တော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နွဲ့နွဲ့ အကျီပြန်ပြေးယူတဲ့အချိန်မှာ ဒေါ်ပြုံး သက်ပြင်းချလိုက်ပါသည်။ အခုခေတ် ကလေးတွေများ မလွယ်ပါလား ဆိုသည့် အတွေးကလေးနှင့် ဖြစ်သည်။



## (၁၆)

"သား ရုံးသွားတော့မှာလား ..."

"အခုချက်ချင်း သွားဖို့ မလိုသေးဘူး မေမေ၊ အချိန်ရပါတယ်၊ မေမေဘာခိုင်းမလို့လဲဟင်၊ သား ဘာလုပ်ပေးရမလဲ"

ထမင်းစားခန်းအတွင်း မနက်စာ အတူစားနေရာမှ မေမေနှင့် သူ စကားပြောဖြစ်ခဲ့ပါသည်။ မေမေက နွားနို့လေးကို မှုတ်သောက်ရင်း ...

"မခိုင်းပါဘူး သားရယ်၊ ဒီနေ့ မနက် ဒေါ်ပြုံး ဖုန်းဆက်လာတဲ့အကြောင်း ပြောပြမလို့ပါ"

"ဘာတဲ့လဲ မေမေ"

"လူရှာတွေ့ပြီတဲ့ ... ခေါ်လာရမလားတဲ့၊ အေး ... ခေါ်လာလို့ ပြောလိုက်တယ်၊ အလုပ်သမား မြန်မြန်ရတော့ သားလည်း ရုံးသွားရင် မေမေ့ကို နောက်ဆံမတင်းရတော့ဘူးပေါ့"

www.burmeseclassic.com



သူ ခေါင်းညိတ်ပြလိုက်ရင်း ...

"ဒါပေါ့ မေမေ၊ ဘယ်တော့ ရောက်မလဲ"

"ဒီမနက်ပဲ ရောက်မယ်တဲ့ ...၊ အဲဒါ သားလည်း ရုံးမှာ အရေးမကြီးရင် ကြည့်သွားဦးလို့ ပြောမလို့ ..."

"မသွားသေးဘူး မေမေ၊ အခြေအနေ ကြည့်သွားလိုက်ပါ့မယ်"

"ဟော ... ခြံရှေ့မှာ ကားသံကြားတယ် သား ..."

သူနှင့် မေမေ အတူတူပင် ခြံဝသို့ အာရုံရောက်သွားကြပါသည်။ တအောင့်အကြာမှာ မာလီ ဦးဗလက အိမ်ထဲဝင်လာခဲ့ပြီး ...

"ဒေါ်ပြုံး ရောက်လာပြီ မေမေကြီး"

"အေး ... မေမေကြီး ထွက်ခဲ့မယ်၊ ဧည့်ခန်းထဲက စောင့်နေလို့"

"ဟုတ်ကဲ့ ... မေမေကြီး"

ဦးဗလ ပြန်ထွက်သွားသည့်အခါ မေမေက မနက်စာ စားခြင်းကို လက်စသတ်လိုက်ပြီး နေရာမှ ထပါသည်။

"ဒူးခေါင်းက နာတယ် သားရယ်၊ ကျွတ် ... ကျွတ်"

"ဖြည်းဖြည်း လျှောက်ပါ မေမေ၊ လာ ... သားကူတွဲပေးပါ့မယ်"

သူသည် မေမေ့ ပခုံးလေးကို ခပ်ဖွဖွလေး ကိုင်၍ ကူတွဲလျှောက်ကာ ဧည့်ခန်းထဲသို့ ခေါ်လာခဲ့ပါသည်။ ဧည့်ခန်း





ထဲ၌ အသင့်ရောက်နေကြပြီးသော လူရိပ်နှစ်ခုက တိတ်ဆိတ်စွာ အခြေအနေကို စောင့်ကြည့်နေကြပါသည်။

မေမေ ဆိုဖာပေါ်မှာ နေရာတကျ ထိုင်ပြီးသည့် အချိန်မှာ သူက ခပ်လှမ်းလှမ်းတွင် နေရာယူလိုက်ပါသည်။ ဒေါ်ပြုံးထံမှ စကားသံက တိတ်ဆိတ်ခြင်းကို ထိုးဖောက်ပြီး ပေါ်လာပါသည်။

"မေမေကြီး သက်သာပါရဲ့လား"

"မသက်သာဘူး ဒေါ်ပြုံးရဲ့၊ အပေါ်ထပ်နဲ့ အောက်ထပ်ကို ဆင်းလိုက် တက်လိုက် လုပ်ရတာလည်း အဆင်မပြေတော့ဘူး၊ အသက်ကြီးတော့လည်း အဲလိုပဲ ခံရမှာပေါ့ ဒေါ်ပြုံးရယ်၊ ကဲ ... ဒီကလေးမလေးလား မေမေကြီးတို့အတွက် ..."

မေမေ့ အမေးနှင့်အတူ သူကလည်း ကလေးမဆိုသည့် တစ်ယောက်ကို လှမ်းကြည့်လိုက်ပါသည်။

တစ်ကိုယ်လုံး သနပ်ခါးထူထူ လိမ်းထားသည်မှာ ဖြူဖွေးဥလို့နေသည်။ ပါးပေါ်မှာ ဖြစ်သလို ကွက်ထားသော ပါးကွက်ကြီး နှစ်ကွက်က ထူပျစ်၍ နေလေသည်။ လက်ချောင်းတုတ်တုတ်ကလေးတွေက ကြမ်းပြင်မှာ တဒေါက်ဒေါက်ဖြင့် အသံထွက်အောင် ခေါက်နေသည်။ အမည်းရောင် ပွယောင်းယောင်း ဆံပင်ကြီးကို နှစ်ဖက်ခွဲစည်းကာ ရင်ဘတ်ပေါ်တွင် ဒီအတိုင်း ချထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီပွပွကြီးကြောင့် ဤသူငယ်မ ပိန်သလား၊ ဝသလား သူ မခန့်မှန်းတတ်ပေ။ ခေါင်းလေးငုံ့ပြီးတော့ ငြိမ်နေသေးတာမို့ သူ စောင့်ကြည့်ရုံ ကြည့်နေလိုက်ပါသည်။

"တူမကြီး အသက်က ဘယ်နှစ်နှစ်လဲ"

"နှစ်ဆယ့်တစ်နှစ်ပါ မေမေကြီး"

အသံကလေးကတော့ နုနုငယ်ငယ်လေး ဖြစ်သည်။ အသက်ကလည်း ငယ်ပါသေးသည်။ ပုံစံကတော့ တောမှာကြီးပြင်းလာရတာမို့ အသက်ထက်တော့ ကြီးနေပုံ ပေါက်ပါသည်။

"ဒေါ်ပြုံးနဲ့ ဘယ်လိုတော်တာလဲ"

"အမျိုးစပ်ကြည့်မှ တော်တာပါ မေမေကြီး၊ အမျိုးအတော်ဝေးပါတယ် ...၊ သူ့အမေက သူ့ကို အိမ်မှုကိစ္စ ကောင်းကောင်း သင်ထားပေးတော့ မေမေကြီးတို့နဲ့ အဆင်ပြေမယ် ထင်လို့ပါ၊ မကြာသေးခင်ကမှ အမေ တိမ်းပါးခဲ့တော့ ရွာမှာနေရင် စိတ်အားငယ်နေမှာစိုးလို့ မြို့ကို ခေါ်လာတာပါ"

ဩော် ... သနားစရာလေးပါလား။ မကြာသေးခင်ကမှ အမေ ဆုံးသတဲ့ ...။

ကလေးမလေး အမေကို သတိရပြီး ပိုဝမ်းနည်းသွားပြီ ထင်သည်။ ခေါင်းကလေး ပိုငုံ့လျှိုးသွားခဲ့သည်။

"ကျောင်းရော နေဖူးလား"

"ဆယ်တန်းစာ ဖတ်တတ်ပါတယ် မေမေကြီး၊ မဖြေဖြစ်တော့ပေမယ့် ရွာမှာ ဘုန်းဘုန်း သင်ပေးလို့ ဖတ်တတ်ပါတယ်"

"အေး ... ဒီလောက်ဆို မဆိုးပါဘူး၊ တူမလေး နာမည်ကရော ..."

"ဟို ... နုနု၊ နုနုထွင့်ပါ မေမေကြီး"

"စနေသမီးပေါ့"

"ဟုတ်ပါတယ်"

"အေးလေ ... နေကြည့်ပေါ့၊ အဆင်မပြေရင်တော့ သုံးလအတွင်း ပြန်နိုင်ပါတယ်၊ တူမလေး အဲ ... နုနုအတွက် မေမေကြီး အဝတ်အစား ဆင်ပေးပါ့မယ်၊ ဘာတွေ လုပ်ရမယ်ဆိုတာလည်း သင်ပေးမယ်၊ လစာကတော့ ဒေါ်ပြုံးကို ပေးတဲ့အတိုင်း ပေးမယ်၊ နေချင်ရဲ့လား"

ကလေးမလေးက မေမေ့အား ပျာပျာသလဲ မော့်ကြည့်ကာ ...

"နေချင်ပါတယ် မေမေကြီး၊ နုနု နေချင်ပါတယ်"

"အေး ... အေး ... ဝမ်းသာပါတယ်၊ နုနုအကြောင်းကိုတော့ မေမေကြီးတို့ သိပြီးပြီ၊ မေမေကြီးတို့အကြောင်းလည်း ပြောပြထားရမယ်၊ မေမေကြီး နာမည်က ဒေါ်မိုးမခ၊ ဟိုမှာထိုင်နေတာက မေမေကြီး သား စစ်ဦးယံ တဲ့၊ အဲသီဟဆိုတဲ့ လေကြောင်းလိုင်းပိုင်ရှင်ပဲ၊ အိမ်မှာတော့ ဒီနှစ်ယောက်ပဲ ရှိတယ်၊ အပြင်ဘက်မှာတော့ ဒရိုင်ဘာနဲ့ မာလီကြီး





www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ သူတို့အတွက်တော့ ထမင်းဟင်း ပို့ချက်ပေးတာ အပြင် ဘာမှလုပ်ပေးစရာ မလိုဘူး၊ နုနု လုပ်ရမှာက မေမေကြီး သားရဲ့ ဝေယျာဝစ္စပဲ၊ မေမေကြီးက လေးဘက်နာ ရောဂါ ရှိတော့ ကိစ္စအဝဝ လိုက်မလုပ်နိုင်ဘူး၊ အဲဒါကြောင့် နုနုတို့ အကူအညီကို ယူရတာပဲ"

"ဟုတ်ကဲ့ မေမေကြီး၊ နုနု အလုပ်ကြိုးစားပါ့မယ်"

"အေး ... ဟုတ်ပြီ၊ ဒေါ်ပြုံးက နုနုနဲ့ တစ်ညအတူအိပ်ပြီး အိမ်အကြောင်းနဲ့ အလုပ်တွေအကြောင်း အသေးစိတ် ရှင်းပြချင် ရှင်းပြပေါ့"

"ဟုတ်ကဲ့ ... အဲသလို လုပ်ပါ့မယ် မေမေကြီး"

"နုနု နေရမယ့် အခန်းကို ခေါ်သွားလိုက်တော့ ..."

"ဟုတ်ကဲ့ မေမေကြီး ..."

ဒေါ်ပြုံးက နေရာမှ ထပြီး နုနုကို အတွင်းဘက် ခေါ်သွားပါသည်။ နုနုလေးက သူ့ဘေးနားက ဖြတ်အသွားမှာ ခေါင်းငုံ့ထားတာမို့ သူ့အကြည့်တွေနှင့် မဆုံလိုက်ပါ ...။

သနပ်ခါး အစစ်၏ မွှေးရနံ့ကတော့ သင်းပျံ့ကာ ကျန်ရစ်ခဲ့ပါသည်။ သူလည်း ထိုင်ရာမှ ထကာ ...

"ကုမ္ပဏီ သွားတော့မယ်နော် မေမေ"

ဟု နှုတ်ဆက်လိုက်ပါတော့သည်။

☺ ☺ ☺



# (၁၇)

♥ ♥ ♥

"ဗိုဗိုရိုရို ရှိပါစေ သမီးရယ်၊ ဒေါ်ပြုံး ရင်တွေတုန်လွန်းလို့ပါ"

"စိတ်ချပါ ဒေါ်ပြုံးရယ်၊ နုနုကို ယုံပါ"

"အေးပါ နုနုရယ် ..."

ဒေါ်ပြုံး လက်ကို နှင်းဆွတ်က အုပ်ကိုင်ရင်း ရယ်မောလိုက်ပါသည်။ ဒေါ်ပြုံးကို စိတ်ချစေချင်ပေမယ့် ကိုယ်တိုင်လည်း စိတ်လှုပ်ရှားနေခဲ့ပါသည်။

ဒေါ်ပြုံးက နှင်းဆွတ် သိရအောင် တစ်အိမ်လုံးကို လိုက်လံပြသပေးခဲ့ပါသည်။ 'မေမေကြီး' လို့ ခေါ်ရမယ့် ဒေါ်မိုးမခ နေတဲ့အခန်းက အရင်က အပေါ်ထပ်မှာဆိုပေမယ့် ခြေထောက် အခြေအနေ သိပ်မကောင်းတာကြောင့် အောက်ထပ်မှာပဲ အခန်းပြင်ထားခဲ့ပါသည်။

အိမ်အတွင်း အပြင်အဆင်ကို ကြည့်ရှုနှင့်တင် ဦးဖိုး



www.burmeseclassic.com

www.burmeseclassic.com



သားအမိ ချမ်းသာမှုကို မှန်းဆနိုင်သည်။ နှင်းဆွတ်တို့ ချမ်းသာကြတာထက် အဆများစွာ သာလေသည်။

"မေမေကြီးကတော့ မီးဖိုချောင်ကို ဘယ်တော့မှ လျစ်လျူရှုလေ့ မရှိဘူး၊ ဟင်းအစပ်အဟပ်က အစ အမြဲ သတိထားပြီး ပြောပေးတယ်၊ သန့်ရှင်းရေး အပိုင်းတွေမှာတော့ သမီးစိတ်ကြိုက် ပြင်ပေးလို့ရတယ်၊ မေမေကြီး ဘာမှမပြောတတ်ဘူး၊ လာ … ဆရာ့ အခန်း လိုက်ပြမယ်"

ဒေါ်ပြုံး ခေါ်ဆောင်ရာ မဟော်ဂနီရောင် လှေကားကြီးတွေကို နင်းဖြတ်ပြီး အပေါ်ထပ်ကြီးသို့ တက်လာရသည်မှာ စိတ်လှုပ်ရှားဖွယ် ကောင်းနေလေသည်။

ယောကျ်ားလေးတစ်ယောက် နေတဲ့ အခန်းထဲကို နှင်းဆွတ် ဘယ်တော့မှ ဝင်လေ့မရှိဘူးပါ။ ရဲရင့်နဲ့ ငယ်ငယ်လေးကတည်းက အရမ်းခင်ခဲ့ပေမယ့် ရဲရင့် အခန်းထဲကို ဝင်မကြည့်ခဲ့ဖူးပါ။

အခုတော့ ဘယ်တုန်းကမှ မရင်းနှီးခဲ့တဲ့ တစိမ်းယောကျ်ားတစ်ယောက်ရဲ့ အခန်းတွင်းဆီ ဝင်လာခဲ့ရပါပြီ။ Air Fresher အနံ့ကလေးက အခန်းအတွင်းမှာ သင်းပျံ့၍ မွှေးစိမ့်နေလေသည်။ လူတစ်ယောက်ကို အနံ့တစ်ခုနှင့် တွဲ၍ မှတ်ထားမိလျှင် ထိုအနံ့နှင့် တွေ့ဆုံနေသရွေ့ သူ့ကိုမေ့နိုင်လိမ့်မည် မဟုတ်ပေ။





ဦးကိုလည်း နှင်းဆွတ် မှတ်မိသွားခဲ့ပါပြီ။ Lavander (လာဗာန်ဒါ) ပန်းရနံ့ သင်းသင်းကလေးနဲ့ ဦးကို နှင်းဆွတ် အာရုံက အတိအကျ တွဲယူမှတ်သားခဲ့မိပါပြီ။

ဦးတစ်ယောက်တည်းရဲ့ အခန်းက နှင်းဆွတ်တို့ အိမ်အောက်ထပ် တစ်လုံးစာမျှ ကျယ်ဝန်းပါသည်။ ယောကျ်ားရင့်မာကြီးရဲ့ စက်ရာ အိပ်ခေါင်ကြီးကလည်း ဖြူနုသန့်စင်၍ နေလေသည်။ မဟော်ဂနီရောင် ကျွန်းခုတင်ရဲရဲကြီးပေါ်တွင် လှပသည့် သစ်ခွပွင့်ပုံ အိပ်ရာခင်းကြီးက အဖြူရောင် ခပ်များများနှင့် ဝှံထည်၍ နေပါသည်။

နှင်းဆွတ် လက်ကလေးနှင့် တို့ကြည့်မိတော့ အိစက်သည့် အတွေ့ကို ရလိုက်သည်။ ဦး၏ လက်ရှိပုံပန်းသဏ္ဌာန်ကြီးနှင့် ဘယ်လိုမှ မအပ်စပ်ဘဲနှင့်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရတာက …

"ဂစ်တာကြီးပါလား ဒေါ်ပြုံး …၊ သူ တီးတာလား"

"သွား မထိနဲ့ သမီး၊ အဲ့ဒါကို သူ့ဘာသာ ဖုန်သုတ်တယ်၊ ဘယ်သူထိတာမှ မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ …၊ သူရော တီးလို့လား ဒေါ်ပြုံး"

"တီးတယ်၊ သူ ဂစ်တာကြီး တီးပြီးတဲ့ ညရဲ့ နောက်တစ်နေ့ဆို ထမင်းတောင် ထွက်မစားဘဲ အခန်းအောင်းနေတတ်တယ်၊ ဒေါ်ပြုံးအထင်တော့ စိတ်ညစ်ရင် တီးတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟိ ဟိ၊ သူနဲ့ လုံးဝ မလိုက်ဖက်ဘူး၊ ဒီရုပ်ကြီးနဲ့ နေနေရတယ်လို့ ..."

"အံမယ် ... ဆရာက ချောပါတယ်နော်"

"ချောရုံကမလား ...၊ ခံ့ညားထည်ဝါလွန်းတာလေ၊ အဲ့ဒါကြောင့် ဒီလို ဂစ်တာမျိုးနဲ့ သူ့ပုံက ဆိုင်မှမဆိုင်တာ"

"ဒါတော့အေ ... တော်ဝင်ပန်းကြီးရဲ့ ငယ်ဘဝ တစ်စိတ်တစ်ဒေသနဲ့ ဆိုင်မှာပေါ့ ..."

"ဟာ ... ဒေါ်ပြုံး တော်ကီတွေ ကြိုက်သွားပြီကွာ၊ တော်ဝင်ပန်းကြီးတဲ့လား ... ဟား ... ဟား"

"ရှီး ..."

နှင်းဆွတ်က လက်ကလေးကို နှစ်ဖက်တီးချ၍ ရယ်မော သဘောကျပစ်လိုက်လျှင် ဒေါ်ပြုံးက အလန့်တကြား ပါးစပ်လိုက်ပိတ်ပါသည်။

"တိုးတိုး နေပါ နှင်းဆွတ်ရယ်၊ မေမေကြီး ကြားသွားပါဦးမယ်"

"နေနေပါ ဒေါ်ပြုံးရဲ့"

"သြော် ... အေး ... မေ့လို့ မေ့လို့ပါ နုနုရယ်၊ နုနုထွေးကလေးရယ်"

ဒေါ်ပြုံးနှင့် နှင်းဆွတ်သည် လက်ဝါးချင်း ရိုက်လိုက်ပါသည်။





"ဆရာ့အကျင့်နဲ့ ကြိုက်တတ်တာလေးတွေ ဒေါ်ပြုံး သင်ပေးခဲ့မယ် နုနု ..."

"ဟုတ်ကဲ့ ... ဒေါ်ပြုံး"

"ဆရာ့မှာ ညဝတ်အင်္ကျီလေးတွေ အများကြီး ရှိတယ်၊ အဲဒါတွေက နေ့တိုင်း လဲဝတ်လို့ လျှော်ပေးရမယ့် အထဲမှာ ပါတယ်၊ ပြီးတော့ ဆရာက မနက် လေးနာရီခွဲဆို ဘုရားဝတ်ပြုတယ်၊ ပဋ္ဌာန်းပါရွတ်တော့ အဝတ်အစားလဲပြီး မွှေးမွှေးကြိုင်ကြိုင်လေးရှိမှ ရွတ်ဖတ်တယ်၊ အဲဒါကြောင့် တစ်စုံ လျှော်ရတယ်၊ ပြီးရင်တော့ ကုမ္ပဏီ သွားတယ်၊ တစ်နေကုန် တစ်စုံပါပဲ၊ ည ဒင်နာတွေ ဘာတွေရှိမှ ပြန်လာလဲတယ်၊ ပြီးတော့ မကြာခဏ ဆိုသလို နေပြည်တော်သွားလိုက်၊ ဘန်ကောက်သွားလိုက်၊ စင်ကာပူသွားလိုက်တွေက များတယ်၊ ခရီးအလိုက် အဝတ်အစားတွေ ထည့်ပေးရတယ် ...၊

"အခန်းထဲမှာ ဗီရိုတွေ အများကြီး တွေ့လား၊ အိမ်နေရင်း ဗီရိုထဲမှာ အပြင်ဝတ်တွေ ရှိနေရင် အရမ်းစိတ်ဆိုးတတ်တယ်၊ အိမ်နေရင်း၊ ရုံး၊ ခရီးသွား၊ ပွဲတက်မျိုးစုံ သူထားစေချင်တဲ့အတိုင်း ထားပေးမှ ကျေနပ်တယ်၊ အဲလိုမှ မဟုတ်ရင်တော့ ခေါ်ဆူတယ်"

နှင်းဆွတ်သည် ဗီရို ငါးလုံးလောက်ထဲက အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေကို မှတ်ဖို့ရာမှာ မလွယ်ကူလောက်သဖြင့် ခေါင်းယား သွားခဲ့ပါတော့သည်။

"ခေါင်းမကုတ်နဲ့ ... ခေါင်းမကုတ်နဲ့၊ ဖိနပ် ရှိသေးတယ်"

"ရှင် ..."

"ဖိနပ်တွေကိုတော့ ဟိုဘက်အခန်းမှာ သီးသန့်ထားတယ်၊ အနံ့အသက် လုံးဝမဆိုးအောင် နေ့တိုင်း ဂရုစိုက် ပွတ်တိုက်ပေးရတယ်"

"လေးငါးရံပေါ့၊ အဲဒါ ရပါတယ်"

"ရတယ်လား ...၊ လာကြည့် ... လာကြည့်"

ဒေါ်ပြုံးက အခန်းကျယ်ကြီးထဲမှ ထွက်သွားကာ နောက်ထပ် တံခါးတစ်ခုကို ဖွင့်ချလိုက်ပါသည်။

"ဟယ်တော် ..."

လူတစ်ရပ်စာလောက် ရှိသည့် စင်မြင့်တန်းတွေပေါ် အထိ ဖိနပ်များ ကျကျနန စီတန်းထားလိုက်သည်မှာ နှင်းဆွတ် ခြေဖျား လက်ဖျားတွေပင် အေးသွားတော့သည်။

"ဘုရားရေ ...၊ နှင်းဆွတ် ... အဲ ... နုနုတော့ သေပြီထင် ပါတယ်"

ဒေါ်ပြုံးက 'တွေ့ပြီလား' ဆိုသည့် သဘောနှင့် ပြုံး ကြည့်နေလေသည်။

နှင်းဆွတ်သည် တွေဝေစွာဖြင့် အကြာကြီး တုံ့ရပ် နေမိပါသည်။ မေမေက နှင်းဆွတ်ကို မိန်းမပီသအောင် သင်ကြား





ပေးထားခဲ့လို့ အားလုံးကျွမ်းကျင်အောင် လုပ်ဆောင်တတ်ပေမယ့် လည်း သူများအိမ်က တောက်တိုမယ်ရ အလုပ်တွေအထိ လုပ်ရ တော့မှာကြီးကို နှင်းဆွတ် လုပ်နိုင်ပါ့မလား ...။ သေချာ ပြန် စဉ်းစားသင့်ပြီ ထင်ပါရဲ့ ...။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

♥ ♥ ♥

နှင်းဆွတ်သည် အိပ်ရာမှ နိုးထလာချိန်တွင် နာရီကို ကမန်းကတန်း ကြည့်လိုက်မိပါသည်။ ခြောက်နာရီခွဲ ...။

"ဟာ ... သေပါပြီ၊ အိပ်ရာထ နောက်ကျပြီတော့"

အိပ်ရာထက်မှ အမြန်ထကာ မျက်နှာသစ်၊ ခြေလက်ဆေး၊ အဆင်သင့် သွေးထားခဲ့သည့် သနပ်ခါးတွေကို ထူပိန်းအောင်လိမ်းပြီးမှ မီးဖိုခန်းဆီဝင်လာခဲ့ပါသည်။ ခေါ်ပြူးက သေသေချာချာ မှာထားခဲ့ပြီး မနေ့ညကမှ ပြန်သွားခဲ့တာ ဖြစ်ပေမယ့် နှင်းဆွတ် ပင်ပင်ပန်းပန်းနှင့် အိပ်မောကျခဲ့မိပါသည်။ မနက်အစောကြီး ထပြီး အိမ်အလုပ်တွေလုပ်ဖို့ကိုက နှင်းဆွတ်၏ စွမ်းအားက နှင်းဆွတ်စိတ်ကို မလိုက်လျောနိုင်ပေ ...။

နောက်ကျနေတယ် ဆိုပေမယ့် နှင်းဆွတ် လက်ကလေးများက အိမ်မှာတုန်းကလိုပင် သွက်လက်စွာ လှုပ်ရှား၍ နေပါသည်။





ကောက်ညှင်းပေါင်း ပူပူလေး ပေါင်း၍ မနက်စာကို မိနူးအသစ် စတင်ဖွင့်လှစ်ဖို့ ရည်ရွယ်လိုက်ပါသည်။

ကောက်ညှင်းဆန်ကလေးများကို ရေအေးဖြင့် ဆေးကြောနေစဉ်တွင် ...

"ဟမ်း ... နနု ... နနုထွေး"

နှင်းဆွတ် ပခုံးလေးသည် လန့်စိတ်ကြောင့် ဆတ်ခနဲ ခါသွားခဲ့ပါသည်။

မထင်မှတ်ထားတဲ့အချိန်မှာ အေးစက်စက် ခေါ်သံကို နှင်းဆွတ် မရင်းနှီးနိုင်သေးပေ။

"ဟုတ်ကဲ့ ... ဆရာ"

နှင်းဆွတ်သည် ခေါ်သံလာရာဘက် လှည့်ရင်း ဦးကို ကြည့်လိုက်မိပါသည်။

နီညိုရောင် ပုဆိုးလေးနှင့် ကော်လံကတုံး ရှပ်အဖြူရောင်လေးကို တွဲဖက်ဝတ်ဆင်ထားတယ်ဆိုတော့ အခုမှ ဘုရားဝတ်ပြုပြီးခဲ့တာ ဖြစ်နိုင်သည်။

"မင်း ဘာလုပ်မလို့လဲ"

"ကောက်ညှင်းပေါင်းမလို့ပါ ဆရာ"

"ကောက်ညှင်းပေါင်း ..."

"ဟုတ်ကဲ့၊ မနက်စာ လုပ်ပေးချင်လို့ပါ"

ဦး၏ နှုတ်ခမ်းများ အနည်းငယ် ကွေးသွားတာမှန်သော်လည်း ဦး အတိအကျ မပြုံးနေခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ၊ ဒေါ်ပြုံး ပြန်သွားပြီးကတည်းက ကိုယ်တို့သားအမိ မနက်စာကို သေသေချာချာ မစားဖြစ်ဘူး၊ နုနုလက်ရာကို စားရတော့မှာပေါ့"

"နုနု ကောင်းကောင်းလေး လုပ်ပေးပါ့မယ်"

"အင်း ... ဟုတ်ပါပြီ၊ နုနုကို ဆရာ တစ်ခု ပြောထားချင်တယ်၊ နုနု လိုက်နာပေးနိုင်ရင် ကောင်းမယ်"

"ဘာများလဲ ဆရာ"

ဦးက နှင်းဆွတ် မျက်နှာနဲ့ ပခုံးတစ်ဝိုက်မှ ဆံပင်များကို ကြည့်လိုက်ရင်း ...

"အစားအစာ ချက်တဲ့အခါ ဆံထုံး ထုံးထားပေးပါလား"

"ဩော် ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆရာ"

နှင်းဆွတ်သည် ဦးကို အားနာသွားမိပါသည်။ နှင်းဆွတ် ဆံပင်တွေကို ဒီမလာခင်မှာ အမည်းရောင်ကြီး ချက်ချင်း ပြောင်းဆိုးလိုက်ရသဖြင့် ဆံသားတွေက ဖွာထွက်နေပါသည်။

ပေါင်းဆေးမပါဘဲ အကြမ်းလျှော်ချနေရသဖြင့်လည်း ဆံပင်ကြီးက ကြမ်းလန်နေပါသည်။ ထိုသို့ မလှမပ ဆံပင်များကို ဖားလျားတွေ့နေရသည့် ဦး မနှစ်မြို့နိုင်တာကို နှင်းဆွတ် စိတ်မဆိုးမိပေ ...။

နှင်းဆွတ် အခန်းလေးထဲသို့ အမြန်ပြေးဝင်လာလိုက်ပါသည်။ ဆံပင်လေးတွေကို စုစည်းကာ ဆံထုံးလေးကို ကျစ်နေအောင် ထုံးထားလိုက်ပါသည်။





တစ်ပေပတ်လည် မှန်ကလေးထဲမှာ ပေါ်နေသည့် မျက်နှာကလေးက နှင်းဆွတ် မဟုတ်တော့တာကို သေသေချာချာကြီး သတိပေးနေလေသည်။ မျက်ခုံးတန်း နက်နက်ကလေးပါ မပေါ်အောင် ထူပျစ်စွာလိမ်းထားသော သနပ်ခါးများကြောင့် မျက်ခွံလေးတွေပါ ဖွေးအစ်နေလေသည်။

နွဲ့နွဲ့ ပေးလိုက်သော အင်္ကျီများက နှင်းဆွတ်နှင့်ဆို အရမ်းပွယောင်းနေတာမို့ နှင်းဆွတ်ပုံစံလေးက တကယ့် တောသူမလေးနှင့် တူနေလေသည်။

ဒီပုံစံကလေးကို မေမေသာ မြင်လျှင် လန့်ပြီးပင် အော်ငိုမလား မသိပေ ...။

နှင်းဆွတ်ကတော့ အဖြစ်အဆန်းကလေးကို ဖန်တီးထားနိုင်ခဲ့သဖြင့် ကျေနပ်စွာ ကျိတ်ရယ်ရင်း အခန်းထဲမှ ပြန်ထွက်လာခဲ့လိုက်ပါသည်။ မီးဖိုခန်းထဲ ရောက်သောအခါ ဦး၏ အရိပ်အယောင်ကို မတွေ့ရတော့ပေ။

နှင်းဆွတ် တစ်ယောက်တည်း မနက်စာကို ပြင်ဆင်ရပါသည်။

ထမင်းစားခန်းထဲမှာ နှစ်ယောက်စားဖို့အတွက် ပြင်ဆင်ပြီးမှ ဒေါ်မိုးမခ အခန်းဆီ နှင်းဆွတ် ခြေလှမ်းလိုက်ပါသည်။

"မေမေကြီး ..."

"ဟော ... နုနု၊ ပြော သမီး"

"မနက်စာ ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … မေမေကြီးကို လာတွဲပါဦးကွယ်"

"ဟုတ်ကဲ့ … "

ဒေါ်မိုးမခက ခုတင်ပေါ်မှ ခြေထောက်ကလေးချပြီး ဆင်းလျှောက်လာချင်ပေမယ့် နာကျင်မှုကြောင့် နှင်းဆွတ်ကိုပဲ စောင့်နေခဲ့ပါသည်။

နှင်းဆွတ်က ခပ်သွက်သွက်ကလေး ပြေးသွားကာ ဒေါ်မိုးမခကို တွဲထူပေးလိုက်ပါသည်။

"နုနု ကိုယ်လေးက သနပ်ခါးနံ့လေး မွှေးလိုက်တာ၊ စိတ်ကို ရှင်သွားတာပဲကွယ်"

"ကျေးဇူးပါပဲ မေမေကြီးရယ်"

ထမင်းစားဝိုင်းမှာ ဒေါ်မိုးမခ နေရာယူပြီးသောအခါ

"သားကို ခေါ်ပါဦး နုနုလေးရယ်"

"ဟုတ်ကဲ့ … မေမေကြီး"

"သား လာပါပြီ မေမေ၊ မင်္ဂလာပါနော်"

"အေး … မင်္ဂလာပါ သားရယ်"

ဦးသည် ထမင်းစားခန်းထဲသို့ ပေ့ါပါးစွာ လှမ်းဝင်လာခဲ့ရင်း နှင်းဆွတ်ကို ပြုံးပြပါသည်။ အသိအမှတ်ပြုသလို ခေါင်းလေးလည်း ညိတ်ပြပါသည်။

နှင်းဆွတ် ကျေနပ်သွားပါသည်။ ဦးအနေနှင့်ဆို အလုပ်သမားတွေကို နိမ့်ပြီး ဆက်ဆံလည်း ရနိုင်ပေမယ့် ချိုသာစွာပဲ ဆက်ဆံတာမို့ ဦးကို သဘောကျမိပါသည်။





ဦးရဲ့ မေမေကလည်း သဘောကောင်းပါသည်။

"နုနု … အဝတ်တွေ အများကြီး လျှော်စရာမလိုဘူးနော်၊ နိုင်သလောက်ပဲ လုပ်၊ စက်နဲ့ပဲ လျှော် ကြားလား၊ အိမ်ကြီးက ကြီးတယ်ဆိုပြီး ဘာမှမလန့်နဲ့ …၊ မလုပ်နိုင်ရင် ထားလိုက်၊ ကိစ္စမရှိဘူး၊ ပုံမှန်ပဲ အလုပ်ကိုလုပ်၊ အလုပ်သမားတွေ အများကြီး ခေါ်ထားလည်း အပိုပဲမို့ မေမေကြီးမခေါ်တာ၊ မေမေကြီးက မျက်စိထဲ ရှုပ်ယှက်ခတ်နေတာ မကြိုက်ဘူး၊ နားပူတာလည်း မခံနိုင်ဘူး၊ အိမ်မှာ တိတ်ဆိတ်ပြီး ငြိမ်းချမ်းနေရတာကို ကြိုက်လို့ လူနည်းနည်းနဲ့ပဲ နေတာ၊ နုနု ပင်ပန်းရင် မေမေကြီးကို ပြော၊ နှစ်ပတ်ကို တစ်ရက် နုနုကို ပေးနားမယ်၊ အဲဒီရက်တွေ ဘုရားသွား ချင်လည်း သွား၊ ဈေးဝယ်ထွက်ချင်လည်း ထွက်၊ ရတယ်"

နှင်းဆွတ် ထင်ထားတာထက် ကံကောင်းသဖြင့် တော့ ဝမ်းသာရပါသည်။

"ကျေးဇူးတင်ပါတယ် မေမေကြီး၊ နုနု အဆင်ပြေတဲ့ရက်ကလေးတွေ အပြင်ထွက်ချင်ရင် မေမေကြီးဆီမှာ ခွင့်တောင်းပါ့မယ်"

"အေး … အေး … "

ဦးသည် ကော်ဖီနှင့် ကောက်ညှင်းပေါင်း ပူပူလေးကို တိတ်ဆိတ်စွာ စားနေခဲ့ပါသည်။ စားသောက်လို့အပြီးကျမှ နှင်းဆွတ်ကို လှမ်းကြည့်ပါသည်။ နှင်းဆွတ်က ဒေါ်မိုးမခအတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှူး ထုတ်ပေးနေရာမှ ဦး ဘာပြောမလဲဆိုတာ စောင့်နေလိုက်ပါသည်။

"ဒီနေ့ည လေယာဉ်နဲ့ စင်ကာပူ ခဏထွက်ဖို့ရှိတယ် နုနု၊ အဲဒါ ဆရာ့အတွက် အဝတ်အစားအိတ် ပြင်ဆင်ထားပေးပါ"

"ဟုတ်ကဲ့ ... ဆရာ ပြင်ထားပါ့မယ်၊ ဘယ်နှစ်ရက်လောက်ကြာမှာလဲ ဆရာ"

"သုံးရက်ပါပဲ၊ ပစ္စည်းတစ်ခု အခြေအနေ ကြည့်ရုံပါ"

"ဟုတ်ကဲ့ ဆရာ"

ဦးက မှာစရာရှိတာ မှာပြီးပြီမို့ ထိုင်ရာမှထသည်။

"မေမေ ... သား ခဏ ရုံးသွားဦးမယ်နော်"

"အေး ... သွားပါ သားရယ်"

ဦးသည် သူနေထိုင်ရာ အပေါ်ထပ်ခန်းဆီသို့ ပုံမှန်ခြေလှမ်းများဖြင့် တက်သွားခဲ့လေသည်။

"နုနု ဈေးဖိုးတွေ မေမေကြီးဆီမှာ လာယူ၊ ဈေးသွားရင် ဦးထွန်းကို ခေါ်သွား၊ ခြင်းဆွဲခိုင်း ...၊ တစ်ပတ်စာ နုနု ဝယ်ချင်တာဝယ်၊ ရာသီဥတု ပူပြီဆိုတော့ ဆီပြန်ဟင်းတွေ မေမေကြီး မစားချင်ဘူး၊ နားလည်လား နုနု"

"ဟုတ်ကဲ့ မေမေကြီး"

နှင်းဆွတ်သည် ပန်းကန်များ ကောက်သိမ်းရင်းကမှ မေမေ့ကို သတိရမိပါသည်။





အိမ်မှာ အလုပ်သမားမခေါ်ဘဲ မေမေ တစ်ယောက်တည်း အစစအရာရာ လုပ်ပေးခဲ့ရတာကို နှင်းဆွတ် သနားရှုံလာသည်။

မျက်ရည်ကလေးပင် ဝဲလာမိသော်လည်း နှင်းဆွတ် လုပ်လက်စအလုပ်ကို ပြီးပြတ်အောင် လုပ်နေလိုက်ပါသည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

❤ ❤ ❤

ဒေါ်မိုးမခ၏ ခြေထောက်ကလေးများအား နှိပ်နယ်ပေးရင်းကမှ ဒေါ်မိုးမခ အိပ်မောကျသွားခဲ့ပါသည်။

နာရီကလေးကို မော့ကြည့်သောအခါ ည ဆယ်နာရီအနည်းငယ်လေး စွန်းနေလေပြီ။

နှင်းဆွတ် ပါးစပ်ကလည်း ဝိုင်းကာ သမ်းဝေလာပါသည်။

ရီမှုကလေးကို ယူကာ အဲကွန်းလေကို လျှော့ချပေးလိုက်သည်။ စောင်ကလေးကို ဒေါ်မိုးခမ ရင်ဘတ်ထိရောက်အောင် ဆွဲခြုံပေးလိုက်သည်။ ဒေါ်မိုးမခ သောက်၍ ကုန်သွားခဲ့သော နွားနို့ပန်းကန်လေးကိုင်ကာ အခန်းကြီးထဲမှ ထွက်လာခဲ့ပါသည်။

ပန်းကန်လေး ဆေးလိုက်သည်။ တိုက်အိမ်အကြီးကြီးရဲ့ အိမ်ရှေ့ အိမ်နောက် တံခါးအသီးသီး လုံခြုံအောင် လိုက်ပိတ်ရသည်။





နှင်းဆွတ်ရဲ့ လုံခြုံမှုက နှင်းဆွတ် လက်ထဲမှာသာ ရှိသည်။

တံခါးတွေလည်း စိတ်ချရချိန်၊ နှင်းဆွတ် နားနေချိန် အရောက်မှာ နှင်းဆွတ်စိတ်က တစ်နေရာဆီ ရောက်သွားခဲ့သည်။

စိတ်၏စေရာကို နှင်းဆွတ် ခြေထောက်များက လိုက်ပါသွားခဲ့ပါသည်။ ရောက်ခါစက ဝင်ကြည့်ရမှာကို တွန့်ဆုတ်နေခဲ့ပေမယ့် အခုအချိန်မှာတော့ နှင်းဆွတ်၏ စိတ်မှာ ရင်းနှီးနေခဲ့ပါပြီ ... ။

သုံးညပြည့်တဲ့အထိ သန့်ရှင်းရေးမလုပ်ဖြစ်တဲ့ အခန်းလေးဆိုပေမယ့် သန့်ရှင်းနေဆဲပင် ... ။

ကျားသစ်ကွက် အိပ်ရာခင်းကြီးကို ဆွဲချုတ်လိုက်သော နှင်းဆွတ်လက်များ သွက်လက်၍နေသည်။

အိပ်ရာခင်း အသစ်များထားသည့် နေရာကို အတိအကျ မသိသေးသဖြင့် ခုတင်အောက်မှာ ရှိသည့် အံဆွဲကြီးအား ဆွဲဖွင့်လိုက်ပါသည်။ အံဆွဲကြီးထဲမှာ သူ့အကန့်နှင့်သူ ထားရှိသော အိပ်ရာခင်းမျိုးစုံ ရှိနေပါသည်။

နိုင်ငံခြား ဟိုတယ်မှာ သုံးညလောက် အိပ်လာရမည့် ဦး ပြန်ရောက်လာလျှင် စိတ်ကြည်လင်သွားစေဖို့ အပြာနုလွင်လွင် အခင်းလေး ရွေးထုတ်လိုက်ပါသည်။

အခင်းလေး ရွေးပြီး၍ အံဆွဲ ပြန်ပိတ်မည်အပြုတွင် နှင်းဆွတ် ရင်းနှီးနေသော ပစ္စည်းလေးတစ်ခုကို အမှတ်မထင် တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါသည်။ Heatwave တံဆိပ် အိတ်ကလေးကို နှင်းဆွတ် စိတ်မဝင်စားဘဲ မနေနိုင်ပေ ...။

လက်ကလေးများက အိတ်ကလေးဆီ တိုးရွေ့သွားခဲ့သည်။ ဘူးကလေးကို ဖြည်းဖြည်းဖွင့်၍ အကြည့်တွင် နှင်းဆွတ် ရင်တွေ ဝုန်းဒိုင်းကျဲ တုန်လှုပ်သွားခဲ့ရလေသည်။

နှင်းဆွတ် ဖိနပ်လေး။ နှင်းဆွတ် အရမ်းကြိုက်လို့ ရဲရင့် လက်ဆောင်ဝယ်ပေးခဲ့တဲ့ ဖိနပ်ပါးကလေး ...။

ဦးနဲ့ ပထမဆုံးအကြိမ်တွေ့ဆုံမှုမှာ နှင်းဆွတ် ပေးခဲ့တဲ့ အရာကလေးကို ဦးက ခုလို သိမ်းဆည်းထားခဲ့တယ်တဲ့လား။

"ဦးရယ် ..."

"ဘာမှန်းမသိ ...၊ ဘယ်ကမှန်း မသိတဲ့ အညတရ မိန်းကလေး တစ်ယောက် ပေးခဲ့တဲ့ အရာကို သိမ်းဆည်းထားခဲ့တာလားရှင် ...၊ အင်တာနက် သတင်းအဖြစ်နဲ့ ပါပြီး တော့တောင် ဦးသိက္ခာအထိ ထိခိုက်စေခဲ့တဲ့ နှင်းဆွတ်ရဲ့ အမှတ်တရကို ဦး သိမ်းဆည်းထားခဲ့တာပါလား ..."

နှင်းဆွတ် စိတ်အစဉ်တို့ ညွတ်ပျောင်း၍သွားသည်။ ဤအိမ်ကြီးကို ဘာရည်ရွယ်ချက်တွေနဲ့ လာခဲ့ရသည်ဆိုတာတွေ အထိ မေ့သွားခဲ့ရပါပြီ ...။

နူးနူးညံ့ညံ့ ကြည့်တတ်ရှာတဲ့ ဦးကို နှင်းဆွတ် အရမ်း ခင်မင်မိပါပြီ။ ဦးရယ် ...။

နှင်းဆွတ် ဖိနပ်ကလေးကို နေရာတကျ ပြန်ထား





ကာ ဦး အိပ်ခန်းထဲကို သန့်ရှင်းသပ်ရပ်နေအောင် ပြင်ဆင်ထား ပေးခဲ့ပါသည်။

ထို့နောက် နှင်းဆွတ် အခန်းလေးဆီ ပြန်လာခဲ့ သည်။

သာယာသော ညအခင်းလေးမှာ နှင်းဆွတ် နှစ်နှစ် ခြိုက်ခြိုက် အိပ်မောကျသွားခဲ့ပါသည်။ စိတ်အနှောင့်အယှက် ကင်းစင်စွာဖြင့် ဖြစ်သည်။ နောက်တစ်နေ့ မနက်ခင်းမှာ ပုံမှန် အတိုင်း တိတ်ဆိတ်ငြိမ်သက်စွာ နိုးထလာခဲ့ပါသည်။ ဧည့်ခန်းထဲမှ တရားခွေသံက တည်ငြိမ်ကျက်သရေရှိလှစွာ ထွက်ပေါ်နေခဲ့သည်။

ဒေါ်မိုးမခ တစ်ယောက်တည်း ဧည့်ခန်းကျယ်ကြီး ထဲမှာ လမ်းလျှောက်ရင်း တရားရှုမှတ်နေခဲ့သည်။

နှင်းဆွတ်ကတော့ ပုံမှန်လုပ်နေကျ အလုပ်ကလေး များကို အနောက်ဘက်မှာ လုပ်နေခဲ့သည်။

မနက်စာ ပြင်ဆင်ပြီးချိန်မှာတော့ ဒေါ်မိုးမခနှင့် အတူ မနက်စာ စားရသည်။

ဒေါ်မိုးမခက နှင်းဆွတ်ကို အလုပ်သမား တစ် ယောက်လို သဘောမထားဘဲ မိသားစုဝင် တစ်ယောက်သဖွယ် နွေးနွေးထွေးထွေး ဆက်ဆံပေးပါသည်။

"ဒီနေ့ ဈေးသွားလိုက်ပါဦး နနရေ၊ သိတယ်မဟုတ်လား၊ သားက လတ်လတ်ဆတ်ဆတ် စားချင်ရှာမှာ"

"ဟုတ်ကဲ့ ... မေမေကြီး၊ နန သွားလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆွတ်နှင့် ကားဆရာကြီးတို့ ဈေးကို ထွက်သွားပြီး ဈေးဝယ်ခဲ့ပါသည်။ ဦး အကြိုက် ဟင်းတွေ ချက်ပြုတ်ကျွေးဖို့ နှင်းဆွတ် သိပ်ကို မျှော်လင့်နေခဲ့ရပါသည်။

နှင်းဆွတ် ဈေးမှ အိမ်ပြန်ရောက်ချိန်မှာ ဦးလည်း ရောက်နေပြီဖြစ်သည်။ ဦးနှင့် ဒေါ်မိုးမခတို့ စာကြည့်ခန်းထဲမှာ အတူစကားပြောနေကြသည်။

ဈေးခြင်းကလေး အနောက်ဘက် ဝင်ထားဖို့ ခြေအလှမ်းမှာ စာကြည့်ခန်းတံခါး ပွင့်သွားပြီး ဦး ထွက်ပေါ်လာလေသည်။

ဦးမျက်နှာကို ချက်ချင်းကြီး မော့မကြည့်ရဲသေးဘဲ နှင်းဆွတ် ရင်ဘတ်ကလေးမှာ နွေးထွေးစွာ လှုပ်ခတ်နေခဲ့ပါသည်။

"နနုထွင့် ..."

"ဟုတ်ကဲ့ ... ဆရာ"

"ဈေးက ပြန်လာတာလား"

"ဟုတ်ကဲ့ ... ဆရာ ဒီနေ့ လတ်လတ်ဆတ်ဆတ် စားရအောင် သား ငါးတွေ သွားဝယ်တာပါ"

"ကျေးဇူးပဲ နုနု၊ မင်းအတွက် အင်္ကျီလေးတွေနဲ့ တခြားအသုံးအဆောင်လေးတွေ ဆရာဝယ်လာတယ်၊ အဲဒါတွေ ပြီးရင် ခဏလာယူလေ"

"နုနုအတွက် နိုင်ငံခြားပစ္စည်းတွေ မလိုပါဘူး ဆရာရယ်၊ တန်မယ်လည်း မထင်ပါဘူး"





"ဆရာ ဘယ်သူ့ကိုမှ ဝယ်မပေးဖူးဘူး"

နှင်းဆွတ်နှင့် ဦးတို့အကြား ခဏတော့ တိတ်ဆိတ်သွားခဲ့ပါသည်။ ဦး မျက်နှာမှာတော့ ဘယ်လိုအဓိပ္ပာယ်မှ ရှိမနေခဲ့ပါ။

"ဟုတ်တယ် နုနု ...၊ ဆရာ ဝယ်လာပေးတာ လက်ခံလိုက်ပါ၊ သူ ခက်ခက်ခဲခဲ ဝယ်လာရှာတာ၊ ဈေးဝယ်တဲ့နေရာမှာ လုံးဝ မကျွမ်းကျင်တာ နုနု ဆရာပဲလေ၊ ဒါပေမယ့် မေမေကြီးပဲ ပူဆာလိုက်တာ၊ နုနုက ငယ်ငယ်လေးပဲရှိသေးတာ လှလှပပလေး နေရမှာပေါ့၊ အဘွားကြီးလို အင်္ကျီကြီးတွေ မဝတ်ပါနဲ့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မေမေကြီးရယ်"

ဦးက အပေါ်ထပ်သို့ ပုံမှန်ကလေး လှမ်းတက်သွားခဲ့သည်။

"ကဲ ... ဈေးခြင်း ခဏသွားထားပြီး ဆရာ့နောက် လိုက်သွား၊ သူ ဝတ်လာခဲ့တဲ့ အဝတ်အစားတွေ လျှော်ဖို့ သွားယူလေ နုနု၊ ပြီးရင် သူဝယ်ပေးတဲ့ လက်ဆောင်လေးတွေ ယူလာခဲ့ပေါ့"

"ဟုတ်ကဲ့ မေမေကြီး ..."

ဒေါ်မိုးမခ ခွင့်ပြုချက်အရ နှင်းဆွတ် ဦး နောက်သို့ လိုက်သွားခဲ့ပါသည်။ ဦးက နှင်းဆွတ်ကို ပေးမည့် ပစ္စည်းများကို သပ်သပ် ဖယ်ထားပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့ အဝတ်အစားတွေကို အဝတ်ခြင်းထဲမှ ဆွဲယူလိုက်ပါသည်။

"စက်နဲ့ပဲလျှော်နော် ...၊ အဝတ်တွေ များတော့ မင်းလက်နဲ့လျှော်ရင် လက်နာလိမ့်မယ်"

"ရပါတယ် ဆရာရဲ့၊ ဆရာ့ အင်္ကျီအကောင်းစားတွေ စက်နဲ့လျှော်တော့ အဝတ်အစား နာတာပေါ့"

"အဝတ်အစားက အသက်မှမရှိတာ၊ မကောင်းရင် အသစ်လဲဝတ်လို့ရတယ်၊ လူက အသက်နဲ့၊ လုပ်သင့်သလောက်လုပ်၊ နားသင့်သလောက် နားရတယ်၊ ကိုယ့်အလုပ်သမားတွေကို မတန်မရာ မသက်မသာ ခိုင်းလေ့မရှိပါဘူး နုနုထွင်"

"ဟုတ်ကဲ့ပါ၊ ဆရာ့စိတ်ရင်းကို နုနု နားလည်ပါတယ်"

"ကိုယ် ဒီနေ့ ခဏလေးပဲ အပြင်သွားမယ်၊ မေမေ့နားမှာ ကိုယ်ရှိနေမယ်၊ အဲ့ဒါကြောင့် နုနု ဒီနေ့ ခွင့်ယူပြီး လျှောက်သွားချင် သွားပေါ့"

နှင်းဆွတ်သည် ဦး၏ ခွင့်ပြုချက်ကို သဘောတူလိုက်ပါသည်။ နှင်းဆွတ်ရဲ့ မိဘတွေဆီက ဖုန်းတွေကို ဖွဲ့ဖွဲ့ ဘယ်လို ဖြေထားမလဲ သိချင်နေသည်။

ရဲရင့်တို့ မိသားစုရှေ့က နှင်းဆွတ် ရုတ်တရက် ပျောက်ကွယ်သွားသည့်အတွက် ဘာတွေထင်မြင်နေကြမလဲ သိချင်နေပါသည်။





နှင်းဆွတ် ပေးထားခဲ့တဲ့ အကြောင်းပြချက်ကိုရော ယုံကြပါမလား သိချင်ပါသည်။

ထို့ကြောင့် ဒီတစ်ရက် အပြင်ထွက်ဖို့ ခွင့်ကို ယူဖြစ်အောင် ယူလိုက်ပါသည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

နီးစပ်ရာ ရှော့ပင်စင်တာကြီးထဲက သန့်စင်ခန်းထဲမှာ အဝတ်အစားတွေ လဲဝတ်၊ မျက်နှာက သနပ်ခါးတွေ ဖျက်ပြီးမှ နှင်းဆွတ် အိမ်ပြန်လာခဲ့ပါသည်။

နှင်းဆွတ် အိမ်မှာ သော့ပိတ်ထားခဲ့တာမို့ ရဲရင့်တို့ အိမ်ဘက်ဆီသို့သာ ဦးတည်လိုက်ရပါသည်။

အန်တီသော်က နှင်းဆွတ်ကို တွေ့တွေ့ချင်း ...

"ဟယ် ... သမီး ပြန်ရောက်လာပြီလား၊ အလုပ်တွေရော အဆင်ပြေရဲ့လားကွယ်"

NGO မှာ အလုပ်ရပြီး ရခိုင်ပြည် ဘူးသီးတောင် အထိ ခရီးထွက်သွားရမည်ဟု နှင်းဆွတ် မသွားခင်မှာ ပြောခဲ့၍ မေးခြင်းဖြစ်ပါသည်။

"အဆင်ပြေပါတယ် အန်တီသော်၊ ခွင့်ရတာနဲ့ ခဏ ပြန်လာတာပါ"





"အေး ... အေး ... အန်တီသော်က စိတ်ပူနေတာကွယ့်၊ သမီးပျိုလေး တစ်ယောက်တည်း ဝေးလံခေါင်သီတဲ့ နယ်ကို သွားနေရတာဆိုတော့ အဆင်ပြေပါ့မလားလို့ ..."

"ဟိုမှာလည်း နှင်းဆွတ်တို့လို မိန်းကလေးတွေ အများကြီး ရှိပါတယ် အန်တီသော်၊ မေမေတို့ ဖုန်းဆက်သေးလား ဟင်"

"ဆက်တာပေါ့၊ နှင်းဆွတ် ဖုန်း နွဲ့နွဲ့ကို ပေးခဲ့တယ်ဆို၊ နွဲ့နွဲ့ဆီ ဆက်လာလို့ နွဲ့နွဲ့ ဖုန်းပြောလိုက်သတဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ အန်တီသော်"

နှင်းဆွတ်သည် နွဲ့နွဲ့ ရှိနေမည့် အနောက်ဘက်သို့ တန်းဝင်လာခဲ့ပါသည်။ နွဲ့နွဲ့က မီးပူတိုက်နေရင်းမှ နှင်းဆွတ်ကို မြင်သွားပြီး ...

"ဟာ ... မမလေး၊ မမလေး ပြန်လာတယ် ဟုတ်လား"

"ရှူး ..."

အခန်းတံခါးကို လော့ချလိုက်ပြီး နွဲ့နွဲ့နှင့် နှင်းဆွတ်တို့ ပူးကပ်သွားပါသည်။

"မမလေး ... အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ နွဲ့နွဲ့ မေမေ ဖုန်းဆက်တယ်ဆို၊ နင် ဘာပြောလိုက်လဲ"

"မမလေး မှာထားတဲ့အတိုင်းပေါ့၊ ရခိုင်ပြည်နယ်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရပြီးကတည်းက ထွက်သွားတာလို့၊ အန်တီနန်းက ယုံပါတယ်၊ မယုံတာက ကိုရဲရင့်"

"ရဲရင့်က ဘာကို မယုံတာလဲဟ"

"မမလေး အလုပ်လျှောက်တယ်ဆိုတာ သူလည်း မသိဘဲနဲ့ ဘယ်ကဘယ်လို အလုပ်ရသွားတာလဲဆိုပြီး နွဲ့နွဲ့ကို မေးလို့မဆုံးဘူး"

နှင်းဆွတ်သည် နှုတ်ခမ်းလေး မဲ့ပြီးမှ ပြုံးလိုက်ပါသည်။

"မမလေး ဘယ်လောက်တောင် ကြာမှာလဲဟင်"

"မသိဘူး ...၊ အခြေအနေ အရပေါ့"

"အဲဒီ သူဌေးဆီက မမလေး အလုပ်တောင်းတာ ရပြီလား"

"ဘယ်ရဦးမှာလဲ၊ အခုမှ အစပဲရှိသေးတာ၊ နှင်ကလည်း၊ ဘယ်သူမေးမေး ဒီအတိုင်းပဲ ဖြေနော်၊ သူဌေး စစ်ဦးယံဆိုတဲ့ နာမည် လုံးဝ မပါစေနဲ့နော်"

"ဟုတ်ကဲ့ပါ မမလေးရယ်၊ နွဲ့နွဲ့ သိပါတယ်"

"ပြီးရော ... ငါ သွားအိပ်လိုက်ဦးမယ်"

"အိပ်ရေး မဝဘူးလား"

"နှင်ရော အိပ်ရေးဝလို့လား ..."

နွဲ့နွဲ့က ခေါင်းတညိတ်ညိတ်နှင့် ကျန်ခဲ့ရှာပါသည်။

"သမီး ဒီနေ့ အန်တီသော်တို့နဲ့ပဲ ထမင်းလာစားနော်"

"ဟုတ်ကဲ့ အန်တီသော်"





"သမီး ဘယ်သွားမလို့လဲ"

"အိမ်မှာ ခဏပြန်အိပ်မလို့ပါ အန်တီသော်၊ ကားအကြာကြီး စီးခဲ့ရတာ ပင်ပန်းလို့ပါ"

"အေး ... အိပ် ... အိပ်၊ အိပ်ရာနိုးတဲ့အချိန် ထမင်းလာစားချေ ... နော် သမီး"

"ဟုတ် ..."

နှင်းဆွတ် အိမ်ဘက်သို့ ကူးလာခဲ့ပါသည်။ အိမ်က ထွက်သွားခဲ့တာ တစ်လကျော်လောက်ရှိနေသဖြင့် ဖုန်တက်၍ နေပြီ ...။ အိပ်ရာလေးပေါ်မှာ မှောက်ချလိုက်ရင်းကမှ ဦးကို သတိရလာပါသည်။ ရင်ထဲမှာ ကျေနပ်နှစ်သိမ့်မှုကလေးကို တစ်မျိုးလေး ခံစားနေရလေသည်။

"ဘယ်သူ့ကိုမှ ဝယ်မပေးဖူးဘူးတဲ့ ..."

ဦး ဝယ်ပေးထားတဲ့ တီရှပ်ကလေးကို ဝတ်ထားရင်းက ပေါ့ပါး အေးချမ်းမှုကို ရရှိနေခဲ့သည်။

"နှင်းဆွတ်မိုး ... မယ်မင်းကြီးမ၊ နှင် ဘယ်မှာလဲ၊ ထွက်ခဲ့စမ်း ..."

အသံကျယ်ကျယ်ကြီးက အခန်းတံခါးချပ်တွေကို ဖြဲခွဲပြီး နှင်းဆွတ်နားထဲသို့ တိုးဝင်လာခဲ့သည်။ ရဲရင့် ဘယ်ကနေပြန်ရောက်လာပြီး နှင်းဆွတ်ရောက်နေတာ သိသွားခဲ့ပြီးလဲ မသိ။

"နှင်းဆွတ်မိုး ..."

"လာပြီဟေ့ ... လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်မှ ကုန်းထပြီး အခန်းပြင်သို့ ထွက်လာခဲ့ရပါသည်။

ရဲရင့် ပုံစံက ဒေါသတကြီးပုံ ထွက်နေခဲ့သည်။ ခါးကြီးထောက်ကာ နှင်းဆွတ်ကို စိုက်ကြည့်နေလေသည်။

"ဘာလဲ ..."

"အောင်မာ ... လေသံကိုက မာနေလိုက်တာ၊ ရှင်းစမ်းပါဦး၊ နင် ဘယ်ဘဝကို ရောက်သွားတာလဲ"

"ဘာကို ပြောတာလဲ ..."

နှင်းဆွတ် ရင်ထိတ်သွားကာ မေးလိုက်ပါသည်။ နှင်းဆွတ် လှုပ်ရှားမှုတွေကိုများ သူ သိထားခဲ့သလား ...။

"အလုပ်လေ ... ဘယ်က ဘယ်လို ရသွားတာလဲ၊ နင် အလုပ်လုပ်ချင်စိတ် ဖြစ်နေတာလည်း ငါတစ်ခါမှ မသိလိုက်ရပါလား"

တော်ပါသေးရဲ့ ...။ သူ ဘာမှ မရိပ်မိလိုက်လို့။

"ငါက နင့်လို မိဘလုပ်စာ ထိုင်စားပြီး ရည်းစားတွေထားနေတဲ့ လူစားမျိုးမှ မဟုတ်တာ၊ ပညာစုံရင် အလုပ်လုပ်ရမယ်၊ အလုပ်မရှိက ဘဝ မရှိနိုင်၊ အလုပ်နဲ့ ဘဝကိုတည်ဆောက် ဆိုတဲ့ စကားတွေ အလကား မဖြစ်ရအောင်ကြိုးစားနေတဲ့သူပဲလေ၊ အလုပ်လျှောက်ထားတာတိုင်း နင့်ကို တင်ပြရမှာလား"

"အမယ်လေး ... အရှုးက တစ်မူးရှူလို့၊ ဒါလေးတစ်ခု သာ





သွားတာများ ပြောမဆုံးတော့ဘူး၊ နင် ဘူးသီးတောင်မှာ ဘာတွေလုပ်ရတာလဲ"

"ဘာလုပ်ရမှာလဲ၊ ငါက accountant တစ်ယောက်ပဲ၊ စာရင်း ဇယားတွေပဲ လုပ်ရတာပေါ့"

"ဟုတ်ကဲ့ပါ စာရင်းကိုင်မကြီးရယ်၊ အဲဒါဆိုလည်း ငါ့ကို ဖုန်းနံပါတ် ပေးခဲ့လေ ..."

"ဖုန်းဆက်သွယ်လို့ မလွယ်ဘူးဟ၊ အဲဒါကြောင့် ငါ့ဖုန်းထားခဲ့တာ"

"နင်ကလည်း အဲဒါဆို နင့်ကိုသတိရရင် ဒါမှမဟုတ်ပြောစရာရှိရင် ဘယ်လိုဆက်သွယ်ရမှာလဲ"

"ငါပဲ ဆက်မှာပေါ့"

"မယုံပါဘူး၊ တစ်လကျော်လုံးတောင် မဆက်သွယ်ခဲ့ပဲနဲ့များ ..."

"ငါ ဆက်သွယ်တာ၊ မဆက်သွယ်တာ နင့်အတွက် ဘာများ ထူးမှာမို့လဲ၊ နင့်ရဲ့ မြတ်ပိုးမို့မှ မဟုတ်တာ"

"ဘာမှ မဆိုင်ဘူး"

စကားပြိုင်ပြောနေရင်းကမှ ရဲရင့်က တစ်စုံတစ်ခုကို သတိတရ ရှိသွားပုံမျိုးနှင့် ဆံပင်တွေခါ၊ မျက်လုံးတွေ ရှုံ့လိုက်ရင်း ...

"နင် ဂိမ်းကိစ္စ ဘာဆက်လုပ်မှာလဲ"

"ဘာဂိမ်းလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဦးနဲ့ ဖူးစာဖက်မယ့် ဂိမ်းလေ၊ ဘာလဲ ဆက်မဆော့တော့ဘူးလား၊ သွေးအေးတဲ့ ဂိမ်းပွဲကြီးက သိပ်မမိုက်ဘူးဟာ၊ ပျင်းစရာကြီး ..."

"ဖြည်းဖြည်းပေါ့ဟာ ...၊ ငါတို့ ဂိမ်းမှာ အချိန်အကန့်အသတ်မှ မရှိတာ၊ သာမန်အတိုင်း ရည်းစားထားရင်း အဖြေကို စောင့်ပေါ့"

"အပြောကြီးလိုက်တာ ...၊ ဒီမှာ ဒီခေတ်ကြီးမှာ မျက်စိရှေ့ ပလူးပလာ ပြရင်တောင် ကြိုက်ချင်မှ မြင်ကြတာ၊ နင့်လို အဝေးကြီးကနေ မျှော်လင့်နေရရင် ဘယ်ကလာပြီး ဂိမ်းပွဲ ပြီးမှာလဲ၊ နင့်အလုပ်က ရန်ကုန်မှာပဲ မလုပ်နိုင်ဘူးလား ..."

"အဲဒါတွေ မလိုဘူး၊ ဘယ်မှာပဲနေနေ အချိန်တန်ရင် အဖြေထွက်မှာပဲ၊ အေးဆေးလေးသာ စောင့်နေ"

"သိပ်မကြာနဲ့၊ ငါ မိန်းမ ယူဦးမှာ"

"ငါနိုင်ရင် နင် မိန်းမ မရတော့ဘူးလေ"

"နင်မနိုင်ခင် ငါယူပစ်လိုက်လို့ ရတာပဲ"

"နင်က သရဲဘောကြောင်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်တာကို ငါသိပါတယ်"

ရဲရင့် ခပ်ဟဟလေး ပြုံးလိုက်ရင်း ...

"နင်က ငါ့ကို စင်ပေါ်တင်ပြီး ကြိုးတုပ်လိုက်တာပဲ၊ အေးပါ လုပ်ပေါ့ ...၊ ငါက လူချမ်းသာ တစ်ယောက်နဲ့ ငါ့သူငယ်





ချင်း ဖူးစာပါမယ့်အရေးကို မနှစ်မြို့စရာတော့ မရှိပါဘူး၊ အလောင်းအစားကြောင့်မို့သာ ဆန့်ကျင်ဘက် အရပ်က နေပေးတာပဲ၊ ငါတို့အချင်းချင်း သူနိုင်၊ ကိုယ်နိုင် ဆော့နေတဲ့ ပွဲမှာ ဘယ်သူမှ မထိခိုက်ရင်တော့ အကောင်းဆုံးပေါ့၊ ကဲ ... နင် ထမင်းမစားရသေးဘူးမဟုတ်လား၊ သွားစားရအောင်"

"အင်းပါ ..."

ရဲရင့်၏ ကျောပြင်ကို ငေးရင်း နှင်းဆွတ် ဖြည်းဖြည်းလေး လိုက်ပါသွားခဲ့ပါသည်။

ညနေစောင်းတော့မှ နှင်းဆွတ် ပြန်လာခဲ့သည်။ ဦးတို့အိမ် ပြန်မဝင်ခင် သနပ်ခါးထူထူလိမ်းပြီး 'နုနုထွင့်' အရေကို ခြုံခဲ့ရသည်။

နှင်းဆွတ် ဒီတစ်ကြိမ် ဦးဆီ အရောက်လာခဲ့တာဟာ ဂိမ်းပွဲတစ်ခုရဲ့ နှိုးဆော်ချက်ကြောင့်လား ...။

နှင်းဆွတ် ကိုယ်တိုင်ရဲ့ ခံကျနုပ်နှစ်သက်မှုကြောင့်လား ... နှင်းဆွတ် သိပ်ပြီး ရေရေရာရာ မသိသေးပါ ...။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

♥ ♥ ♥

"မာလာ လာလည်တာကို ကိုစစ် မကြိုက်ဘူးလား"

သူ့မျက်နှာကို လှည့်၍ပင် မကြည့်ဘဲ အရှေ့သို့သာ မျက်နှာမူ၍ မေးလာပါသည်။

"မမာလာ မေးခွန်းက တစ်မျိုးဆန်ပါတယ်၊ ကျွန်တော်က ဘာကိစ္စကြောင့် မကြိုက်ရမှာလဲ ..."

"မသိဘူးလေ၊ မာလာ ရောက်တာနဲ့ စာကြည့်ခန်းထဲ ဝင်သွားလိုက်တာ ပြန်ပို့ပေးပါလို့ အန်တီခိုင်းတော့မှပဲ ထွက်လာတယ်"

"မဟုတ်ပါဘူး ...၊ ကျွန်တော် လေယာဉ်အသစ်တစ်စီး ဝယ်ဖို့ကိစ္စ လုံးပမ်းနေရလို့ပါ၊ မိတ်ဆွေနဲ့ အင်တာနက်ဖုန်း ပြောဖို့ ချိန်းပြီးသားမို့ပါ"

"ဪ ...၊ ဒါတော့ မာလာ ကျေနပ်ရမှာပေါ့"

ပြောတာ ဆိုတာ၊ နေထိုင်တာ လူကြီးဆန်တယ်





ထင်ရပေမယ့် ဒီတစ်ကြိမ်တော့ သိပ်ကလေးဆန်နေသလိုပင် ...။

သူ မပွင့်တပွင့် ပြုံးလိုက်မိပါသည်။ သူ့ကိုကလည်း တမင်ရှောင်သလို ဖြစ်သွားခဲ့ပါသည်။

အခါတိုင်းလည်း စကားလက်ဆုံ ပြောဆိုကြဖူးပေမယ့် မမာလာကို သူ ရင်းရင်းနှီးနှီး မရှိတာတော့ ဝန်ခံရပါမည်။

ယနေ့ ညနေခင်းမျိုးမှာ မမာလာ ရောက်လာခဲ့သဖြင့်လည်း သူ့အတွက် မထူးဆန်းသလိုပင် ...။

မေမေနှင့် ပျော်ပျော်ရွှင်ရွှင် စကားပြောဆိုကြရင်း နုနုထွင်း လုပ်ကျွေးသည့် အသားကင်ကို စားရင်းနှင့် ညနေတစ်ခင်းကို သူ့ဘာသာ ကျေကျေနပ်နပ် ကုန်ဆုံးသွားမည်ပဲ သူထင်ထားခဲ့သည်။

အခုလို စိတ်ကောက်နေလိမ့်မည်ဟု သူ လုံးဝမထင်ပေ။

သူလည်း စာကြည့်ခန်းထဲမှာ အလုပ်ကိစ္စ ဖုန်းပြောရင်း စိတ်အေးသက်သာစွာ ကုန်ဆုံးခဲ့တာပင် ...။

"မာလာ မရောက်တဲ့ စပ်ကြားမှာ ကိုစစ်တို့ အိမ် ဝန်ထမ်း ပြောင်းသွားတယ်နော်"

"ဟုတ်တယ်"

"အသက်က သိပ်ငယ်နေသလားလို့"

"မေမေက ငယ်ရွယ်တော့ ပိုသွက်လက်တယ်ဆိုပြီး ခန့်



www.burmeseclassic.com

www.burmeseclassic.com



ထားတာပါ၊ မေမေ့အတွက်တော့ အရမ်းအဆင်ပြေတယ်လေ”

“ဪ ... ဪ ... ဘယ်နယ်ကတဲ့လဲ”

“ကျောက်ပန်းတောင်းက ဆိုလား၊ ပခုက္ကူကလား မသိဘူးခင်ဗျ၊ မေမေ သိလိမ့်မယ်”

“ကိုယ့်အလုပ်သမားအကြောင်းလေးလည်း သိအောင်လုပ်ထားပေါ့ ကိုစစ်”

“ကျွန်တော့်အတွက် ဒါတွေ လိုအပ်လို့လား”

“သိပ်လိုတာပေါ့၊ ကိုစစ်အတွက် ပိုလိုအပ်ပါတယ်၊ ကျွန်မက ဒီဗိုင်နှာ ဆိုပေမယ့် လူတစ်ယောက်ရဲ့ မျက်လုံးတွေ ရိုးသားသလား၊ မရိုးသားဘူးလားဆိုတာတော့ ဖတ်နိုင်ပါတယ်၊ အဲဒီ နုနု ဆိုတဲ့ ကောင်မလေး မျက်လုံးတွေက တစ်မျိုးပဲ၊ မတည်ငြိမ်ဘူး၊ ကိုစစ် သတိထားပြီး ကြည့်လိုက်ပါ၊ မာလာ စေတနာနဲ့ သတိပေးတာပါ”

“ဟုတ်လို့လားဗျာ ... ၊ ကလေးမလေးက လိမ္မာပါတယ်၊ အလုပ်လုပ်တာလည်း ကျွမ်းကျင်တယ်၊ မေမေ့ ကျန်းမာရေးလည်း သူ့ရောက်မှ ပြန်ကောင်းလာတာဗျ၊ ရဲယိုသီးမာတ်စာ ဖျော်ရည်ကို သူကိုယ်တိုင် ဖျော်ပြီးတိုက်ပေးတာဗျ၊ စေတနာပါပါနဲ့ အလုပ်လုပ်ပေးရှာတာပါ”

“ကောင်းပြီလေ၊ မာလာ သတိပေးရုံပါ၊ ကိုစစ် ထက်မြက်





တာ မာလာ သိပါတယ်၊ ထက်မြက်သလောက် စိတ်ကောင်းရှိနေရင်လည်း မှားတတ်တယ်”

အိမ်ရှေ့ စင်ဝင်မှာ ကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် စကားလည်း လက်စသတ်၊ တစ်ခါတည်း မမာလာ ကားပေါ်က ဆင်းသွားတော့သည်။ သူလည်း ကားဒရိုင်ဘာကြီးကို အမြန်မောင်းခိုင်းကာ အိမ်ပြန်ရောက်ချင်စိတ် စောနေသည်။

ကမာရွတ် Eldorado ရှေ့အရောက်မှာ ကားရပ်ခိုင်းပြီး ချိစ်ကိတ်ကလေး ဝင်ဝယ်ဖြစ်ခဲ့သည်။

အခုတလော အိမ်ကိုပဲ စောစောပြန်ချင်နေသည်။ နေမကောင်းတဲ့ မေမေ့ကို စိတ်မချနိုင်ဘဲ စောစောပြန်ရောက်နေတတ်တာများ အကျင့်ပါသွားသလား မပြောတတ်ပါ။ အိမ်မှာ နေနေရရင် လုံခြုံပြီး စိတ်ချမ်းသာမှု ရရှိနေပါသည်။

သူ အိမ်ထဲကို လှမ်းအဝင်မှာ နုနုကို ချက်ချင်းတွေ့လိုက်ရပါသည်။ သူ ကျေနပ်သွားမိသည်။

“နုနု ... လာပါဦး”

“ဟုတ်ကဲ့ ဆရာ”

“ကိတ် ဝယ်လာခဲ့တယ်၊ မေမေ့အတွက် နည်းနည်းပဲဦးချပြီး နုနု စား ... ”

နုနုသည် မုန့်ဘူးကို လှမ်းယူကြည့်ပြီး မျက်လုံးအရောင်များက ဖြာလဲ့လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နုနု အကြိုက် Eldorado ပဲ"

"စားဖူးလို့လား ..."

"ဟို တီဗီမှာ ကြည့်ဖူးကတည်းက စားချင်တာ ... ဟိ"

"အခု စားပေါ့၊ အဝစား ..."

"ရှမ် ... အဝစား၊ အဝမှာတော့ မစားပါရစေနဲ့ ဆရာရယ်၊ လူတွေမြင်ရင် ရှက်စရာကြီးပါ"

"ဟင် ..."

"ဟိ ဟိ ..."

"သြော် ... မင်းက ငါ့ကို နောက်နေတာပေါ့၊ ဟား ဟား"

သူသည် လွှတ်လပ်စွာ ရယ်မောရင်းမှ စာကြည့်ခန်းထဲ ဝင်လာခဲ့ရပါသည်။ ခုတလော မကြာခဏကို ပြုံးရွှင်နေမိရပါသည်။

လက်ပ်တော့ ဖွင့်လိုက်ချိန်မှာ သူ့အာရုံတွေ ဇဝေဇဝါ ဖြစ်သွားခဲ့သည်။ သူ ကွန်ပျူတာ မပိတ်ခဲ့ပါဘူး။ အခု ပိတ်ထားပြီးသား ဖြစ်နေပြီ ...။

"ဆရာ ... ကိတ်မုန့်စားပါဦး"

ကိတ်မုန့် ပန်းကန်လေး ယူလာသည့် နုနုကိုမြင်တော့ ...

"နုနု ... မင်း ဆရာ့ လက်ပ်တော့ကို ပိတ်လိုက်တာလား"

"ရှင် ..."

ပုည စင်စာအုပ်တိုက်



"ကိုယ် စက်မပိတ်ခဲ့ဘူး၊ ဒါပေမယ့် ပိတ်ပြီးသား ဖြစ်နေတယ်"

"ဆရာရယ် ... နုနုလို တောသူက ဒါတွေ ဘယ်လိုကိုင်တတ်မှာလဲ၊ မလုပ်ပါဘူး"

"ကိုယ့် စာကြည့်ခန်းထဲ မဝင်ဘူးပေါ့"

"ဝင်ပါတယ်၊ ဒါပေမယ့် ဘာမှမလုပ်ပါဘူး"

သူ ခေါင်းတွေမူးလာကာ ဇဝေဇဝါပင် ဖြစ်သွားတော့သည်။ ထိုင်ခုံမှာ ထိုင်ချရင်း ...

"ကောင်းပြီ ... သွားလို့ရပြီ"

"ဟုတ်ကဲ့ ..."

ကျောလှည့် ထွက်ခွာသွားခဲ့သော နုနုထွင့်ကို ငေးကြည့်နေမိရင်း သူ့ဦးနှောက် မှတ်ဉာဏ်ပေါ်တွင်ပင် သံသယဝင်လာခဲ့တော့သည်။

ညစာ ထမင်းစားချိန်မှာတော့ သူ့မေ့လျော့မှုကြောင့်ပဲဟု လက်ခံရင်း နုနုထွင့်ကို တောင်းပန်လိုက်ပါသည်။

"ညနေက နုနုကို စွပ်စွဲသလို ဖြစ်သွားတယ်၊ ဆောရီးပဲနော်"

"ရပါတယ် ဆရာ၊ နုနု ဘာမှ မခံစားရပါဘူး"

မခံစားရဘူးဟုသာ ပြောလိုက်ရသော်လည်း နှင်းဆွတ်ရင်တွေ ဝုန်းဒိုင်းကျဲနေလေသည်။ ရင်ခုန်နေသည်ဟုလည်း ဝန်ခံချင်ပါသည်။

ပုည စင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးနှင့် ဒေါ်မာလာတို့ ပြုံးရွှင်စွာ အိမ်ကထွက်အသွားမှာ ဦး၏ စာကြည့်ခန်းဆီ ဝင်လာခဲ့မိပါသည်။ ဖွင့်လျက်သား လက်ပ်တော့လေးကို နှင်းဆွတ် စပ်စုကြည့်မိချိန်မှာ screen မှာ ရုတ်တရက်ပေါ်လာသော ဓာတ်ပုံကလေးက နှင်းဆွတ်၏ အသက်ရှူသံတို့ကို တုံ့ခနဲ သေသွားစေပါသည်။

ဖိနပ်လှလှလေး တစ်ရံဘေးမှာ ရပ်နေသော ခြေထောက်ပိုင်ရှင်ကလေး၏ ပုံကို wallpaper တင်ထားခဲ့ပြန်ပါပြီ။ အဲ့ဒါ နှင်းဆွတ် ခြေထောက်ကလေး ဖြစ်သည်။ ဦးကို ပေးလိုက်ရတဲ့ ဖိနပ်ကလေးအစား ပြန်ဝယ်တဲ့နေ့မှာ ဆိုင်ပိုင်ရှင်က နှင်းဆွတ် ခြေထောက်ကလေးနှင့် ကြော်ငြာရိုက်ချင်သည်ဟု ကမ်းလှမ်းလာသဖြင့် ကြော်ငြာ ပိုစတာ ရိုက်ဖြစ်ခဲ့သည်။

ဒီပုံကလေးကို ဦးက သဘောကျနေပြန်တာ သိရတဲ့ နှင်းဆွတ် မကျေနပ်၊ မကြည်နူးဘဲ မနေနိုင်ပါ။

ပျော်ရွှင်ငေးမောနေမိတုန်းမှာ ဦး၏ ကားသံကြားလိုက်ရသဖြင့် အိပ်မက်ထဲမှ နိုးထလာသလို မေ့ပြီး စက်ကို ပိတ်ချလိုက်မိပါသည်။

ဦး၏ မှတ်ဉာဏ် ကောင်းမှုအပေါ်မှာ နှင်းဆွတ် လိမ်ညာလှည့်စားလိုက်ရပါသည်။

ဦး ခွင့်လွှတ်ပါနော် ...။ နှင်းဆွတ် တောင်းပန်ပါတယ် ...။

☺ ☺ ☺



(၂၂)

♥ ♥ ♥

“သူဌေး အခု ဆေးရုံမှာ အနားယူနေတုန်းပါရှင်၊ ဆရာဝန်က ပြင်ပ ဧည့်သည်တွေနဲ့ မတွေ့ရသေးဘူးလို့ ပြောပါတယ်”

“အခုတော့ သက်သာနေပါပြီ”

“ဟုတ်ကဲ့ ... သူဌေးကို ပြောပြလိုက်ပါ့မယ်”

“ကျွန်မ သူ့ဝန်ထမ်းပါ”

“မဟုတ်ပါဘူး၊ အိမ်ကပါ”

စစ်ဦးယံ ဆိုတဲ့သူသည် အခုထိ သတိကောင်းစွာ ရှိနေခဲ့ပါသည်။ သူ ညဦးယံ ခဏ အိပ်မောကျသွားချိန်မှာ တိုးလျပေမယ့် ပြတ်သားတဲ့ စကားသံက လှုပ်နှိုးလိုက်ပါသည်။

ရုတ်တရက် နိုးသွားသဖြင့် ရင်ထဲ အနည်းငယ်တုန်သလို ရှိသော်လည်း စကားသံကလေးကို ပြတ်ပြတ်သားသား ကြားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းတွေ ဝေဒနာကြောင့်မဟုတ်ဘဲ ချာချာလည်နေသည်။ မယုံနိုင်သေးသဖြင့် မျက်လုံးများ ဆက်၍ ဖိမှိတ်ထားခဲ့ပါသည်။ အင်္ဂလိပ်စကားကို ရေရေလည်လည် မှန်မှန်ကန်ကန် ပြောဆိုနေသော အသံကလေးက သူ့ရင်ကို သံသယ ဆူးချွန်များဖြင့် ထိုးနှက်နေသည်။

"နုနု ဆိုတဲ့ ကောင်မလေး မျက်လုံးတွေက တစ်မျိုးပဲ၊ မတည်ငြိမ်ဘူး"

"ထက်မြက်သလောက် စိတ်ကောင်းရှိနေရင်လည်း မှားတတ်တယ်"

သူ့နားထဲမှာ စကားသံအချို့ ပြန်လည်ကြားယောင်လာခဲ့သည်။ မောဟိုက်ဆို့နစ်လာပြီး ချွေးစေးများ နဖူးမှာ စီးကျလာသည်။

အေးစက်သော ရေခဲဝတ်ကလေးက ညင်သာစွာ နဖူးပေါ် ကျလာသည်။ အသည်းထဲအထိ အေးစက်သွားခဲ့ပါသည်။

ဝိတိုရိယ ဆေးရုံကြီး၏ စပါယ်ရှယ်ခန်းထဲတွင် သူနှင့် ဤကလေးမ နှစ်ယောက်တည်းသာ ရှိနေပါသည်။ သူ့စိတ်တွေ အပြင်းအထန် လှုပ်ရှားနေသော်လည်း အိပ်ပျော်ချင်ယောင်ပဲ ဆောင်နေခဲ့ပါသည်။

"ဦး ..."

အနား နားကပ်၍ ခေါ်သံကလေးက သူ့ဦးခေါင်းကြီး တစ်ခုလုံးကို ကြီးမားသွားစေခဲ့ပါသည်။





"ဦးရယ် ... ဘာဖြစ်လို့ အခုလို ဖြစ်ရမှာလဲ၊ အမြန်ဆုံး နေကောင်းပါတော့နော် ..."

သူ့လက်ဖဝါးလေး နွေးထွေးသွားခဲ့သလို အပေါ်သို့လည်း မြောက်တက်လာပါသည်။ သူ့ရင်တစ်ခုလုံး အရှိန်ပြင်းစွာ လှုပ်ရှား၍နေပါသည်။ ဘာမှန်းမသိသော်လည်း နက်နဲသော ခံစားချက်က နှလုံးသားကို ပြင်းပြစွာ ထိုးနှက်လိုက်လေသည်။

သူ့လက်ကလေးကို နဖူးအထိ ဖိကပ်ကာ တသိမ့်သိမ့် ငိုရှိုက်နေခဲ့သည်။

ဖြစ်မှဖြစ်ရလေ ...။

သူ့ကို သနားလွန်းစွာ ငိုရှိုက်နေသော ဤကလေးမလေးကို ဖက်ပွေ့နှစ်သိမ့်လိုက်ချင်သော်လည်း သူ့မာနက ခွင့်မပြုခဲ့ပေ။ မကြာခင်မှာ သူ့လက်ကလေး နေရာတကျ ပြန်ရောက်လာခဲ့သည်။

တိတ်ဆိတ် တိုးသက်စွာ အနားက ထွက်သွားခဲ့ပါသည်။

သူ လစ်ဟာစွာ ကျန်ခဲ့သည်။ သူ့လက်ဖဝါးလေးကို မွေးရှိုက်စဉ်မှာ သနပ်ခါးနံ့ကလေးက စွဲငြိကျန်ခဲ့သည်။

သူ့ နှလုံးသားမှာလည်း သူမ ရှိုက်သံကလေးက ငြိတွယ်ကျန်ခဲ့သည်။

"ဟဲလို ... မေမေကြီးလား"

"ဆရာ အိပ်ပျော်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အိပ်ပါ့မယ် မေမေကြီး၊ ဟုတ်ကဲ့"

မေမေ့ဖုန်းကို ဖြေနေသော အသံကလေးကို သူ သနား၍နေပါသည်။

သူ ကားအက်ဆီးဒင့်တစ်ခု ဖြစ်ခဲ့ပါသည်။ သွေးထွက်လွန်သောကြောင့် အရေးပေါ် ခွဲစိတ်ကုသ ခံခဲ့ရပါသည်။

သူလိုအပ်သော သွေးကို နုနုထွင်ကပဲ လှူခဲ့ပြီး သူ့အနားမှာပဲ ပြုစုစောင့်ရှောက်ပေးနေခဲ့ပါသည်။

သူ့အပေါ် သိပ်ကောင်းခဲ့သော နုနုကို မယုံသင်္ကာစိတ်လည်း မရှိချင်ပေ ...။ သို့သော်လည်း သွက်လက်သော အင်္ဂလိပ်စကားပြောအသံက သူ့အာရုံကို ရှုပ်ထွေးစေပါသည်။

သူ မျက်လုံးဖွင့်ကြည့်လိုက်ပါသည်။ ဆိုဖာလေးပေါ်မှာ စောင်ကလေးခြုံ၍ ထိုင်နေသော နုနုက ချက်ချင်း တွေ့သွားပါသည်။

"ဆရာ ... အိပ်ရာက နိုးပြီလားဟင်၊ ဘာစားချင်လဲဟင်၊ နုနု ဘာစီစဉ်ပေးရမလဲ"

"မစားချင်ပါဘူး၊ မီးအရောင်တွေက မျက်စိရှုးလိုက်တာ ပိတ်ပေးပါလား"

"ရှင် ..."

"မီးချောင်းတွေ ပိတ်ပေးပါလား"

"ဟုတ်ကဲ့ ..."





အခန်းထဲမှာ အလင်းရောင်တွေ ဆိတ်သုဉ်းသွားခဲ့သလို သူနှင့် နုနုထွင်တို့လည်း အဝေးကြီးမှာ ရှိနေကြသည်။

သူ မတ်တတ်ထရပ်လိုက်ပါသည်။ နုနုထွင် သူ့ကို လှမ်းကြည့်နေသည်။

"ဘာဖြစ်လို့လဲ ဆရာ"

"လမ်းလျှောက်ချင်တယ်ကွာ"

သူတို့နှစ်ယောက် နားလည်မှု ရသွားခဲ့ပါသည်။

သူ့လက်မောင်းကလေးကို ဖေးမသည့် သဘောနှင့် ခပ်ဖွဖွ ကိုင်ပေးပါသည်။

လေပြေနုနုက နှစ်ယောက်လုံးဆီ တိုးဝင်လာခဲ့သည်။ အနွေးထည်ကလေးကို သူ့ပခုံးပေါ်မှာ လွှားခြုံပေးလာတော့ နှစ်ဦးသား အလွန် နီးကပ်သွားခဲ့လေသည်။

သနပ်ခါး အနံ့ကလေးက သင်းကြိုင်နေခဲ့လေသည်။

"နုနုထွင်"

"ပြောပါ ဆရာ"

"ဆရာနဲ့ မေမေ့ဆီ မင်း ရောက်လာခဲ့တာဟာ ကံတရားလား"

"ရှင် ..."

နုနု မျက်လုံးများ ဝိုင်းကာ သူ့ကို မော့ကြည့်လာပါသည်။ သနပ်ခါးထူထူကြီးနှင့် ဆံပင်ပွယောင်းယောင်းတွေနှင့် မျက်နှာကို သူ မှတ်မိ စွဲမြဲနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံတရားဆိုတာ ဆန်းကြယ်ပါတယ် ဆရာ၊ နုနုနဲ့ ဆရာတို့ တွေ့ဆုံမှုက ကံတရား မဟုတ်ဘူး၊ လိုအပ်မှုပါ"

"လိုအပ်မှု ..."

"အင်း ... နုနုက စားဝတ်နေရေး အဆင်ပြေဖို့ ငွေလိုသလို ဆရာတို့က အိမ်အကူလိုတယ် မဟုတ်လား ...၊ အဲဒါ လိုအပ်မှုပေါ့"

"မြန်မာ စကားကို လည်လည်ဝယ်ဝယ် ပြောတတ်တယ်နော်"

"နုနုက မြန်မာလေ ..."

"အင်္ဂလိပ် စကားပြော ကျွမ်းတာကရော"

"ဘုန်းတော်ကြီး ကျောင်းမှာ ငယ်ငယ်က ပုံမှန်သင်ခဲ့ရတာပါ၊ တော်ရုံ တန်ရုံ ပြောနိုင်ပါတယ် ဆရာ"

သူနှင့် နုနုအကြား တိတ်ဆိတ်သွားပါသည်။ လမင်းကြီးက တဖြည်းဖြည်း ရွေ့လျားသွားခဲ့ပြီ ...။

ဘာမှ ဆက်မပြောတော့ဘဲ အခန်း ပြန်ခဲ့ကြတော့သည်။

"မင်းဟာ ကိုယ်တို့အိမ်က ဝန်ထမ်း တစ်ယောက်ပါပဲ နုနုထွင့်ရယ်၊ ဒါပေမယ့် ကိုယ်က မင်းရဲ့ သူဌေး တစ်ယောက်ဆိုတဲ့ စိတ် မရှိတော့ဘူး၊ ကိုယ် မျှသိပ်ထားနိုင်တုန်းမှာ မင်းနဲ့ ဝေးဝေးနေမှပဲ ဖြစ်ပါတော့မယ်"





တစ်ဖက်လှည့် ငြိမ်သက်နေသော ကျောပြင်ကို ငေးကာ သူ့ရင်ထဲမှာ စကားလုံးများစွာ ရေရွတ်နေမိတော့သည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေမှာ လူတွေဟာ
ကိုယ့်ကို ဘုရားပေးထားတဲ့
ဆုလာဘ်ကို ဆုလာဘ်မှန်း
မသိကြဘူး ...၊
ကိုယ်တိုင် စွန့်ပစ်လိုက်ပြီးမှ
ဆုလာဘ်အဖြစ် သိခွင့်ရတော့
... ... ...? ... ... ...

'စမ်ဦးယံ'

## (၂၃)

♥ ♥ ♥

"ဓာတ်ပုံတွေထဲမှာပဲ ကိုယ့်တူကို ကြည့်ရတော့ ဘယ်အားရပါ့မလဲ၊ ကိုယ်တိုင် ချီချင်မှာပေါ့ နော် သမီးလေး"

"ဒါပေါ့ မေမေရယ် ..."

လေယာဉ်ကွင်းမှ ပြန်ရောက်ရောက်ချင်းမှာပဲ မေမေက နှင်းဆွတ် တူလေး၏ ဓာတ်ပုံတွေကို အိတ်ထဲမှ အားပါးတရ ထုတ်ပြရှာပါသည်။

မွေးကင်းစကနေ လေးဆယ့်ငါးရက်အထိ နေ့စဉ်မှန်မှန်ရိုက်လာသော ကလေးပုံလေးက အင်မတန် ချစ်စရာကောင်းပါသည်။ နီနီရဲရဲကလေးနှင့် မျက်လုံးမှိတ်ပြီး အိပ်ပျော်နေပုံ၊ ကင်မရာကို မျက်လုံးပြူးပြီး ကြည့်နေပုံကလေးတွေက အင်မတန် ချစ်စရာ ကောင်းနေပါသည်။

"အရုမ်း ချစ်ဖို့ကောင်းတာပဲ၊ ဖေဖေဆို အရမ်းပျော်နေမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ...၊ အလုပ်က ပြန်လာတာနဲ့ သူ့မြေးကို ချီလိုက်တာ လက်ကမချတော့ဘူး၊ သူ့ပေါ်ကို အီးပါချတာလည်း ပျော်ပျော်ပဲ"

"ဟင်း ... ဟင်း ..."

"နေပါဦး ... ငါ့သမီးလေး ပိန်သွားလိုက်တာ၊ ဘယ်လိုဖြစ်တာလဲ၊ အလုပ်က ပင်ပန်းလို့လား"

မေမေက နှင်းဆွတ် ပါးကလေးကို ပွတ်ကာ မျက်ဝန်းတွေကို ငေးရင်း မေးလာပါသည်။ အစကတည်းက ဝမ်းနည်းမာတ်ခံရှိတဲ့ နှင်းဆွတ် မျက်လုံးမှာ မျက်ရည်များစို စွတ်လာပါသည်။

"မေမေတို့နဲ့ အကြာကြီးခွဲနေရတာ ပင်ပန်းတာပေါ့၊ အစားအသောက်လည်း မေမေ့လိုမှ ကောင်းကောင်းမချက်တတ်တာ ... ဟင့် ..."

မေမေ့ရင်ခွင်ကို တိုးဝင်ပြီး ချွဲနွဲ့ငိုချလိုက်ပါသည်။ မေမေက နှင်းဆွတ် မျက်နှာလေးအနံ့ နမ်းရှုံ့ပြီး ချော့ရှာပါသည်။

"အလုပ်ရော အဆင်ပြေလား"

"ထွက်လိုက်ပြီ"

"ဘယ်လို ..."

"နယ်မှာပဲ အကြာကြီးဆိုတော့ မနေချင်တော့ဘူး၊ အဲ့ဒါကြောင့် ..."





"ဟော်တော် ... မေမေကတော့ သမီးလေး အလုပ်အကိုင်နဲ့ စိတ်တည်ငြိမ်ပြီး ရင့်ကျက်လာမယ် မှတ်နေတာ၊ အခုထိ ကလေးလိုပဲ"

မေမေသည် အဝတ်ထုပ်တွေ အခန်းထဲဆွဲသွင်းရင်း ညည်းရှာပါသည်။

"ကလေး မဟုတ်တော့ပါဘူး မေမေရယ်၊ နှလုံးသားတစ်ခုလုံးတောင် ဒဏ်ရာရပြီး ပြန်လာခဲ့တာပါ"

ထိုစကားကိုတော့ ရင်ထဲကနေပဲ ပြောဖြစ်လိုက်ပါသည်။

"ဒီနေ့ ဘာစားမလဲ နှင်းဆွတ်၊ မေမေ့ကို ပြော"

"မေမေ ချက်ကျွေးမလို့လား"

"အင်းပေါ့၊ မေမေ့သမီး အငယ်ဆုံးလေးကို ပစ်ထားခဲ့တာ တစ်နှစ်ကျော်သွားပြီပဲ၊ အခု ပြန်ပြုစုရမှာပေါ့၊ တစ်နှစ်စာ တိုးရင်းပေါင်းနဲ့"

"အဲလို မပြောပါနဲ့ မေမေရယ်၊ မေမေ မရှိတဲ့ တစ်နှစ်အတွင်း နှင်းဆွတ်ရဲ့ လက်စွမ်းတွေက ဘယ်လောက်တက်လာတယ်ဆိုတာ ပြချင်လို့ နှင်းဆွတ် ချက်ကျွေးပါမယ်၊ မေမေက လေယာဉ် အကြာကြီး စီးလာရတာ၊ နားလိုက်နော်"

"အဲဒီလို လုပ်ကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"ကောင်းလိုက်တာ ငါ့သမီးလေး ကျေးဇူးနဲ့ နုပ်ရတော့မယ်၊ အိပ်ရာနိုးရင် သမီးလက်ရာကို အတူစားမယ်၊ သမီးအတွက် လက်ဆောင်တွေ အများကြီး၊ အများကြီးပါတယ်၊ ပြီးရင် ပြမယ်"

"ဟုတ်ကဲ့ပါ မေရယ် ...၊ နားလိုက်နော်"

မေမေ့ အခန်းထဲသို့ ဝင်ပို့ပေးပြီး အိပ်ရာပေါ်မှာ မေမေ လှဲချလိုက်တော့မှ နှင်းဆွတ် ထွက်လာခဲ့ပါသည်။

ဦးအတွက် ခရီးဆောင်အိတ်တွေကို တစ်နှစ်အတွင်းမှာ အကြိမ်ရေပေါင်း များစွာ ပြင်ဆင်ပေးခဲ့ရဖူးသည်။

နောက်ဆုံးအကြိမ် ပြင်ဆင်ပေးခဲ့ရတဲ့ ညကိုတော့ တစ်သက်လုံး မေ့လို့ ရတော့မည် မထင်ပါ။ အဲဒီနေ့ထက် သုံးရက်လောက် စောပြီး ဒေါ်မိုးမခက ဆေးကုသဖို့ စင်ကာပူကို ကြွသွားခဲ့ရပါသည်။

ထို့နောက်မှာ ဦးက လိုက်သွားမည်ဟု နှင်းဆွတ် သိထားပါသည်။

မနက်ဖြန်ဆို သွားတော့မည်ဆို ဒီနေ့ညလိုမျိုးမှာ ဦးက နှင်းဆွတ်ကို ထမင်းစားခန်းထဲမှာ ခေါ်တွေ့ပါသည်။

ဦး ရှေ့မှာ နှင်းဆွတ် ဝင်ထိုင်လိုက်ပြီးသည်နှင့် နှင်းဆွတ် ရှေ့သို့ ငါးထောင်တန် တစ်အုပ် ရောက်ရှိလာသည်။





"ဘာလဲ ဆရာ"

"နုနု သုံးဖို့ပါ"

"ဆုကြေးတော့ ..."

"မဟုတ်ဘူး၊ နုနု ရှာပြန်တော့ ...၊ ဆရာနဲ့ မေမေ စင်ကာပူမှာ ဒီတစ်ခေါက် အကြာကြီး နေမယ်၊ နုနု ရှာပြန်နိုင်ဖို့ ပေးတာပါ"

နှင်းဆွတ် မျက်ရည်များ ဝဲတက်လာပါသည်။ ဦးကားအက်ဆီးဒင့်ဖြစ်အပြီး ဆေးရုံမှ ဆင်းလာကတည်းက နှင်းဆွတ်အပေါ် စိမ်းကားခဲ့တာ ဖြစ်သည်။ အခုတော့ နှင်းဆွတ် ဘာအပြစ်မှ မလုပ်မိပါဘဲ အလုပ်ထုတ်ခံရသည်။

"ဆရာက ဒီလိုလူမျိုးလား ...၊ စိတ်ထားမမှန်တဲ့ လူမျိုးလားဟင်"

"နုနုထွင့် စကားကို ဘယ်လိုပြောနေတာလဲ၊ ကိုယ်ဟာ မင်းရဲ့ အလုပ်ရှင်ပါ၊ ကိုယ် မင်းအလုပ်လုပ်ခဲ့တဲ့ ကာလ ပတ်လုံး လစာမပေးခဲ့တဲ့ အလုပ်ရှင်မျိုး မဟုတ်ပါဘူး၊ မင်း မစော်ကားပါနဲ့ ..."

"ဟုတ်ကဲ့ပါ၊ မစော်ကားတော့ပါဘူး ဆရာ၊ နုနုကို မမြင်ချင်တော့တဲ့ လူရဲ့ အိမ်မှာလည်း မနေချင်ပါဘူး၊ ခုပဲ အလုပ်ထွက်ပါတယ်၊ မေမေကြီးကိုတော့ နုနု အရမ်းချစ်ခဲ့ပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုတော့ မုန်းတယ်ပေါ့ ..."

"လစာနဲ့တန်အောင် အလုပ်လုပ်ခဲ့ပါတယ်၊ ဒီ ငါးသိန်းနဲ့ တန်အောင်လည်း သွေးလှူခဲ့ပါတယ်၊ ဒါပေမယ့် ငွေတွေ တော့ ယူမသွားတော့ပါဘူး"

"ဟိတ် ... ယူသွား၊ ငါ အကြွေးမတင်ချင်ဘူး"

"ခုချိန်မှာ ရှင်က ကျွန်မအလုပ်ရှင် မဟုတ်တော့လို့ ရှင့် စကား နားမထောင်နိုင်တော့ပါဘူး"

နှင်းဆွတ်သည် ဝမ်းနည်းတာရော၊ မယုံနိုင်တာရော ပေါင်းကာ ဒေါသထွက်နေခဲ့ပါသည်။ ရှိတဲ့ အဝတ်အစားလေးတွေ ကောက်သိမ်းရင်း သူပေးထားသမျှ အင်္ကျီတွေ၊ အလှပြင်ပစ္စည်းတွေကို စီစီရီရီ ထားထားရာမှ ထိုးချေဖွထားခဲ့ပါသည်။

ညတွင်းချင်း ထိုအိမ်မှ ထွက်ခွာခဲ့ပါသည်။ ခြံဝအထိ လက်ကို လိုက်ဆွဲလာသော ဦးကို အတင်းရုန်းကန်မိသည်။

"ညဘက်ကြီး မသွားနဲ့လေ၊ မနက်ကျမှ ငါ လေဆိပ်မသွားခင် လိုက်ပို့မယ်"

"မလိုဘူး ..."

"ဟိတ် ... နှင်း၊ နှင်းဆွတ် ..."

"ဆရာ လိုက်မလာနဲ့နော် ..."

နှင်းဆွတ် ရင်နှင့်မျှတာအောင် ကြေကွဲခဲ့ရပါသည်။ ဒါပေမယ့် ဆရာ နှင်ချလိုက်တာပဲ ကောင်းပါသည်။ မေမေ ပြန်လာခါနီးပြီမို့ နှင်းဆွတ်လည်း အိမ်ပြန်ရဦးမှာပဲ ဖြစ်သည်။





ဘယ်လိုပြောပြီး အလုပ်ထွက်ရမယ်မှန်း မသိသော နှင်းဆွတ်ကို ဘုရားသခင်ကပဲ ကူညီလိုက်သည်ဟု သတ်မှတ်လိုက်ရပါသည်။ ပိုက်ဆံပေးခဲ့တဲ့၊ မောက်မာတဲ့ မျက်နှာကြီးကို မုန်းတာကလွဲရင်ပေါ့။ တစ်ခုတစ်ခုကြောင့်နဲ့တော့ ကြေကွဲနေရပါသည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

♥ ♥ ♥

"ဆရာ ထင်သားပဲ၊ ဟိုတစ်ခါ လေယာဉ်ဝယ်တဲ့ ကိစ္စမှာ ငွေတွေ တော်တော်များများ အလွဲသုံးစား လုပ်ခဲ့ကတည်းက ထုတ်ပစ်ချင်တာ၊ ဒါပေမယ့် ဖေဖေ့ လက်ထက်ကတည်းက ခန့်ထားတဲ့ MD ဆိုတော့ မသိချင်ယောင်ဆောင်ပေးခဲ့တာပဲ ဇေဇော်၊ ခုတစ်ခေါက်လည်း သူက စည်းကမ်းချိုးဖောက်တယ်ဆိုတော့ နေပါစေ ... ဆရာ ပြန်မခေါ်နိုင်တော့ဘူး"

ဇေဇော်က သူ့စကားကို မတ်တတ်ရပ် အနေအထားဖြင့် နားထောင်နေခဲ့ပါသည်။

"ဆရာ့ ဆုံးဖြတ်ချက် မှန်ကန်ပါတယ်၊ ဦးနေအကြောင်းတွေကို ကျွန်တော် ကြားသိရသလောက်တော့ တော်တော်တရားမမျှတတဲ့ လူပါ ဆရာ၊ ဆရာပေးတဲ့ ဝန်ထမ်းအခွင့်





အရေးတွေ တော်တော်များများကိုလည်း သူ ကြားဖြတ် သိမ်းပိုက်ထားတယ်လို့ သိရတယ်"

သူ လက်သီးဆုပ်ကို ကျစ်နေအောင် ဆုပ်လိုက်မိသည်။

အံကို ကြိတ်လိုက်ပြီး ...

"ဖေဖေ လူရွေးမှားခဲ့တယ်"

"ဆရာ သူ့ကို ထပ်ပြီး မယုံတော့ဖို့ပဲ လိုပါတယ်"

"သူလိုလူမျိုး ဆရာ မလွှမ်းပါဘူး ဇေဇော်၊ ဆရာကိုယ်တိုင် သူ့နေရာဝင်ပြီး လုပ်ရှားမယ်၊ ဒီနေရာနဲ့ ထိုက်တန်တဲ့ လူကိုပဲ ဆရာ ရွေးချယ်ခန့်ထားမယ်၊ အကျင့်ပျက်ဝန်ထမ်းတွေ ပပျောက်အောင် လုပ်ရမှာပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်လည်း တတ်နိုင်သမျှ ကူညီပါ့မယ်"

"ကောင်းပြီ ဇေဇော်"

"ဟုတ်ကဲ့၊ ဆရာ ..."

"ပြောစရာ ရှိသေးလို့လား၊ ပြောလေ"

"ကျွန်တော့် အသိ ကောင်မလေးက ဒီကုမ္ပဏီမှာ အလုပ်လုပ်ချင်လို့ form လာတင်တယ် ဆရာ၊ ဒါပေမယ့် MD က ထွက်သွားပြီဆိုတော့ ..."

"ဘယ်နေရာမှာ လုပ်ချင်တာတဲ့လဲ"

"ဘယ်နေရာပဲဖြစ်ဖြစ် ရပါတယ် ဆရာ၊ တစ်ခါတုန်းတော့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မလုပ်ဖူးဘူး၊ အင်္ဂလိပ်စကားပြောလည်း ကျွမ်းကျင်တယ်၊ ကွန်ပျူတာလည်း ကျွမ်းတယ်"

"လေယာဉ်မယ် စိတ်ဝင်စားသလား"

"မေးကြည့်သေးတယ်၊ စိတ်မဝင်စားဘူးတဲ့၊ ရုံးဖြစ်ဖြစ်၊ လေဆိပ်မှာပဲဖြစ်ဖြစ် လုပ်ချင်ပါတယ်တဲ့"

"ဟုတ်ပြီ ... ၊ မင်းအသိဆိုတော့ စပါယ်ရှယ် အင်တာဗျူးပေးရမှာပေါ့၊ MD အသစ် စစ်ဦးယံရဲ့ appointment တွေလွတ်တဲ့အချိန် ရုံးမှာ အင်တာဗျူးလုပ်မယ်လို့ ချိန်းလိုက်ပါ ဇော်ဇော်"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ရိုးရိုး အသိမိတ်ဆွေပဲလား"

"ဟာ ... ရိုးရိုးပါဗျာ၊ လုံးဝ ရိုးရိုးပါ၊ ဂျူနီယာလေး တစ်ယောက်ရဲ့ သူငယ်ချင်းပါ"

"ဩော် ... ဩော်"

"ညနေ ဘာအစီအစဉ်မှ မရှိဘူး ဆရာ"

"ဒါဆို အိမ်ပြန်မယ်"

"ဆရာ့ မေမေ နေကောင်းသွားပြီလား ဆရာ"

"အေး ... အတော်ကောင်းသွားပြီ၊ စင်ကာပူမှာ နှစ်လလုံး ဆေးကုသခံခဲ့တာဆိုတော့ အတော်ကြီး အဆင်ပြေနေပါတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





ဇော်ဇော် ပြန်လိုက်ပို့ပေးတဲ့ တစ်လမ်းလုံး သူ ငြိမ်သက်လာခဲ့မိပါသည်။ မေမေ့ ကျန်းမာရေးကြောင့်လည်းဆိုင်သလို တစ်စုံတစ်ရာကြောင့်လည်း စင်ကာပူမှာ အကြာကြီး နေခဲ့မိပါသည်။

ပြန်ရောက်တော့ အစည်းအဝေးတွေ ဆက်တိုက်လုပ်ရသည်။ ကြားထဲကမှ ဝန်ထမ်းက ငွေတွေယူပြီး ထွက်ပြေးသည်။ သူတစ်ယောက် လုံးလည်ချာလည် လိုက်နေခဲ့ရသည်။

အိမ်ရောက်လာတော့ အတော်ကြီးကို ပင်ပန်းနေရပြီ။ မေမေ့ ကျန်းမာရေးက အနားယူဖို့လိုတာမို့ သူက ဘာမှ ပေးမလုပ်ပါ။ အိမ်မှုကိစ္စလုပ်နိုင်မယ့် အလုပ်သမားကို ချက်ချင်း မရှာနိုင်သေး။

မနက်ခင်းကတည်းက ထားခဲ့ရသော မြင်ကွင်းက ညအထိ ဒီအတိုင်း တည်မြဲနေသည်။

တစ်စုံတစ်ယောက်သာ ရှိနေခဲ့ရင် မနေ့ညကနဲ့ မတူတဲ့ အိပ်ရာခင်း အပြင်အဆင်လေးတွေ ဖန်တီးထားပေးမှာ သေချာသည်။

စားကောင်းတဲ့ အစားအစာတွေကိုလည်း အခန်းထဲအထိ လာပို့ပေးမှာ သေချာသည်။

သူသည် ရေခဲသေတ္တာထဲမှ ရေခဲတုံးများကို ဆွဲထုတ်ကာ ဝီစကီခွက်ထဲ ကောက်ထည့်ပြီး တစ်ကျိုက်မော့ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်မှာ အရက်မသောက်ခဲ့တာ နှစ်နဲ့ချီ ကြာနေခဲ့ပြီ။ အခုတော့ သူ စိမ်ပြေနပြေ သောက်နေခဲ့သည်။ အဲ့ဒီည က ဒီနေရာမှာထိုင်ပြီးပဲ ကောင်မလေး၏ ကက်ကက်လန် ရန်တွေ့မှုကို ခံခဲ့ရသည်။

ကောင်မလေး ...။ သူ သတိတွေ ရလာပြီး အခန်းလေး တစ်ခုဆီ ခြေလှမ်းလိုက်သည်။ သူ့အတွက် သနပ်ခါးအနံ့လေး ပေးခဲ့တဲ့ ကောင်မလေး ...။ ထိုအခန်းလေးဆီ သူ ရောက်လာခဲ့ပါသည်။

တံခါးလေးက အလွယ်တကူ ပွင့်သွားခဲ့သည်။

ဘယ်တုန်းမှ မဝင်ဖူးခဲ့တဲ့ မိန်းကလေး အခန်းထဲသို့ တိတ်တိတ်လေး သူ ဝင်လာမိပါသည်။

ရှုပ်ယှက်ခတ်နေသော မွေ့ရာပေါ်မှာ ပစ္စည်းများနှင့် တစ်စစီ ပွကျဲနေသော မှန်တင်ခုံပေါ်မှ ပစ္စည်းများကို သူ နှမြောတသစွာ ကိုင်တွယ်မိသည်။

အကျႌအဝတ်အစားတွေ ဖုန်တက်နေသည်။

အလှပြင် မိတ်ကပ်ဘူးများမှာ ဖုန်တက်နေသည်။

အားလုံး သူဝယ်လာပေးခဲ့သည့် ပစ္စည်းများ ဖြစ်သည်။

သူ ဝမ်းနည်းသွားသည်။ သူ၏ လည်ပတ်နေသော သွေးများထဲမှာ ကောင်မလေး၏ သွေးတွေ စီးဝင်နစ်မျောနေသည်။





အရက်၏ အရှိန်ကြောင့် သူ မူးဝေလာသည်။

ထိုနေရာလေးမှာပဲ တုံးလုံးလုံချပြီး အိပ်ပျော်သွားခဲ့ရပါတော့သည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

♥ ♥ ♥

နှင်းဆွတ်၏ caldina ကား အပြာတောက်တောက်ကလေးကို ရဲရင့်က မောင်းလာခဲ့ပါသည်။ ကားကလေးထဲတွင် စကားသံတို့ တတ်ဆိတ်နေခဲ့သည်။

နှင်းဆွတ် မျက်နှာကလေးဆီ မကြာခဏ လှည့်ကြည့်ရင်း သက်ပြင်းငွေ့ကို ရှိုက်ဖွာနေသည်။

အင်းယားမြိုင်လမ်းထဲသို့ ချိုးကွေ့ဝင်လိုက်တော့မှ

"နှင်းဆွတ် ... နင် အဲ့ဒီမျက်နှာနဲ့ အလုပ်လျှောက်မှတော့ အလုပ်ရပ့ါမလား၊ အင်တာဗျူးဖြေခွင့်ရဖို့တောင် ကိုဇေဇော်ကူညီပေးထားလို့ ရတာ မဟုတ်လား၊ ကိုဇေဇော် မျက်နှာပျက်အောင်တော့ မလုပ်နဲ့လေ ..."

ဒီတစ်ခါတော့ သက်ပြင်းချလိုက်တာ နှင်းဆွတ်ဖြစ်သည်။

"အေးပါ ရဲရင့်ရယ်၊ ငါ ပြင်ပါ့မယ်"





"နင် ကျိန်းသေ အလုပ်ရမှာပါ၊ ငါလည်း ဆုတောင်းပေးမယ်၊ အလုပ်တွေ အဆင်ပြေပြီးရင် နင့် ဦးနဲ့လည်း တွေ့ဆုံရပါစေလို့ ငါ ဆုတောင်းပေးနေမယ်"

"အင်း ... Thankyou"

အဲသီဟ ကုမ္ပဏီကြီးထဲသို့ ကားဝင်လာပြီး ကားပါကင်မှာ နေရာယူလိုက်သည်။ ကြည့်မှန်ကလေး ထုတ်၍ မျက်နှာကို ကြည့်လိုက်သည်။ Two ways cake ကလေး ဖို့လိုက်ပြီး ပန်းနုရောင် နှုတ်ခမ်းနီလေး ဆိုးလိုက်သည်။ ရွှေနီရောင် ဆံပင်ကလေးကို အဖြောင့်စင်းကလေးအတိုင်း ဖြန့်ချထားသည်။

"ဆံပင်ကလေးကို ပိုနီတေး စည်းသွားပါလား၊ လာ ... ငါ စည်းပေးမယ်"

ရဲရင့်က ဖြောင့်စင်းနေသော နှင်းဆွတ်ဆံပင်ကလေးကို ဖြီးသင်ကာ အသင့်ရှိနေသော ခေါင်းစည်းကြိုးကလေးဖြင့် ပိုနီတေးလေး စီးပေးပါသည်။

နောက်တစ်ကြိမ် မှန်အကြည့်မှာတော့ ရှင်းလင်းစင်ကြယ်တဲ့ ဘဲဥပုံ မျက်နှာလေး ပေါ်လာခဲ့သည်။

လက်ကိုင်အိတ်ကလေး တစ်လုံးဆွဲကာ ကုမ္ပဏီအဆောက်အအုံကြီးထဲသို့ ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းလာခဲ့ပါသည်။

reception တွင် ကိုဇေဇော် နာမည်ပြောအပြီး ခဏလေး စောင့်နေလိုက်တာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လာပြီလား၊ ညီမလေး ... လာ ... လာ"

"ကိုဇေဇော် ..."

"ဟော ..."

စိုးရိမ်စိတ်ကလေးဖြင့် မျက်နှာလေးငယ်နေရှာသော နှင်းဆွတ်ကို ခေါင်းကလေးပုတ်ပြီး ...

"စိတ်မပူပါနဲ့ ညီမလေးရယ်၊ အင်တာဗျူး ဆိုတာကလည်း သဘောလောက်ပါပဲ၊ လာပါ ... သူဌေး ရှိနေတယ်"

"ရှင် ... သူဌေး ဟုတ်လား"

"ဟုတ်တယ်၊ လောလောဆယ် MD နေရာ လစ်လပ်နေလို့ သူဌေးကပဲ ဝန်ထမ်းရေးရာ တာဝန်ယူ ဆောင်ရွက်နေတယ်"

နှင်းဆွတ်သည် ပို၍ပြီးတော့တုန်လှုပ်နေပါတော့သည်။ ဦးကို မတွေ့ရသေးပါ ...။ ဦးမျက်နှာကို စေ့စေ့ကြည့်ပြီး ပြောဆိုခဲ့တာ မနေ့တစ်နေ့ကမှ ဖြစ်သည်။

နှင်းဆွတ် ပုံစံက နနွယ်ဌေးသဏ္ဌာန်နှင့် အကွာကြီးကွာခြားနေတာကိုတော့ သိပါသည်။ ရုတ်တရက် ဦး မမှတ်မိနိုင်တာကိုလည်း သိပါသည်။ ဒါပေမယ့် ဦးနှင့်တွေ့ရမည်ဟု စိတ်တွင်းက ပြင်ဆင်လာခဲ့တာ မဟုတ်သောကြောင့် လူတစ်ကိုယ်လုံး ရှိန်အန်းနေရခြင်း ဖြစ်ပါသည်။

သို့သော်လည်း ကိုဇေဇော် အနောက်မှ နှင်းဆွတ် ရို့ရို့ကလေး လိုက်ပါသွားခဲ့ရပါတော့သည်။





အခန်းတစ်ခုရှေ့သို့ အရောက်မှာ အတူတကွ ရပ်တန့်လိုက်ပြီး ...

"ဆရာ ... ရောက်လာပါပြီ"

ကိုဇေဇော်က အရင် သတင်းဝင်ပို့ပြီးမှ နှင်းဆွတ်ကို ဝင်စေသည်။

"ဆရာက ဆရာလို့ပဲ ခေါ်တာကြိုက်တယ်၊ သူဌေးတွေ၊ အန်ကယ်လ်တွေ လုံးဝ မခေါ်မိစေနဲ့နော်"

"ဟုတ်ကဲ့ ကိုဇေ"

နှင်းဆွတ်သည် တုန်ယင်နေသော ရင်အစုံကို ထိန်းမနိုင်တော့လောက်အောင် ဖြစ်နေရသည်။

"ထိုင်ပါ ... ညီမလေး၊ လာပါ ..."

အသက် လေးဆယ်ကျော် ခပ်ချောချော အစ်မကြီးတစ်ယောက်က ဦးနှင့်အတူ ထိုင်ရင်း နှင်းဆွတ်ကို ကြိုဆိုလိုက်ပါသည်။

ဦးနှင့် ထိုအစ်မကြီး အရှေ့မှာ အသင့်ရှိနေသော ခုံကလေးမှာ နှင်းဆွတ် ဝင်ထိုင်လိုက်ရပါသည်။

"ဆရာ ... ဒါ နှင်းဆွတ်မိုးပါ"

ဦးက သူ့ထက် အများကြီး ငယ်ပေမယ့် ဆရာလို့ပဲ တရိုတသေ ခေါ်လိုက်တာကို ကြားလိုက်ရပါသည်။

ဦး ခေါင်းကလေး ဆတ်ညိတ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆွတ်မိုးရဲ့ CV form မှာ ကြည့်ရတာတော့ အင်္ဂလိပ်စကား ကျွမ်းကျင်အဆင့်လို့ သိရတယ်၊ လေယာဉ်မယ်လျှောက်ဖို့ အစီအစဉ် မရှိဘူးလား"

"မရှိပါဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"ဝါသနာ မပါလို့ပါ"

"ကောင်းပြီ ..."

ဦးသည် နှင်းဆွတ်၏ CV form ကို ပြန်ဖတ်နေရင်းက ငြိမ်သက်သွားပြန်သည်။ ဘေးမှ မမဆီသို့....

"ဒေါ်ယဉ်ယဉ် ဆက်မေးလိုက်ပါ၊ ပြီးရင် နဂိုအစီအစဉ်အတိုင်း ဆောင်ရွက်ပါ"

"ဟုတ်ကဲ့ ဆရာ ..."

ဦး၏ လက်နှစ်ဖက်မှာ ပိုက်လျက်သား ဖြစ်သွားပြီး ထိုင်ခုံကို ကျောမှီချလိုက်ကာ နှင်းဆွတ်ကို အသေအချာ ကြည့်နေပါတော့သည်။

ဘာခံစားချက်မှ ကပ်ငြိမနေတဲ့ မျက်နှာမျိုးဖြစ်နေစေဖို့ သတိကို ကြိုးစားထားနေရသည်။

တိတ်ဆိတ်နေတဲ့ သူ့မျက်ဝန်းတွေကများ နနထွင့်ဟု ခေါ်ငင်လိုက်ရမှာကို နှင်းဆွတ် ကြောက်နေပါသည်။

အင်တာဗျူး၏ ရလဒ် ဘယ်လိုဖြစ်မလဲ ရင်တထိတ်ထိတ် စောင့်စားရတော့ မလိုလိုက်ပါ။





"ညီမလေး လေဆိပ်မှာ အလုပ်ဆင်းရမယ်၊ သန်ဘက်ခါက စပြီး ဆင်းလိုက်ပေါ့၊ မမက ရန်ကုန်လေဆိပ်ရဲ့ စတေရှင် မန်နေဂျာပဲ၊ ညီမလေး လာရင် မမရှိနေမယ်၊ ဘာတွေလုပ်ရမယ်ဆိုတာတော့ အလုပ်ဆင်းတဲ့နေ့ သိရမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မမ"

သူ့ကိုယ်သူ မမဆိုလို့သာ နှင်းဆွတ်က မမ ရခြင်းဖြစ်သည်။ တကယ်ဆို ဦးထက်ကြီးတဲ့ အန်တီအရွယ် ဖြစ်သည်။

မမက ပခုံးလေးတွန့်ပြလိုက်သဖြင့် မကြာသေးခင်အထိ စိုးထိတ်နေသော နှင်းဆွတ် စိတ်တွေ သက်သာသွားခဲ့ပါသည်။

နှင်းဆွတ်ကို ပြန်ဖို့ ခွင့်ပြုလိုက်ချိန်တွင် နေရာမှ ထလိုက်ပါသည်။

"ကိုယ်နဲ့ တစ်နေရာရာမှာများ ဆုံဖူးသလား နှင်းဆွတ်မိုး"

တစ်ကိုယ်လုံးမှ သွေးများ ဖောက်ထိုးလည်ပတ်သွားပြီလားဟု ထင်ရလောက်အောင် ချောက်ချားသွားခဲ့ရပါသည်။ ဦး၏ မျက်လုံးများနှင့် မဆုံချင်သော်လည်း နှင်းဆွတ် ပြန်လည်ကြည့်ရပါတော့သည်။

"ကျွန်မ ဆရာ့ကို ပထမဆုံး မြင်ဖူးတာပါ"

"သြော် ...၊ ရပြီ ... သွားလို့ရပြီ"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မင်သေတဲ့ မျက်နှာကလေးမှာ သူ့မျက်ဝန်းများနှင့် လွတ်မြောက်သွားတော့မှ တိတ်တိတ်လေး မဲ့ပစ်လိုက်မိပါတော့သည်။

ဦး ဆီကိုပဲ လာချင်နေမိတာ မှားနေသလား ဦး ရယ် ...။

☺ ☺ ☺



(၂၆)

♥ ♥ ♥

"မေမေ ရှားစောင်းလက်ပတ်ရည် မသောက်တော့ဘူးလို့ ငြင်းလိုက်တယ်ဆို ..."

"ဟုတ်တယ်၊ မသောက်ချင်လို့ပဲ၊ နုနုလက်ရာကို မမီဘူး"

သူ သက်ပြင်းရှည် ချလိုက်ရပါသည်။

"ထမင်းလည်း ကောင်းကောင်း မစားဘူးဆို"

"မေမေ ကိုယ်တိုင်မှ မချက်နိုင်တာ သားရယ်၊ နုနုထွင်ရှ် ချက်တဲ့ ဟင်းကလေးတွေပဲ သတိရတယ်၊ နုနုထွင်ရှ်ကို ဘာလို့ ပြန်ခိုင်းလိုက်ရတာလဲကွယ်"

"အခုလည်း လူသစ်ရောက်နေပြီပဲ မေမေရယ်၊ သူတို့ကို မေမေ လိုချင်တဲ့အတိုင်း ချက်ခိုင်းပေါ့"

"မရဘူးလေ၊ တူကို မတူဘူး၊ နုနုလေးနဲ့ တစ်နှစ်လောက်ပဲ နေခဲ့ရပေမယ့် သံယောဇဉ် အတော်ဖြစ်ရတဲ့ ကလေးမလေး ပါ၊ သူ့အလုပ်သူလုပ်သွားတာ ဘာမှ အပိုပြောဖို့ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ချင်လို့ သွားလိုက်တဲ့လူကို တမ်းတမနေပါနဲ့တော့ မေမေရယ် ..."

မေမေက စိတ်ဆိုးသွားသလား မသိပါ။ တစ်ဖက်ကို လှည့်သွားသည်။ စင်ကာပူမှ ပြန်ရောက်ကတည်းက နုနုထွင့် အိမ်မှာ မရှိတော့မှန်း သိပြီး သူ့ကို အပြစ်တင် မဆုံးတော့ပေ။

သူ လူသစ်နှစ်ယောက် ခန့်ထားပေးပေမယ့်လည်း မေမေ့အတွက် အဆင်မပြေပေ။ သူကိုယ်တိုင်ကရော အဆင်ပြေနေပါရဲ့လား ...။

ဟင့်အင်း ... လုံးဝ အဆင်မပြေပေ။

သူ နိုင်ငံခြားသွားတိုင်း အဝတ်အစား စီစဉ်ပေးတဲ့ နေရာမှာ ကျွမ်းကျင်တဲ့ နုနုထွင့် ...။

အခုလို သူ့အလိုက် အကြိုက် စီစဉ်နိုင်တဲ့သူ မရှိပေ ...။

"သား ... နုနုထွင့်ကို ပြန်ရှာပေးရမလား မေမေ"

မေမေ သူ့ဘက်လှည့်ကြည့်လာသည်။ ဖြစ်ချင်တာ ဖြစ်ခွင့်ရတော့မည့် ကလေးတစ်ယောက်လို ပြုံးချို၍ ...

"အဲ့ဒါဆိုရင်တော့ အကောင်းဆုံးပဲပေါ့ သားရယ်"

"ဒေါ်ပြုံး လိပ်စာပေးနော်"

"အေး ... အေး"

လတ်တလောမှာ မေမေနဲ့ သူ ငြိမ်းချမ်းရေး ရသွားပါသည်။ တီဗီ ဖောကြည့်ဖို့ ရီမုဖြင့် အဖွင့်မှာ ...





"မာလာနဲ့ အဆင်ပြေလား သား ..."

"ခင်ဗျာ"

"အဆင်ပြေရဲ့လားလို့ ..."

"မေမေရယ် ... သား အေးအေးဆေးဆေး နေလို့ မရဘူးလား"

"မေမေ အသက်ကြီးပြီ သား၊ အေးချမ်းချင်ပြီ၊ မေမေ ခေါင်းမချခင် သားလေး အိမ်ထောင်ကျပြီး ကလေးတွေနဲ့ ပျော်ရွှင်နေတာကို ကြည့်သွားချင်တယ်၊ သားပိုင်တဲ့ စည်းစိမ်တွေကို သား တစ်ယောက်ပဲ သုံးစွဲတော့မလို့လား၊ သားတွေ သမီးတွေနဲ့ အားရပါးရ မသုံးချင်ဘူးလား"

"မေမေရယ် ..."

"မာလာရဲ့ ထက်မြက်မှုတွေကို သားလည်း သိမှာပါ၊ သား ရှာထားတဲ့ ဥစ္စာပစ္စည်းတွေကို အလကား သုံးပစ်မယ့် မိန်းမမျိုးလည်း မဟုတ်ပါဘူး"

"အဲဒါတွေ သား မတွေးမိပါဘူး မေမေ၊ သား မာလာ့ကို ခံစားလို့ မရသေးတာပါ"

မေမေက ပါးချိုင့်ကလေး ပေါ်အောင် မဲ့ပြုံးလေး ပြုံးလိုက်သည်။ သူ့ခံစားချက်ကို လျစ်လျူရှုထားလိုက်သလို စိတ်ထဲ၌ အောင့်သက်သက် ဖြစ်သွားသည်။

"ခံစားတယ်၊ သားဆိုလိုချင်တာ အချစ်မရှိဘူးလို့ ဆိုချင်တာလား၊ မေမေ့သား အသက်သုံးဆယ်ပြည့်ပြီးမှ ဖယ်ထမ



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ပြောတဲ့ အချစ်ပဲ ...၊ ကဲ ... ပြောပါဦး၊ မာလာက ဘယ်နေရာမှာ ချစ်စရာမကောင်းလို့လဲ"

ချောင်ပိတ် မေးလိုက်သော မေမေ့ မေးခွန်းကြောင့် သူ့မျက်ခုံးများ တွန့်ရှုံ့သွားရပါသည်။

"အဲလိုတော့ မဟုတ်ပါဘူး မေမေ"

"သားရဲ့ မရိုင်မာတဲ့ ဆင်ခြေတွေကို မေမေ နေရာမပေးနိုင်တော့ဘူး သား၊ မာလာ့ မိဘတွေနဲ့ မေမေ တိုင်ပင်တော့မယ်၊ သား လက်ထပ်ဖို့ အသင့်ပြင်ထားတော့ ..."

"ဟာ ... မေမေ"

"မေမေ အိပ်ချင်ပြီ၊ သား အခန်းပြန်တော့"

မေမေက အိပ်ရာပေါ် တုံးလုံးလှဲရင်း သူ့စကားကို ဖြတ်ချလိုက်ပါသည်။

သူ မခံမရပ်နိုင် ဖြစ်စွာဖြင့်ပဲ နှုတ်ဆိတ်၍ အခန်းဆီ ပြန်လာခဲ့ရပါသည်။ အညိုရောင် အိပ်ရာခင်းကြီးက သူ့ရဲ့ မှုန်မှိုင်းနေတဲ့ စိတ်ကို အားပေးအားမြှောက် ပြုနေသည်။

အရောင်လင်းလင်း အိပ်ရာခင်းတွေ၊ စိတ်ကြည်နူးစေတဲ့ လိုက်ကာကြီးတွေကိုပဲ အမြဲတပ်ဆင်ပေးခဲ့တဲ့ မိန်းကလေးရဲ့ စေတနာကို သူ ကောင်းကောင်း ခံစားလို့ ရနေလေသည်။

သူ လွန်သွားခဲ့ပါသလား ...။

သူ့ရဲ့ ရွှေ့လျားလွင့်မျောနေတဲ့ စိတ်တွေကို အတင်းအကြပ် စုစည်းကာ လက်ပ်တော့ကို ဖွင့်လိုက်ပါသည်။ window





ပွင့်လာသည်နှင့် screen မှာ ပေါ်လာသော ဖိနပ်ကလေးနှင့်အတူ ခြေထောက်ကလေး တစ်စုံကို အကြာကြီး ငေးမိနေပါသည်။

သူဟာ သာမန်ထက်တော့ ရယ်စရာ ကောင်းနေခဲ့ပါသည်။ ဘယ်သူမှန်းမသိ၊ ဘယ်ကမှန်းမသိတဲ့ ခြေထောက်လေး တစ်စုံကိုပဲ ရူးသွပ်နေခဲ့တာ သိပ်ကြာနေပြီ ဖြစ်သည်။

"တီ ... တီ ..."

ဖုန်းကိုကြည့်ပြီး ချက်ချင်း သူ မဖြေနိုင်သေးပါ။ သူ့ရဲ့ လေဒီ ...၊ ဟိုတုန်းက လေဒီရဲ့ ဖုန်းဖြစ်သည်။

"ဟဲလို ... ကြည်ဖြူလား"

"ဟုတ်ပ ... ဟုတ်သပ၊ နင် အလုပ်တွေ များနေလားမောင်"

"ဟို ငါ့ကို အဲသလို မခေါ်ပါနဲ့ဟာ ..."

"ဟမ် ...၊ ဩော် ... ဆောရီး ... ဆောရီး၊ မေ့သွားတာပါဟယ်၊ ငါ သတိရလို့ နင့်ကို ဖုန်းဆက်လိုက်တာ၊ မတွေ့ဖြစ်တာ ကြာပြီမဟုတ်လား"

"အင်း ... နင်ပျောက်သွားတာပဲ မဟုတ်လား"

"ဟုတ်တယ် ... ငါ့သားလေး သွေးကင်ဆာဖြစ်လို့ ဘန်ကောက်မှာ ဆေးရုံတက်ရလို့လေ ..."

"ဟင် ... ဟုတ်လား၊ အခုရော ..."

"သူ့အဖေဘက်က ခေါ်ထားတယ်၊ ဘန်ကောက်မှာပဲ"

"ဩော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတောအတွင်း နင် ဘာတွေ ပြောင်းလဲသွားပြီလဲ"

"ငါက ဘာပြောင်းလဲမှာလဲဟာ"

"အို ... မစွံသေးဘူးပေါ့ ... ဟား ဟား"

"နင် ငါ့ကို မလှောင်ပါနဲ့"

"နင်က ရှက်တယ်ပေါ့"

"နင် ဆက်ပြောနေရင် ငါ ဖုန်းချလိုက်တော့မယ်"

"စိတ်ကတော့ ငယ်ငယ်ကလိုပဲ၊ နင့်အမေရော နေကောင်းလား"

"ဒီလိုပါပဲ ...၊ ကြည်ဖြူ ငါ အလုပ်ရှိသေးလို့ ဒါပဲနော်"

"ဟဲ့ ... ခဏ"

"ဟင် ..."

"မကြာခဏ ဖုန်းဆက်ပါရစေနော် မောင်"

သူ သက်ပြင်းခိုးချကာ မျက်လုံးတွေ ဖိမှိတ်လိုက်ပါသည်။

"ငါ မအားရင် ဖုန်းမကိုင်ဖြစ်ဘူး ကြည်ဖြူ၊ ငါ့ကို အဲလို မခေါ်ပါနဲ့၊ ဒါ နောက်ဆုံးဖြစ်ပါစေ"

တစ်ဖက်က စကားသံကို မစောင့်တော့ဘဲ သူကပဲ ဖုန်းပိတ်လိုက်ပါသည်။

☺ ☺ ☺



## (၂၇)

♥ ♥ ♥

နှင်းဆွတ်သည် ရုံးဖယ်ရီ ကားပေါ်မှ ဆင်းလိုက်ပြီးသည်နှင့် လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားပါသည်။

ခြံတံခါးလေး တွန်းဖွင့်ကာ ခြံထဲမှ အိမ်ဆီသို့ လျှောက်လှမ်းလာခဲ့ပါသည်။

"ဟိတ် ... နှင်းဆွတ်"

"ဟော ..."

တစ်ဖက် ခြံစည်းရိုးပေါက်မှ ခေါ်သံက နှင်းဆွတ်အမြဲတစေ ရင်းနှီးလာခဲ့ပြီးသားမို့ ချက်ချင်း ထူးလိုက်ပါသည်။ အသံရှင် ရဲရင့်ကလည်း တံခါးသေးသေးကလေးကို ဖွင့်ကာ နှင်းဆွတ်အနားသို့ လျှောက်လာပါသည်။

အခုမှ ရေချိုးထားပြီးကာစမှန်း သိသာစွာ မျက်နှာမှာ ဖြူစင်ကြည်လင်နေသည်။ ရေချိုးဆပ်ပြာနံ့ကလေးက သင်းသင်းလေး မွှေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်က အခုမှ ရောက်တာလား"

"အေးလေ ... ခုပဲ ဖယ်ရီ လာပို့တာလေ"

"ဘယ်လိုလဲ ... လေဆိပ်မှာ လုပ်ရတာ"

"အင်း ... အဆင်ပြေပါတယ်"

"မနက်အစောကြီး အိပ်ရာထရတာရော ဘယ်လိုနေလဲ"

"အဲ့တစ်ချက်တော့ အတော်ဆိုးတယ်ဟ၊ မနက် ဆယ့်တစ်နာရီလောက်မှာ ညနေ ငါးနာရီလောက် ထိုးပြီဆိုပြီး နာရီကြည့်မိတော့ တော်တော်လေး စိတ်ပျက်သွားမိတယ်၊ အစမို့လို့ ထင်ပါတယ်"

"မနက်ဆို နင် သုံးနာရီလောက် ထသွားတာလား"

"အင်းပေါ့ ... နှစ်နာရီခွဲလောက် အိပ်ရာထရတယ်"

ရဲရင့်က မျက်လုံးကြီး ပြူးလာပြီး ...

"ဟာ ... သိပ်စောတာပဲ၊ လေဆိပ်နဲ့အိမ်ဟာ ဘယ်လောက်မှ ဝေးတာမဟုတ်ဘူး၊ မိနစ်အစိတ်လောက် မောင်းရင် ရတာကို နင်က ဘာကြောင့် အစောကြီး ထသွားရတာလဲ"

"ရုံးဖယ်ရီဆိုတော့ ဝန်ထမ်းတွေအိမ်အားလုံး လိုက်လျှောက်ကြိုရတာလေ ...၊ ဒီလိုပဲ အစောကြီး ကားပေါ်တက် မြို့အနှံ့လိုက်ပတ်စီးပြီး လေဆိပ်ရောက် အဲသလိုပေါ့"

ရဲရင့်က ခေါင်းကုတ်လိုက်ပြီးမှ ...

"ဒီလိုလုပ်ဟာ ... နင် အစောကြီး ထမနေနဲ့တော့၊ သုံးနာရီ





ခွဲလောက်မှ ထ၊ လေးနာရီလောက် ငါ့ကားနဲ့ လိုက်ပို့မယ်"

"နေပါစေဟာ ..."

"တကယ် ပြောတာ၊ ငါ နေ့တိုင်း လိုက်ပို့မယ် ..."

နှင်းဆွတ်သည် 'ဖြစ်နိုင်မှ ပြောပါ' သဘောနှင့် မျက်စောင်းလေးထိုးကာ အိမ်ထဲသို့ဝင်ရန် ခြေလှမ်းဆက်လိုက်ပါသည်။

ရဲရင့်ကလည်း အနောက်မှ ကပ်ပါလာလေသည်။

"နင် ဘယ်သွားမလို့လဲ"

"နင်တို့အိမ်လေ"

"ဘာလုပ်ဖို့"

"ထမင်းစားမလို့၊ အန်တီနန်းက နင် ပြန်လာရင် ထမင်းလာစားပါလို့ ဖိတ်ထားတယ်"

"အမယ်လေး ... မေမေများ အားနေလားမသိဘူး ... ဟွန့်"

ဤသို့နှင့် ရဲရင့်၊ မေမေနှင့် နှင်းဆွတ်တို့ သုံးယောက် ညစာကို အတူစားကြလေသည်။

ထမင်းစားရင်း စကားပြောရင်းဖြင့် ညနေချိန်ကလေးက သာယာလှပလေသည်။

"ကဲ ... ပြောပါဦး၊ လေဆိပ်မှာ အလုပ်ဆင်းရတဲ့ အတွေ့အကြုံလေး"

"အင်း ... ကောင်းပါတယ်ဟာ၊ ကိုယ်တိုင် ဝန်ထမ်းတစ်



www.burmeseclassic.com

ယောက်ဖြစ်လာတော့ ဝန်ထမ်းတွေကို ကိုယ်ချင်းစာတတ်လာတယ်"

"ဘာကိုလဲ . . ."

ရဲရင့်၏ မေးခွန်းတိုင်းကို စိတ်ပါလက်ပါ ဖြေပေးနေသော နှင်းဆွတ်အား မေမေက ပြုံးပြုံးကလေး ငေးပြီး နားထောင်နေပါသည်။

"နှင် . . . ဟိုတစ်ခါ ပူတာအို သွားဖို့လုပ်တုန်းက လေယာဉ်မမီလို့ ကျန်ခဲ့တယ် မဟုတ်လား"

"အေး . . . ၊ အေးလေ . . . နောက်အပတ်မှ ဘိုကင် ပြန်ယူပြီး လိုက်ရတယ်လေ၊ ဟိုလည်းရောက်ရော သူငယ်ချင်းတွေက ရန်ကုန် ပြန်လာကြတော့မယ်"

"အဲဒီတုန်းက လေဆိပ်က ဝန်ထမ်းတွေကို နှင် အကြီးအကျယ် စိတ်ဆိုးခဲ့တယ်လေ"

"ဟုတ်တယ်လေဟာ . . . သူတို့ လေယာဉ် ထွက်ချိန် ဆယ်နာရီလို့ ပြောထားတာပဲ၊ ငါရောက်တာ ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ် လိုနေသေးတာကို လုံးဝ မတင်ပေးဘူးလေ၊ ဒါ စိတ်ဆိုးစရာပဲ မဟုတ်လား"

"ကိုယ်သွားရမယ့် ခရီး နှောင့်နှေးသွားလို့ စိတ်ဆိုးတာက ဘယ်သူမဆို ဖြစ်ခွင့်ရှိပါတယ်၊ ဒါပေမယ့် ငါ အခု နှင့်ကို knowledge တစ်ခု ပြောပြမယ်၊ ငါလည်း ဒီနေ့မှ သိရတာပါပဲ၊ လေဆိပ်မှာ ထွက်ခွာချိန်ထက် တစ်နာရီခွဲ စောပြီး



www.burmeseclassic.com



check-in ကောင်တာဖွင့်တယ်၊ နာရီဝက်အလို ကောင်တာပိတ်တယ်ဟာ၊ ဥပမာ ထွက်ခွာချိန် ဆယ်နာရီဆိုရင် ရှစ်နာရီခွဲ ကောင်တာဖွင့်တယ်၊ ကိုးနာရီခွဲ ကောင်တာပိတ်တယ်၊ အချိန် တစ်နာရီအတွင်းမှာပဲ check-in လုပ်တယ်၊ ကိုးနာရီခွဲ ဆိုတာနဲ့ ကောင်တာပိတ်၊ နှင်တို့လို ခရီးသည်တွေ အပ်ထားတဲ့ ခရီးဆောင်အိတ်တွေကို လေယာဉ်မှာ စနစ်တကျတင်၊ လေယာဉ်ပေါ် ပါသွားမယ့် ကပ္ပတိန်တွေ၊ လေယာဉ်မယ်တွေ အဆင်သင့်ဖြစ်ရင် ခရီးသည်တွေကို boarding လုပ်ပြီး လေယာဉ်ပေါ် တင်၊ အဲဒီအချိန်လောက်မှ ခရီးသည် တစ်ယောက် နောက်ကျပြီး ရောက်လာရင် ဘတ်(စ်)ကားတွေလို ဟိုးဟိုး . . . တစ်ယောက်လိုက်မလို့ ဆရာရေ့လို့ အော်ပြီး တင်လို့ရတာမဟုတ်ဘူး၊ သဘောကောင်းလို့ တင်မယ်ဆိုရင်တောင် သူ့ဆီကရတဲ့ လက်မှတ်ဖိုးထက် စရိတ်စက ပိုကုန်ကျသေးတယ်၊ ဘာလို့လဲဆို လေယာဉ် စက်နှိုးပြီးသား ဖြစ်နေလို့၊ နှင့်တစ်ယောက်ကို စောင့်တင်လိုက်ရင် အချိန်တွေ၊ ငွေတွေ အများကြီး နစ်နာတယ် . . . ၊

"ငါတို့လို ground ဝန်ထမ်းတွေမှာလည်း စာရင်းဇယားတွေ၊ စာရွက်စာတမ်းတွေ တစ်စစီ လိုက်ပြန်ပြင်ရတဲ့ အချိန်တွေကြောင့် လေယာဉ် ဘီးစရွေ့တာလည်း နောက်ကျမယ်၊ တက်ချိန်လည်း ဆယ်နာရီကျော်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုကြီးလား၊ ငါက ဆယ်နာရီမှ လေယာဉ်ဘီး စရွေ့မယ် ထင်နေတာ ..."

"အဲဒီလိုမြေး ကားမှ မဟုတ်တာ၊ ဆယ်နာရီဆိုတာ လေယာဉ်ဘီး ကပ်ပြီး လေထုထဲ စတက်သွားတဲ့ အချိန်ကို ရည်ညွှန်းတာ၊ ဆယ်နာရီ အတိအကျ လေထုထဲ ရောက်ဖို့ဆို ဆယ်နာရီ မထိုးခင် ဆယ့်ငါးမိနစ်လောက်ကတည်းက အားလုံး အဆင်သင့်ဖြစ်နေရတယ်"

နှင်းဆွတ်သည် တစ်နေ့တာ တွေ့ကြုံခဲ့ရသမျှကို နားလည်လာသလို ပြန်ဆရာလုပ်ရသည်ကို ကျေနပ်၍ လာသည်။ မေမေက ...

"သမီးက တစ်ရက်ပဲ အလုပ်ဝင်ရသေးတယ်၊ ဝန်ထမ်းတွေဘက်က ဖြစ်သွားပြီ"

"ဟုတ်တယ် မေမေရဲ့၊ သမီးရဲ့ စီနီယာတွေ ပင်ပန်းကြတာလည်း မြင်လာရတယ်၊ နေပူကျဲတောက်နေတဲ့ ကွင်းထဲမှာလည်း ပြေးလွှားပစ္စည်းတင်ကြရတယ်၊ အထုပ်ထမ်းတဲ့ ဝန်ထမ်းတွေဆို သိပ်ပင်ပန်းတာ သနားဖို့ကောင်းတယ်၊ ပြီးတော့လည်း လူတွေက ရယ်ရတယ်၊ အရှေ့ဆုံးခုံမှာ ထိုင်ချင်တဲ့ သူကများတယ်၊ သမီးတို့ကျတော့ လေယာဉ်ကြီး လေထုထဲမှာ balence မျှအောင် အရှေ့အနောက် နေရာမျှ ချပေးရတယ်လေ ...၊ အဲဒါ လူတွေမသိဘူး၊





ရှိတာမှ အရှေ့ခုံ လေးငါးခုံလောက်ကို လူတိုင်း စိတ်ဆန္ဒပြည့်စေချင်ရင် လေယာဉ်ကို ကန့်လန့်ဖြတ် ဂဏန်းသွားပေးမောင်းလိုက်ရင်တော့ အရှေ့ခုံတွေ နှစ်ဆယ်ကျော်သွားမှာပေါ့၊ ဟား ... ဟား ... မဟုတ်ဘူးလား"

ရဲရင့်ကပါ နှင်းဆွတ်ပြောတဲ့အတိုင်း သူ့လက်ကို ဘေးတစောင်းကြီး ရွှေ့ပြကာ အတူရယ်မိကြတော့သည်။

"လူ့အခွင့်အရေးဆိုတာ သင့်တင့်သလောက် ယူတာကောင်းပါတယ်၊ တစ်ခါတလေကျတော့ ပေးနိုင်တဲ့၊ ပေးသင့်တဲ့ ဝန်ဆောင်မှုထက် သူများထက်သာရင် ပြီးရောဆိုတဲ့ စိတ်နဲ့ ဝန်ထမ်းတွေအပေါ် အတင်းဖိနှိပ်ပြောတတ်တဲ့ လူမျိုးတွေလည်း ရှိတယ်"

"ဒီလိုပဲပေါ့ သမီးရယ်၊ အမျိုးမျိုး ရှိကြတာပဲပေါ့၊ ဖွံ့ဖြိုးပြီးတဲ့ နိုင်ငံတွေမှာလို သူများကို ပေးရမယ့် ဝန်ဆောင်မှုကိုလည်း ခါးကိုင်းနေအောင် ပေးပြီး ကိုယ်ရမယ့် ဝန်ဆောင်မှု ကျရင်လည်း အပြည့်အဝခံစားကြတာ အကောင်းဆုံးပေါ့ သမီးရယ်၊ သမီးလေး အခုလို နားလည်သိတတ်လာတဲ့အတွက် အလုပ်လုပ်ခွင့် ပေးလိုက်ရတာကို မေမေ ကျေနပ်ပါတယ်"

နှင်းဆွတ်သည် စိတ်ပေါ့ပါးစွာ မေမေ့ကို ရယ်ပြလိုက်ရင်းဖြင့် ကော်ဖီကို အကျအန၊ စတိုင်အပြည့်ဖြင့် မော့သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ရဲရင့်က သူထင်ထားတာထက် တော်နေသော နှင်းဆွတ်ကို သဘောအကျကြီး ကျနေလေသည်။

☺ ☺ ☺



(၂၈)

♥ ♥ ♥

cafe delight ဆိုင်ထဲသို့ နှင်းဆွတ်ကပဲ အရင်ရောက်ရှိနေခဲ့ပါသည်။ ရဲရင့် မသိအောင် အပြင်မှာပဲ တွေ့ကြမယ်ဟု မြတ်ပိုးမိုက ချိန်းဆိုလာသဖြင့် နှင်းဆွတ်တစ်ယောက်တည်း ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

စားပွဲခုံလေးပေါ်မှာ နှင်းဆွတ် လက်ချောင်းကလေးများ တဒေါက်ဒေါက် ခေါက်မိနေသည်။ တစ်စုံတစ်ခု စောင့်ဆိုင်းနေရချိန်မျိုးတွင် သူ့အလိုလို လုပ်မိတတ်သည့် နှင်းဆွတ်အကျင့်ဖြစ်သည်။

"နှင်းဆွတ် ဆောရီးပဲဟာ၊ ငါ နောက်ကျသွားတယ်"

မြတ်ပိုးမိုက စကတ်တိုတို အကားလေး ဝတ်လာတာမို့ နှင်းဆွတ်ဆီ အလျင်အမြန် လျှောက်လှမ်းလာပုံလေးက ချစ်စရာအသွင်လေး ဆောင်နေသည်။

"ရပါတယ်ဟာ ...၊ မိုမို နင် ဝလာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ထိုင်ချပြီး မကြာခင်မှာပဲ နှင်းဆွတ်က ထိုစကားပြောလိုက်တာကြောင့် မိုမိုက နှုတ်ခမ်းလေးစူ့ပြီး မျက်စောင်းလှလှလေး ထိုးပါသည်။

"နှင်ကတော့ လုပ်ပြီ၊ ရောက်မဆိုက်မှာပဲ ရင်ဝ အကန်ခံလိုက်ရသလိုပဲ၊ နှင်လည်း မပိန်ပါဘူးနော်၊ အသားလေးတောင် အဆစ် ညိုသွားသလိုပဲ"

"ဟား ... ဟား ... ညိုတာမဟုတ်ဘူး ... မည်းတာ၊ ငါ့အလုပ်က မနက်အစောကြီးဆို နှင်းငွေ့ရိုက်၊ နေ့ခင်းဆို နေခြောက်လှန်းခံရ၊ အဲဒီလိုကြီး ..."

ကြားရတာ မသက်သာပါဘူးဆိုသည့် သဘောနှင့် မိုမို နှုတ်ခမ်းစူလိုက်သည်။

"အဲဒါများ ဘာလို့လုပ်နေတာလဲ၊ သူဌေးသမီးကလည်း၊ အဖေနဲ့ အစ်မက ဂျပန်မှာ အလုပ်တွေ ဒီလောက်လုပ်နေတာကို ပိုက်ဆံရှာဖို့ လိုသေးလို့လား"

"အဲသလိုလည်း မဟုတ်ဘူးလေဟာ ...၊ ငါ့လစာလေးက နည်းနည်းလေးဆိုပေမယ့် လစာထုတ်ရက်ကျရင် ပျော်နေတာပဲဟ၊ စီနီယာတွေနဲ့ ပိုက်ဆံစုရတာလည်း ပျော်စရာကြီး၊ ဒီမှာလေ စိန်လက်စွပ် ... လစာလေးနဲ့ စုပြီး ဝယ်ထားတာ ..."

နှင်းဆွတ် လက်ညှိုးလေးမှာ ဗတ်ထားသည့် ဘယ်ဂျိုယံ စိန်စစ်စစ် လက်စွပ်ကလေးကို မိုမို မြင်အောင် ပြလိုက်ပါ





သည်။ ဒီလက်စွပ်ကလေးက နှင်းဆွတ် အမြတ်နိုးဆုံးလို့ ပြောနိုင်ပါသည်။ သူဌေးသမီးတစ်ယောက်အနေနဲ့ ဝယ်ထားတဲ့ လက်စွပ်မဟုတ်ဘဲ ရိုးသားကြိုးစားစွာ အလုပ်လုပ်ရာမှ ရတဲ့ ပိုက်ဆံနဲ့ ဝယ်ထားရတဲ့ လက်ဝတ်ရတနာမို့ပဲ ဖြစ်သည်။

"အေးပါဟာ ...၊ ကွန်ဂရက်ကျူလေးရှင်းပါ"

"အင်း ...၊ နှင် ငါ့ကို ပြောစရာ ရှိတယ်ဆို၊ ဘာလဲ"

"ဟုတ်တယ် ... ပြောစရာတွေ အများကြီးရှိတယ်ဟ၊ ဒါပေမယ့် နှင့်ကိုတွေ့တော့လည်း စကားလုံးတွေ ပျောက်ကုန်တယ်"

"ဘာဖြစ်လို့လဲ ..."

မိုမိုက ပြောရခက်လှနေဟန်ဖြင့် နှုတ်ခမ်းလေး ကိုက်နေလေသည်။

"ကဲ ... သူငယ်ချင်း ပြောချင်တာကို ပြောချင်တဲ့အတိုင်းသာ ပြောချလိုက်၊ လုပ် လုပ် ..."

"အေးပါဟာ၊ ငါ့ကို စိတ်မဆိုးပါနဲ့နော်၊ နှင်နဲ့ ရဲရင့်ရဲ့ ဂိမ်းက ဘယ်တော့မှ ပြီးမှာလဲ ..."

"ဟင် ..."

"စိတ်မဆိုးပါနဲ့နော် ...၊ ရဲရင့် နိုင်မှ မိန်းမယူရမယ်ဆိုတဲ့ လောင်းကြေးက ငါနဲ့ တိုက်ရိုက်လာပတ်သက်နေလို့ပါ၊ ငါ ဘယ်အချိန်ထိ သူ့ကိုစောင့်ရမှာလဲ၊ သူက နှင်နဲ့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂိမ်းအဖြေထွက်မှ ငါနဲ့ဇာတ်လမ်းကို ဆက်မယ် ပြောထားတယ်၊ ငါ ဘာဆက်လုပ်ရမလဲ နှင်းဆွတ် ...”

“နင် ခုပြောတဲ့ သဘောက ရဲရင့်နဲ့ နင် ပြတ်နေတဲ့သဘောလား”

“အင်း ...”

မိုမို ခေါင်းအညိတ်မှာ နှင်းဆွတ် ခေါင်းနားပန်းကြီးသွားခဲ့သည်။ ရဲရင့် ခြေလှမ်းတွေ ပျက်နေခဲ့တာပဲ ...။ မနက်လေးနာရီ အိပ်ရာက ထပြီး နှင်းဆွတ်ကို လေဆိပ်လိုက်ပို့ပေးခဲ့တာတွေဟာ ရိုးသားတာပဲလား။ သူငယ်ချင်း သံယောဇဉ် သက်သက်နဲ့လား။ ရုံးမှာ ဦးနဲ့ တွေ့ခဲ့လားလို့ မေးတိုင်း မျက်ဝန်းတွေ အရည်လဲ့နေတာ သိချင်ရုံလောက်ပဲလား ...။

အို ... မသိတော့ဘူးကွာ။ ခေါင်းတွေတောင် ကိုက်ခဲလာခဲ့ပြီ။

“ငါတို့ဂိမ်းက အဲ့တည်ပါပဲ မိုမို၊ ဒါပေမယ့် နင်နဲ့ ဝေးရဖို့အထိတော့ ငါ ရက်စက်ဖြစ်မယ် မထင်ပါဘူး”

“နင် ကတိပေးပါဟာ ...၊ နင် နိုင်သွားလည်း ငါနဲ့ သူ လက်ထက်နိုင်အောင် နင် ကူပြောပေးပါနော်”

“နင် သူ့ကို သိပ်ချစ်သွားလို့လား မိုမို”

“ဟုတ်တယ် ...”

မိုမို့အသံလေးက တိုးညှက်လာလေသည်။





“ငါ သူနဲ့ လက်မထပ်လို့ မဖြစ်တော့တဲ့ အခြေအနေ ရောက်နေပြီဟ”

တိုးလိုက်တဲ့ အသံကလေး ...။ ဒါပေမယ့် နှင်းဆွတ် ရင်ဘတ်ထဲသို့ အင်အားပြင်းပြတဲ့ ပေါက်ကွဲပစ္စည်းတစ်ခုလို တိုးဝင်ရောက်ရှိလာလေသည်။ အံ့သြခြင်းနှင့် မသင်္ကာခြင်းက ရင်မှာ ပြင်းစွာ ဖြစ်ပေါ်လာနေသည်။

“ကလေးတွေ ဘာတွေရော ရှိနေပြီလား”

“အဲလိုတော့ မရှိပါဘူး၊ ဒါပေမယ့် ဒီလိုအနေအထားကြီးနဲ့ ဆက်မနေချင်တော့ဘူး၊ သူက လက်မထပ်ချင်ဘူးဆို ငါ သွားပြီ ... ဟင့်”

“မငိုနဲ့ ...”

နှင်းဆွတ်သည် စိတ်ထဲမှာ ပေါက်ကွဲလွန်းသဖြင့် မှန်စားပွဲခုံကိုပင် လက်ဝါးနှင့် ရိုက်ချလိုက်မိလေသည်။ ထိုင်ရာမှ ထရပ်လိုက်သည်။ အိတ်ကလေးကို ကောက်ဆွဲကာ မိုမို ရှေ့က ထွက်လာခဲ့လိုက်ပါသည်။

နှင်းဆွတ် ဘာလုပ်ရမလဲဆိုတာ အဖြေထွက်လာခဲ့သည်။ နှင်းဆွတ်ရဲ့ အတွက်ပဲ ရှေ့တန်းတင်ပြီး အနိုင်ရရင် ပြီးရောဆိုတဲ့ အတွေးနဲ့ ရဲရင့်ဆီ ထပ်လိုက်တဲ့ လောင်းကြေးက မိုမိုကို ထိခိုက်စေခဲ့တာ နှင်းဆွတ် အမှားဖြစ်သည်။

နှင်းဆွတ် ပါးပေါ်မှာ မျက်ရည်တွေ စီးကျလာခဲ့ပြီး ရင်ဘတ်ကြီးထဲကကို ဝမ်းနည်းလာခဲ့ပါသည်။ ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း ငိုနေရတုန်းမှာပဲ ဖုန်းသံက မြည်လာတာမို့ ငိုသံကြီးနှင့်ပင် ဖုန်းထူးလိုက်ပါသည်။

"ဟဲလို ..."

"နှင်းဆွတ် ... သမီး ဒေါ်ပြုံးပါ"

"ရှမ် ... ဒေါ်ပြုံး၊ သမီး ပြန်ခေါ်လိုက်မယ်၊ ခု ဖုန်းချလိုက်နော်၊ ချက်ချင်း ပြန်ခေါ်လိုက်မယ်"

"အေး ... အေး"

နှင်းဆွတ်သည် သစ်ပင်ကြီး တစ်ပင်အောက်တွင် ကားရပ်လိုက်ပြီး မျက်ရည်များကို ပွတ်သုတ်လိုက်ပါသည်။ ပြီးမှ ဖုန်းကို ပြန်ခေါ်လိုက်သည်။ နှစ်ခါလောက် လိုင်းအောက်နေပြီးမှ ပြန်ခေါ်လို့ ရလိုက်သည်။

"ဟဲလို ... ဒေါ်ပြုံးနဲ့ ပြောချင်ပါတယ်ရှင်"

"အေး ... သမီး ဒေါ်ပြုံးပဲ၊ ပြော သမီး"

"ဟုတ် ... ဟို ဒေါ်ပြုံး သမီးကို ဖုန်းခေါ်တဲ့ ကိစ္စက"

"အေး ... အဲဒါပြောချင်တာ မေ့တော့မလို့"

"ဘာများလဲ ဒေါ်ပြုံး ..."

"ဒေါ်ပြုံးဆီကို ဆရာလေး ဖုန်းဆက်တယ် သမီး၊ နုနုထွင့်ကို အိမ်ပြန်ခေါ်လာပေးပါတဲ့၊ မေမေကြီးက နုနုထွင့် ချက်တဲ့ ဟင်းပဲ စားမယ်လို့ ပူဆာနေလွန်းလို့တဲ့ ..."

"ဟုတ်လား ..."





နှင်းဆွတ် ရင်ထဲမှာ ဟုန်သွားခဲ့သည်။ ပြန်လာဖို့ ခေါ်တာတောင် မေမေကြီး ပူဆာလို့တဲ့ ...။

"ဒေါ်ပြုံး ... ရွာမှာ နုနုထွင့် မရှိဘူး၊ စစ်ကိုင်းတောင်က အဒေါ်နဲ့ ခဏသွားနေတယ်လို့ ညာပြောလိုက်တယ်၊ ဆရာက နုနုပြန်လာတာနဲ့ ဖုန်းပြန်ဆက်ပါ၊ သူကိုယ်တိုင် လာခေါ်မယ်လို့ ပြောတယ် သမီး၊ ဒေါ်ပြုံး ဘာဆက်လုပ်ရမလဲ"

"နုနု မရှိတော့ဘူး၊ သေပြီလို့သာ ပြောလိုက်ပါ ဒေါ်ပြုံးရယ်"

"ဟဲ့ ... ကလေး မပြောကောင်း မဆိုကောင်းကွယ်၊ နုနုက နှင်းဆွတ်ပဲ မဟုတ်လား၊ အဲလို မပြောရဘူးကွယ့်"

ဒါဆို ဘယ်လိုပြောရမှာလဲ ဒေါ်ပြုံးရယ်၊ နုနုထွင့်ရဲ့ အသည်းနုနုကို ဦးက ခွဲလိုက်မှတော့ နုနုထွင့် သေသွားတာ အဆန်းလား ...။

"သမီး ပြန်မသွားနိုင်တော့ဘူး ဒေါ်ပြုံး၊ ဒေါ်ပြုံးပဲ စာရင်းပြတ် ပြောလိုက်ပါတော့"

"ကလေးရယ် ...၊ ဒါဖြင့် သမီး အဒေါ်နဲ့ စစ်ကိုင်းမှာပဲ နေတော့မယ်လို့ ပြောလိုက်တော့မယ်နော်"

"ကောင်းပါတယ် ဒေါ်ပြုံး"

"အေး ... အေး ... ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ဒေါ်ပြုံး၊ ကျန်းမာရေး ဂရုစိုက်နော်၊ ဒါပဲ ဒေါ်ပြုံး"

ဖုန်းချပြီးသွားသည်နှင့် ကားကို နှင်းဆွတ် မမောင်းနိုင်တော့ပါ။ ထိုနေရာမှာပဲ အကြာကြီး ငေးရီနေမိသည်။

နှင်းဆွတ် မျှော်လင့်ခဲ့တာ ဦးရဲ့ ကုမ္ပဏီကြီးမှာ အလုပ်လုပ်ခွင့် ရရင် ဦးကို မကြာခဏ တွေ့ရမှာပဲ ဆိုပြီး ...။ အခုတော့ ဦးနဲ့ တစ်ရက်လေးမှ မဆုံရတာ အရမ်းကြာနေခဲ့ပါပြီ။

'နှနှထွင်း' ဆိုတဲ့ ဘဝကလေးက ဟိုးအောက်ခြေ အလုပ်တွေပဲ လုပ်နေရသည်ဆိုပေမယ့် လမင်းကြီးနဲ့ တူတဲ့ ဦးကို မြင်တွေ့နေခွင့် ရသေးသည်။ ကုမ္ပဏီကြီးရဲ့ ဝန်ထမ်းဘဝမှာတော့ ဦး မလာသည့် ကွင်းပြင်ကြီးနဲ့သာ ငိုချင်းချနေရသည့် အဖြစ်။

ဦးနဲ့ နီးရဖို့ လျှောက်လှမ်းလာသမျှ ဝေးဝေးသွားနေရတာမို့ လက်လျှော့လိုက်တော့မယ် ဦးရယ် ...။ နှုတ်ဆက်ပါတယ် ...။

☺ ☺ ☺



(၂၉)

♥ ♥ ♥

ဝတ်ထားသော အနွေးထည်လေးကို သေးကျုံ့သွားအောင် လက်ဖြင့် ဆွဲညှစ်နေမိသည်။ အေးစိမ့်တဲ့ ဆောင်းလေကို ကားတံခါးဖွင့်လိုက်သည်နှင့် တွေ့ရမှာ ကြောက်နေသည်။

"နေမကောင်းရင်လည်း ခွင့်တိုင်လိုက်ပါလားဟာ၊ ဘာဖြစ်လို့ ခေါင်းမာနေတာလဲ"

ခွင့်ယူလို့ မဖြစ်ပါဘူး။ မြူတွေကျတဲ့ ဒီလိုရက်မျိုးဆို လေယာဉ် ထွက်ခွာချိန်တွေ delay(နောက်ကျ) ဖြစ်တတ်တာ။ ခရီးသည်တွေ စိတ်မကွက်အောင် ပြောဆို ဧည့်ခံရ၊ ကျွေးမွေးရနဲ့ ဝန်ထမ်းအင်အားကုန် သုံးတာတောင် မလောက်တဲ့ နေ့မျိုးမှာ ခွင့်ယူသင့်ပါ့မလား။

ထိုစကားတွေကို ဒီလူနားလည်အောင် ပြောပြချင်စိတ် မရှိတော့ ...။ နာရီကို ငုံ့ကြည့်လိုက်ပါသည်။ အချိန်ရနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကား ခဏရပ် ရဲရင့်၊ ငါ နင်နဲ့ ပြောစရာရှိတယ်"

"ပြောစရာ ... နေ့တိုင်းပြောနေတာ မကုန်သေးဘူးလားဟ၊ ဒီအတိုင်း ပြောတော့ ဘာဖြစ်လဲ"

"ခဏရပ်ပါဆိုဟာ ... နင် စကားကိုရှည်တယ်"

နှင်းဆွတ် ဟောက်လိုက်တော့မှ ရဲရင့်က သဘောကျကာ ကားရပ်လိုက်သည်။ ရဲရင့်မျက်နှာက ပြုံးနေသည်။ မနက်ခင်းတိုင်း ပြုံးနေတတ်သည်။ နှင်းဆွတ်နဲ့ ဆက်ဆံရေးမှာ အလွန်ပျော့ပျောင်း ညင်သာနေခဲ့သည်။

"ရဲရင့် ..."

"ဟင် ..."

"ငါတို့ ဂိမ်းကို အဆုံးသတ်လိုက်ကြရအောင် ...၊ ဂိမ်းမှာ ငါရှုံးပါတယ်၊ နင် အနိုင်ရတယ် ..."

"ဘယ်လို ... အဆုံးသတ်မယ် ဟုတ်လား၊ ဒါဆို နင် ဦးစစ်ဦးယံကို မေ့လိုက်တော့မယ်ပေါ့"

"ငါပြောချင်တာ ဂိမ်းပွဲအကြောင်းပဲ၊ ဦးအကြောင်းမဟုတ်ဘူး"

"ဒါပေမယ့် သူ့ကြောင့် ဖြစ်လာတဲ့ ဂိမ်းပဲ၊ ငါ သိချင်တယ် နင်ဖြေ ...၊ နင် ဒီလူ့ကို မေ့နိုင်ပြီလား"

နှင်းဆွတ် မဖြေချင်တဲ့ မေးခွန်းကိုပဲ ဆက်တိုက်မေးနေတာမို့ စိတ်အပျက်ကြီးပျက်စွာ ရင်ဆိုင်လိုက်ရပါသည်။

"ငါ့အတွက် တောင်ပတ်လမ်း လုံးဝမရှိတဲ့ တောင်တန်း





ကြီးပေါ်ကို ငါမတက်တော့ဘူး၊ ဒါပေမယ့် တောင်တန်းပေါ်က ကြယ်ပွင့်ကြီးကိုတော့ ငါ့နေရာကနေ နေ့တိုင်းစောင့်ကြည့်နေချင်တယ်၊ ရပြီလား ..."

ရဲရင့်က ချက်ချင်း ပြန်မဖြေ ...။ နှုတ်ဆိတ်၍သွားသည်။

"ငါ မေ့လိုက်ချင်တာ ဦး မဟုတ်ဘူး၊ နင့်ကို ..."

"ဘယ်လို ... ငါ့ကို ဟုတ်လား"

"ဟုတ်တယ်၊ ယောကျ်ားကောင်း မပီသတဲ့ နင့်ကို ငါ သူငယ်ချင်းဆိုတဲ့ အသိကနေ မေ့လိုက်ချင်တယ်၊ မေ့လည်း မေ့လိုက်တော့မယ်၊ ငါ့ကို နင် ရှုံးကို ကားမောင်းပို့စရာ မလိုတော့ဘူး"

"နှင်းဆွတ်မိုး ... နင် ရူးသွားပြီလား၊ ဟမ် ... ရူးသွားလို့ ပြောမိပြောရာတွေ ပြောနေတာလား"

"ငါ မရူးဘူး"

"ဒါဖြင့် ဘာလို့ ငါ့ကို မဟုတ်တာတွေ လာစွပ်စွဲနေတာလဲ"

"နင် ဘာတွေလုပ်ထားလဲ၊ နင့်ကိုယ်နင် သိမှာပေါ့"

"ငါ ဘာမှမလုပ်ဘူး၊ ယုတ်မာတဲ့ အလုပ်လည်း မလုပ်ဘူး၊ ယောကျ်ား မပီသတဲ့အလုပ်လည်း မလုပ်ဘူး"

အေးစက်တဲ့ ဆောင်းအရုဏ်တက်မှာ ရဲရင့် နဖူး၌ ချွေးစေးတွေ စို့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားပီသခဲ့တာတော့ ဟုတ်မှာပေါ့၊ နင့်ရဲ့ ယောကျ်ားပီသမှုကြောင့် ခု မိုမို ဒုက္ခရောက်နေပြီ မဟုတ်လား"

ရဲရင့် မျက်ဝန်းများက စူးရှကာ အရောင်တောက်လာခဲ့ပါသည်။

"နင် ဘာစကားပြောလိုက်တာလဲ နှင်းဆွတ်မိုး"

"ငါ့ကြောင့် မိုမိုရဲ့ ဘဝ မပျက်စေရဘူး ရဲရင့်၊ နင် မိုမိုကို လက်ထပ်ပါ၊ အခုချက်ချင်း ..."

"ငါ့ကို အမိန့်မပေးနဲ့၊ ငါ သူ့ကို လက်မထပ်နိုင်ဘူး၊ ငါချစ်တဲ့လူ သီးသန့်ရှိတယ်၊ အဲ့ဒါ နင်ပဲ ..."

"ငါ နင့်ကို ရွံနေတာနော်၊ ထပ်ရွံအောင် ဒီစကားတွေ လာမပြောနဲ့"

"ပြောရမှာပဲ၊ ငါ တကယ်ချစ်တာ နင်ပဲ နှင်းဆွတ်"

"နင်နဲ့ မိုမို လက်ထပ်မှုဖြစ်မယ့် အခြေအနေအထိ နင် ယုတ်မာထားပြီးမှ ငါ့ကို အဲလို စကားတွေ လာမပြောနဲ့၊ ငါရွံတယ်၊ အရမ်းရွံတယ် ..."

နှင်းဆွတ် လက်မောင်းနှစ်ဖက်ကို ရဲရင့်က ဆုပ်ကိုင်လိုက်ပြီး သူ့မျက်လုံးတွေနှင့် ရင်ဆိုင်ခိုင်းသည်။ နှင်းဆွတ်က မျက်နှာကို လွှဲဖယ်ထားမိသည်။

"ငါ့ကိုကြည့် ... ငါ့ကိုကြည့်၊ ဘယ်တော့မှ ငါမယုတ်မာဘူး၊ ခုလို နင်ပြောလိုက်တဲ့အတွက် ငါ မြတ်ပိုးမိုကို လက်မထပ်ဖြစ်မှာ ပိုသေချာသွားပြီ ...၊ ငါ မြတ်ပိုးမို





တစ်ယောက်တည်းနဲ့မှ မဟုတ်ဘူး၊ မိန်းကလေးတွေ အများကြီးနဲ့ ရည်းစားဖြစ်ဖူးတယ်၊ ဒါပေမယ့် လူမဆန်တဲ့ အလုပ် ငါ ဘယ်တော့မှ မလုပ်ဘူး၊ အားလုံးနဲ့ သန့်သန့်လေး တွဲခဲ့တာပဲ၊ လုပ်ကြံစွပ်စွဲတတ်တိုင်း နွားကျခံမယ့်ယောကျ်ား မဟုတ်ဘူး"

ပြောချင်ရာ ပြောပြီးမှ နှင်းဆွတ် လက်မောင်းတွေကို ဖြေလျှော့ပေးလိုက်ပါသည်။ ဒေါသကြောင့် နီမှဲလိုက် မြင့်လိုက်ဖြစ်နေသော ရဲရင့် လည်တိုင်ကို နှင်းဆွတ် ငေးငိုင်ကြည့်နေမိပါသည်။

"တကယ် ပြောတာလား ..."

ရဲရင့်က ဝဲဖြာနေသော မျက်ရည်များကို မျက်လုံးထဲမှ ထွက်မလာအောင် ထိန်းချုပ်ထားရင်း နှင်းဆွတ်ကို စကားမပြောတော့ပေ။

ကားစက်ပြန်နှိုးလိုက်ပြီး ရောက်ဖို့ ဘယ်လောက်မှ မလိုတော့သော လေဆိပ်သို့ ဦးတည်လိုက်ပါသည်။

လေဆိပ်ထဲသို့ ကားဝင်ပြီးသည်နှင့် နှင်းဆွတ်က ကားတံခါးကို ချက်ချင်း ဖွင့်လိုက်ပါသည်။ လေအေးအေးက ချက်ချင်း ဖြတ်တိုးဝင်လာသည်၊

"ငါ ..."

နှင်းဆွတ် နားစွင့်ထားလိုက်မိသည်။ သူဘာပြောမှာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com

"ငါ … အခုချိန်ထိ လှုပ်ရှုစစ်စစ်ပဲ"

သွေးတစ်မျိုးက နှင်းဆွတ် မျက်နှာပြင်မှာ ဖြန်းခနဲ စိုသွားခဲ့သည်။ ထိုနေရာမှာ ဆက်တည်ရှိနေဖို့ အင်အားမရှိတော့သဖြင့် ကားထဲမှ အမြန် ပြေးထွက်သွားလိုက်မိပါတော့သည်။

☺ ☺ ☺



(၃၀)

♥ ♥ ♥

"ဟိုမိန်းကလေးက နှင်းဆွတ်မိုး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဘာဖြစ်သွားတာလဲ၊ ပြေးသွားလိုက်တာ အလောတကြီးနဲ့၊ ဒီလို ပြေးလွှားတတ်တဲ့ မိန်းကလေးမျိုး ငါ တစ်နေရာမှာ ရင်းနှီးဖူးသလိုလိုပဲ"

"ဟင်း … ဟင်း"

"ဘာရယ်တာလဲ"

"နှင်းဆွတ်မိုးကို တွေ့တိုင်း ဆရာ တွေ့ဖူးသလိုလို ခံစားနေရတာ သာမန် တိုက်ဆိုင်မှုမျိုး မဟုတ်ဘူးလို့ ခံစားမိလို့ပါ"

"သာမန် မဟုတ်ဘူးဆိုတော့ ဘာတိုက်ဆိုင်မှုလဲ"

"ပြောရမှာလား ဆရာ"

"ဖေဖော် … မင်း ဘာဖြစ်နေတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... ဘ၀ဟောင်းက ရေစက်၊ ဖူးစာရှင် အဲဒါမျိုးလေ ဆရာရယ်"

"တော်စမ်းပါကွာ၊ သွား ... သွား ... မင်းရှေ့က သွားပြီး ပြောထား၊ lounge ထဲကို ငါလာမယ်လို့"

"ဟုတ်ကဲ့ ဆရာ"

ဖေဖော် ကားပေါ်မှ ဆင်းသွားတော့ သူတစ်ယောက်တည်း ပြုံးသွားမိပါသည်။ ဒီနေ့မနက် တောင်ကြီးသွားဖို့ သူ လေဆိပ် ရောက်လာရတာဖြစ်သည်။ ပါကင်မှာ ကားထိုးရပ်ပြီး ဆင်းမည့်ဟန်ပြင်တုန်းမှာပင် caldina ကားအပြာလေးက ဘေးနားမှာ ကပ်ရပ်သွားသည်။

ကားပေါ်မှ ပြေးဆင်းသွားတဲ့ နှင်းဆွတ်မိုးကို ငေးကြည့်မိသွားသည်။

လေဆိပ် မန်နေဂျာ ဒေါ်ယဉ်ယဉ် ပြောပြထားဖူးတာတော့ နှင်းဆွတ်မိုးက အလုပ်ကြိုးစားသည်တဲ့။ ဘယ်နေရာမှာပဲ တာဝန်ပေးပေး မညည်းမညူ လုပ်သည်တဲ့။

ဖေဖော့် မျက်နှာနဲ့ အလုပ်ခန့်ရသည်ဆိုပေမယ့် အခုလို ဝန်ထမ်းကောင်းတစ်ယောက် ရရှိသည့်အတွက်တော့ သူ ကျေနပ်ပါသည်။

"မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါ ဒေါ်ယဉ်ယဉ်၊ ကွင်းအခြေအနေ ဘယ်လိုလဲ"





"မြူတွေ တအားကျလို့ ကွင်းပိတ်ထားပါတယ် ဆရာ၊ ဘယ်အချိန် ကွင်းဖွင့်မယ်ဆိုတာ မသိရသေးပါဘူး"

"ဒါဖြင့် ခရီးသည်တွေ စိတ်ညစ်တော့မှာပဲ၊ ကဲ ... ဒေါ်ယဉ်ယဉ်တို့ လုပ်စရာရှိတာ လုပ်ပါ၊ ခရီးသည်တွေကို အကျွေးအမွေးနဲ့ ဧည့်ခံပေးပါ၊ မန်ဘာဝင်တွေ lounge ထဲမှာ ရှိနေသလား"

"ရှိနေပါတယ် ဆရာ"

"ဒီမနက် ဘယ်နှစ်ကြောင်းလဲ"

"ခြောက်နာရီခွဲ နှစ်ကြောင်းနဲ့ ခုနစ်နာရီ တစ်ကြောင်းပါ ဆရာ"

"အားလုံး နောက်ကျကုန်ပြီပေါ့၊ ဒေါ်ယဉ်ယဉ် တစ်ခု ကူညီပါဦး"

"ဘာများလဲ ဆရာ"

"ကွင်းထဲ ဆင်းကြည့်ချင်တယ်၊ အဲဒါ ကွင်းထဲဆင်းလို့ရအောင် စီစဉ်ပေးပါ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ လိုက်ပို့ပါ့မယ်"

"မလိုဘူး၊ ကျွန်တော် တစ်ယောက်တည်း သွားချင်တာပါ၊ လေယာဉ်နားမှာ ကျွန်တော့် ဝန်ထမ်းတွေ ရှိမယ်မဟုတ်လား"

"loading သမား အသီးသီး ရှိပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ...၊ ကျွန်တော် ကွင်းထဲ ဆင်းပါမယ်"

ဒေါယဉ်ယဉ်ထွက်သွားပြီး မကြာခင်မှာ သူ့အတွက် ကွင်းထဲဆင်းနိုင်ခွင့် ကတ်ပြားကလေး ရရှိလာသည်။ ကတ်ကလေးကို ရင်ဘတ်မှာ ဆွဲကာ သူ ကွင်းထဲဆင်းလာခဲ့သည်။ မြူနှိုးတွေဝေနေတဲ့ ကွင်းပြင်ကြီးထဲမှာ လေယာဉ်ပေါင်းများစွာ နေရာယူ ရပ်တန့်ထားမှာ သေချာသော်လည်း သူ့မျက်စိနဲ့တော့ မမြင်ရပေ။ သို့သော်လည်း သူ ဖြည်းဖြည်းမှန်မှန် လျှောက်လာခဲ့ပါသည်။

ဆောင်းလေက ပြင်းထန်စွာ အေးစက်မှုကို ပေးနေလေသည်။

နှင်းတွေက ဖြူစင်အပြစ်ကင်းပြီး လှပသယောင် ထင်ရပေမယ့် ခရီးသွားရမည့်သူများအတွက်တော့ အနှောင့်အယှက် အစစ် ဖြစ်၍နေသည်။

ဦးတည်ရာ ခရီးစဉ်အသီးသီးသို့ အလျင်အမြန် ရောက်ရှိလို၍ လေယာဉ်နှင့် ရွေးပြီးသွားပါသည်ဆိုမှ လေယာဉ်ကွင်း ပိတ်ထားသည့် အဖြစ်နှင့် ကြုံရသည့် ခရီးသည်များ သနားစရာ ကောင်းပါသည်။

ဆောင်းနဲ့မြူ ချစ်သူဆို လေယာဉ်နှင့် မြူကတော့ ရန်သူပဲ ဖြစ်ပါလိမ့်မည်။

နှင်းငွေ့ဝေဝေများကြားထဲ လမ်းလျှောက်လာသည့် သူ အတွေးတွေနှင့် ပြည့်နှက်နေသည်။ အလုပ်ကိစ္စနှင့် ခရီးသွားရမှာ ဖြစ်သော်လည်း သူ့အာရုံက အလုပ်မှာရှိမနေဘဲ တခြားသို့ ရောက်နေသည်။ လွမ်းနေသလိုလို ခံစားနေရလေသည်။





သူ့လေယာဉ် အသေးဆုံးလေးကို မြင်တွေ့လိုက်ရပါပြီ။

လေယာဉ်နားမှာ ဘယ်သူမှ ရှိမနေပါလား ...။

အားလုံး တိတ်ဆိတ်၍ နေသည်။

လှေကားတွေပေါ်မှ သူ နင်းဖြတ်တက်လာခဲ့သည်။

"ဟာ ... ဆ ... ဆရာ"

"အေး ... ညီလေး မင်္ဂလာပါကွာ၊ ကပ္ပတိန်တွေရော"

"ကွင်းပိတ်ထားတော့ မလာကြသေးဘူး ဆရာ၊ ရုံးခန်းထဲမှာ ရှိကြပါတယ်"

"ဩော် ... အင်း ... အင်း"

သူ့ဝန်ထမ်းကလေးက လေယာဉ်ခရီးသည်ခုံပေါ်မှာ ထိုင်ပြီး ငိုက်နေခဲ့တာ ဖြစ်သည်။ သူ့ကိုမြင်တော့ လန့်သွားသည်။ အံ့သြနေပုံလည်း ရသည်။ သူကလည်း ဘယ်တုန်းကမှ မလုပ်ဖူးတဲ့ အလုပ်ကို လုပ်လိုက်မိခြင်း ဖြစ်သည်။

ဝန်ထမ်းလေးကို သူအပြစ်မဆိုချင်ပါ။ သူများတကာ အိပ်ကောင်းနေချိန်ကတည်းက အိပ်ရာထပြီး အလုပ်လာခဲ့ရတာကို သူ အပြည့်အဝ နားလည်ပါသည်။

ဘောင်းဘီအိတ်ထဲ လက်ထည့်ကာ လေယာဉ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲ သူလျှောက်လာခဲ့ပါသည်။ သူ့လက်များက စက်ခန်းတံခါးကို ဖွင့်လိုက်မိပါသည်။

သူ့ခန္ဓာကိုယ် ဆတ်ခနဲ တွန့်သွားသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မရှိဘူးအထင်နှင့် တက်တက်စင်အောင် လွဲသွားတာကြောင့် ဖြစ်ပါမည်။

လှပသည့် သဏ္ဌာန်လေးက ပိုင်းလော့ခုံပေါ်မှာ ထိုင်နေပြီး ကပ္ပတိန်တစ်ယောက်၏ mood အပြည့်ဖြင့် လောကကြီးကို မေ့လျော့နေပုံရလေသည်။ ကားသမား အခေါ် စီယာဒိုင် (ကပ္ပတိန်တွေကတော့ ဘယ်လိုခေါ်မလဲမသိ)ကို ကိုင်၍ လေထဲအထိ မောင်းတက်သွားနေခဲ့သလား ထင်မှတ် မှားရလောက်အောင် ဖီးလ်အပြည့်နှင့် ထိုင်နေခဲ့လေသည်။

သူ ငေးမောနေမိသည်။ ဆံပင်စင်းစင်းလေးတွေကို ခေါင်းစည်းကြိုးကလေးဖြင့် စုစည်းထားသဖြင့် လုံးဝန်းသော မျက်နှာပြင်ကလေးပေါ်မှာ အထင်ရှားဆုံးသော နှာတံချွန်ကလေးကို ဘေးတိုက်မြင်နေရသည်။

အလင်းရောင် မှိန်တဲ့ နေရာလေးမှာ လှပသော မျက်နှာကလေးကို ခုလို မြင်နေချိန်မှာလည်း တွေ့ဖူးသလို ခံစားရပြန်ပါသည်။

သူ ခေါင်းကို ခါလိုက်မိပါသည်။

ဇော်ဇော်၏ စကားကို မှတ်မှတ်ရရ ပြန်ကြားလိုက်သဖြင့် ဖြစ်သည်။





ထိုအချိန်တွင် ထိုင်နေခဲ့သော နတ်မိမယ်လေးက သူ့ကို ရုတ်တရက် လှည့်ကြည့်မြင်တွေ့သွားပါသည်။

ဝိုင်းစက်သွားသော မျက်ဝန်းလေးနှင့် သူ့မျက်ဝန်းတို့ အကြာကြီး ငေးမော စကားပြောဖြစ်ကြသည်။

ရင်းနှီးနွေးထွေးမှုကို သူ အလိုလို ခံစားရပြန်ပါသည်။ သူ ရူးနေတာလားဆိုသည့် သတိဝင်ချိန်နှင့် ကောင်မလေး မတ်တတ်ရပ်လိုက်ချိန်က တစ်ထပ်တည်း ကျသွားသည်။

သူ့ကို ကြောက်သွားခဲ့သည် ထင်သည်။ ပိုင်းလော့ခုံပေါ်မှ လှမ်းအထွက်မှာ သူမ ချော်လဲကျလာခဲ့လေသည်။ သူက အလျင်အမြန် ထိန်းပေးလိုက်သဖြင့် ကြမ်းပြင်ပေါ်မကျပေမယ့် ညည်းညူသံကလေး ထွက်လာလေသည်။

“နာသွားလို့လား ...”

“ခြေထောက် ဘာဖြစ်လဲ မသိဘူး”

“လာ ... ခုံမှာထိုင်လိုက်နော်”

သူ့ရင်ဘတ်ထဲထိ မှီထားမိသဖြင့် နှင်းဆွတ်မိုးက ခွာထွက်ဖို့ ကြိုးစားသည်။ သို့သော် နှင်းဆွတ်မိုး တစ်ယောက် ခြေထောက် လုံးဝ မထောက်နိုင်ပါ။ သူပဲပွေ့ပြီး ခုံပေါ်မှာ ထိုင်စေလိုက်သည်။

နာကျင်မှုကြောင့် မျက်နှာလေး ရှုံ့မဲ့နေလေသည်။

“မင်း ခြေထောက် ခေါက်သွားတာ ဖြစ်လိမ့်မယ်၊ ငါ့ကို မြင်တာ သရဲမြင်တာကျနေတာပဲ၊ ထပြေးဖို့ ကြိုးစားရလား



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ငါ ကိုက်မစားပါဘူး၊ ဘာလဲ … မင်းက လေယာဉ်
မောင်းချင်တာလား …”

နှင်းဆွတ်မိုးကို သူ စကားတွေ အများကြီး ပြောမိနေလေသည်။ တစ်ခွန်းမှ ပြန်မပြောဘဲ မျက်လွှာလေးချကာ ခြေထောက်ကိုပဲ ငုံ့ကြည့်နေရှာသည်။

အရမ်းနာနေလား …၊ အဆစ်လွဲသွားပြီ ထင်တယ်၊ လာ
ငါပြန်တည့်ပေးမယ်”

စကတ်အတို ယူနီဖောင်းကလေးနှင့် ကျုံ့ကျုံ့လေး ထိုင်နေသော နှင်းဆွတ်မိုး ခြေထောက်ကလေးက ဖြူနုစင်းနေခဲ့သည်။

နှင်းဆွတ်မိုး ရှေ့မှာ သူ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး ခြေထောက်ကလေးကို မကိုင်လိုက်ပါသည်။

ရှူးဖိနပ်ကလေးကို ဆွဲချွတ်အပြီးမှာ သူ့ရင်ထဲက ဒုတ်ခနဲ ဆောင့်ခုန်သွားတာကို ချက်ချင်းသိလိုက်သည်။ ပြီးတော့ သူ ညစဉ် ငေးမောကျူမ်းဝင်နေခဲ့တဲ့ ခြေထောက်လေးဟုပဲ တစ်ထစ်ချ ယုံလိုက်မိပါသည်။

ဖွးဖောင်းတဲ့ ခြေခုံ ဖြူလွလွလေးရယ်၊ ညီညာလှပတဲ့ ခြေသည်းခွံ သန့်သန့်လေးတွေရယ်၊ နီရဲနေတဲ့ ခြေဖဝါးကလေးရယ် …။ ကွန်ပျူတာ အဖတ်(တ)တွေ မဟုတ်ဘဲ တကယ့်အမှန် လှတဲ့ ခြေထောက်ကလေး …။ သူချစ်ခဲ့ရတဲ့ ခြေထောက်လေးပါ။ သေချာတယ် …။





သူ့မျက်ဝန်းများက နှင်းဆွတ်မိုး မျက်နှာဆီ မော့ကြည့်မိသည်။

ရုတ်တရက် ဆုံပြီးမှ လွဲသွားသော မျက်လုံးတွေကလည်း …။

ဟုတ်သည် …။ ဖိနပ်ကြော်ငြာ ပိုင်ရှင်ကလေးပင် ဖြစ်သည်။

“နာတယ် … ဦး … ဟို … ဆရာ”

ကလေးမက ညည်းပြမှပင် မေ့လျော့စွာ ကိုင်ထားမိတဲ့ ခြေထောက်ကလေးကို သူ့လက်ဖြင့် ခါကာ အဆစ်ပြန်တည့်ပေးလိုက်ရပါသည်။

“အ … နာတယ်”

တစ်ချက် ညည်းပြီး သူ့ပခုံးကို လာဆုပ်ကိုင်လိုက်တဲ့ အထိအတွေ့မှာ သူ အရည်ပျော်ကျသွားခဲ့သည်။

“ရပြီ၊ ပြန်ကောင်းသွားပြီ၊ မင်းမယုံရင် ထောက်ကြည့်၊
လာ … ငါ့လက်ကိုတွဲ”

သူ့လက်ထဲသို့ ဖြူနုသော လက်များက ဝင်ရောက်လာသည်။ သူ ဆုပ်ကိုင်ပြီး နှင်းဆွတ်မိုးကို မတ်တတ်ရပ်ဖို့ ဖေးမလိုက်သည်။

“ရသွားပြီ မဟုတ်လား”

“ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ် ဆရာ”

“မင်းလက်တွေက ပူလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ဖဝါးက နှင်းဆွတ်မိုး နဖူးပေါ် ရောက်ရှိသွားသည်။

"မင်း ဖျားနေတယ်၊ နေမကောင်းဘူး မဟုတ်လား"

ပူလောင်နေတဲ့ နဖူးလေးက နီရဲနေကာ သူ့အမေးကြောင့် ခေါင်းငုံ့ချသွားပါသည်။

သူ ချက်ချင်းပင် သူမခန္ဓာကိုယ်လေးကို ပွေ့ချီကာ လေယာဉ်ပေါ်မှ ဆင်းလာခဲ့ပါသည်။

"ဆရာ ... ဆရာ ... နှင်းဆွတ်မိုး ဘာဖြစ်တာလဲ ဆရာ"

"ညီလေး ကားခေါ်စမ်း၊ ဒီကလေးမ ဖျားနေတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

လေယာဉ်အောက်မှာ ရပ်စောင့်နေသော ကောင်လေးက ကားခေါ်လိုက်သည်နှင့် ချက်ချင်း ရောက်လာသည်။ ဒေါ်ယဉ်ယဉ်လည်း ကားပေါ် ပါလာခဲ့သည်။ နှင်းဆွတ်မိုးကို သူကိုယ်တိုင် ကားပေါ်တင်ပေးကာ ...

"ဖျားနေတယ်၊ နေမကောင်းတဲ့သူကို နှင်းကျတဲ့အပြင်မှာ တာဝန်ချရလားဗျာ၊ ခင်ဗျားတို့ကလည်း ..."

"တောင်းပန်ပါတယ် ဆရာ၊ မသိလို့ပါ"

"ကဲ ... ကဲ ... အိမ်ပြန်ပို့ပေးလိုက်၊ နေပါဗျာ၊ ကွင်းမဖွင့်သေးဘူး မဟုတ်လား၊ ကျုပ်လိုက်ပို့မယ်၊ ကျုပ်ကားနားထိပဲ လိုက်ပို့ကြ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





သူ လူတွေကို အလျှင်အမြန် အမိန့်ပေးနေမိသည်။ ဘာတွေ ဘယ်လို ဖြစ်ပျက်နေသည်ဆိုတာကို အသေးစိတ် ရှင်းရှင်းလင်းလင်း ခံစားမရနိုင်ဘဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဗျာများနေမိပါသည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့လေးက သူ့ဘဝရဲ့ အမှတ်တရနေ့ရက်ဖြစ်ပါသည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

❤ ❤ ❤

အစောကြီး အိပ်ရာက ထစရာမလိုသည့် မနက်ခင်းမှာ နှင်းဆွတ် ခပ်စောစောကနိုးလာခဲ့ပါသည်။ ခွင့်ရသဖြင့် အေးအေးလူလူ အနားယူနိုင်ခဲ့ပါသည်။ အဖျားငွေ့ကလေး နည်းနည်းကျန်ရုံမှအပ နှင်းဆွတ် ပကတိ ကျန်းမာနေပြီ ဖြစ်ပါသည်။

ခြေထောက်ကလည်း အလျင်အမြန်ကြီးပင် ကောင်းသွားခဲ့ပါသည်။ ပြတင်းတံခါးကို ဖွင့်လိုက်စဉ်မှာ နှင်းငွေ့လေးက နှင်းဆွတ် မျက်နှာကို ဖျတ်ခနဲ နမ်းရှိုက်လိုက်သည်။

စိတ်က ရွှင်လန်းနေသဖြင့် နှုတ်ခမ်းကလေးတွေက အလိုလို ပြုံးမိနေပါသည်။ ပြတင်းပေါက်ပေါ် လက်ထောက်၊ လက်ပေါ် မေးစေ့ကလေး ပြန်ထောက်ပြီး အဝေးကို ငေးရင်း အတိတ်ကို တွေးနေမိပါသည်။

အဲဒီနေ့က နှင်းဆွတ် ကံကောင်းခဲ့ပါသည်။ ခြေထောက်အဆစ် လွဲသွားသည်မှ အပပေါ့ ...။





မြူကျလို့ ကွင်းပိတ်ထားခဲ့သဖြင့် လေယာဉ်ဆီကို ကပ္ပတိန်တွေက ချက်ချင်း မလာသေးပါ။ cockpit ထဲဝင်ပြီး ပိုင်းလော့ခုံမှာ ထိုင်ကြည့်ချင်တဲ့ ဆန္ဒက အလုပ်စဝင်ကတည်းက ရှိနေတာမို့ လူလစ်တုန်း ထိုင်ကြည့်မိပါသည်။ စိတ်ရဲ့ နှိုးဆော်မှုကြောင့် အနောက်ကို လှည့်အကြည့်မှာ ထင်မှတ်မထားသည့် ဦးကို မြင်လိုက်ရတာပဲ ဖြစ်သည်။

ဦး၏မျက်ဝန်းတွေက စကားတွေ အများကြီး ပြောနေခဲ့သည်။ ကြောက်လန့်တကြား ထထွက်မိတဲ့ နှင်းဆွတ် ခြေထောက်ခေါက်အလဲမှာ ဦး၏ အကြင်နာတရားတွေကို နှင်းဆွတ် မြင်သိလိုက်ရသည်။ ရှူးဖိနပ် ချွတ်လိုက်ရတဲ့ နှင်းဆွတ် ခြေထောက်ကလေးကို ဦး ပဟေဠိဆန်ဆန် ငေးကြည့်တာ၊ နှင်းဆွတ်မျက်နှာပေါ်မှာ အဖြေရှာတာ အားလုံး သိပါတယ် ဦးရယ် ...။

"သမီးရေ ... ဧည့်သည်"

အိမ်ရှေ့ဘက်ခြံထိပ်မှ မေမေက နှင်းဆွတ်ကို မြင်ပြီး လှမ်းအော်ပြောပြီးနောက်မှာ ခြံထဲသို့ 'ကားတစ်စီး ဝင်လာခဲ့ပါသည်။ alphard အနက်ကြီးကို မြင်လိုက်သည်နှင့် ဦးမှန်း နှင်းဆွတ် သိလိုက်သည်။

ဦး တောင်ကြီးက ပြန်ရောက်ပြီပေါ့။ နှင်းဆွတ် အခန်းထဲမှ ထွက်လာခဲ့ပါသည်။ လေ့ကားထစ်တွေကို ဖြည်းဖြည်းချင်း ဆင်းပြီးသည့်နောက်မှာ ဦးကလည်း ဧည့်ခန်းဝဆီသို့ ရောက်လာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အထဲကို ကြွပါ ဆရာ"

ဖိနပ်မပါတဲ့ နှင်းဆွတ် ခြေထောက်ကလေးဆီသို့ ဦး အကြည့်တို့က ရောက်ရှိသွားကြပြန်သည်။

"ထိုင်ပါ ဆရာ"

နှင်းဆွတ်သည် ဦးထိုင်သည့်နေရာနှင့် နှင်းဆွတ်၏ ဖိနပ်ကြော်ငြာ ပိုစတာ တည့်တည့်ပဲတော့ ဖြစ်ပြီဆိုတာ သိလိုက်ပါပြီ။

ဦးကလည်း ပိုစတာကြီးကို မြင်ဖြစ်အောင် မြင်သွားခဲ့သည်။ ထို့နောက် နှင်းဆွတ်ကို မေးခွန်းထုတ်ချင်နေသည့် အကြည့်များဖြင့် ကြည့်လာခဲ့တာမို့ ...။

"မှန်ပါတယ် ဆရာ၊ အဲဒါ နှင်းဆွတ်ပုံပါ၊ ဖိနပ်ဝယ်ရင်းနဲ့ ဆိုင်ရှင်က နှင်းဆွတ်ကို ပိုစတာရိုက်မလား လာမေးလို့ ရိုက်ဖြစ်သွားတာပါ"

"မင်းခြေထောက်ကလေးတွေက သိပ်လှတယ်နော်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ မှန့်ကျွေးလိုက်ပါ့မယ်နော်၊ ဆရာ ဒီပိုစတာကို တစ်နေရာရာမှာ ကြည့်ဖူးတယ်ထင်တယ်၊ အဲ့ဒါကြောင့် နှင်းဆွတ်ကို အင်တာဗျူးတုန်းက တွေ့ဖူးသလိုလိုပဲလို့ ပြောခဲ့တာ ဖြစ်မယ်"

"အင်း ... ဟုတ်မယ်နော်"

နှင်းဆွတ်က ဦး၏ အာရုံကို ပိုစတာမှာပဲ ရပ်တန့်သွားစေလိုသဖြင့် စကားများပေးလိုက်ခြင်း ဖြစ်ပါသည်။





"ဒါပေမယ့် ပိုစတာထက်ကို ရင်းနှီးနေသလို ခံစားရတာကွ"

ဦးက နှင်းဆွတ် မျက်ဝန်းများကို ငေးစိုက်ကြည့်ကာ ပြောလိုက်တာ မို့ နှင်းဆွတ် ရင် ဒုန်းခနဲ ဆောင့်ခုန်သွားပါသည်။

"မေမေ ..."

ခြံထဲကနေ ဖြည်းဖြည်းလျှောက်လာရင်းမှ နှင်းဆွတ်တို့အနားသို့ ရောက်လာသော မေမေ့ကို ခေါ်လိုက်ပါသည်။

"မေမေ ... ဒါ နှင်းဆွတ်တို့ ကုမ္ပဏီပိုင်ရှင် သူဌေးပါ"

"မေမေ သိပါတယ်၊ သမီးယူလာတဲ့ စာအုပ်တွေထဲမှာ မြင်ဖူးတယ်လေ ..."

"ဟုတ်တယ် ... ဟုတ်တယ်၊ ဆရာ ... ဒါနှင်းဆွတ် မေမေပါ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"အန်တီလည်း ဝမ်းသာပါတယ်၊ ခဏ စကားပြောနှင့်ဦးနော်၊ အန်တီ ကောက်ညှင်းပေါင်း သွားထည့်လိုက်ဦးမယ်၊ သူဌေး ကြိုက်မှာပါ၊ သမီးကိုယ်တိုင် ပေါင်းထားတာ ...၊ တခြားမုန့်တွေ လုပ်တာထက် မြန်မာမုန့်ဆို သမီးလုပ်တာ အန်တီ့ထက် ပိုကောင်းတယ်၊ ခုလည်း မနက်အစောကြီး ထပေါင်းထားတာလေ၊ သူဌေး ကံကောင်းလို့ သမီးလက်ရာနဲ့ တိုးတာ ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ... ကျွန်တော် စားဖြစ်အောင် စားသွားပါ့မယ် အန်တီ"

"အေး ... အေး"

မေမေက ဝမ်းသာအားရ ထထွက်သွားခဲ့ပြီး ဦးက နှင်းဆွတ်မျက်နှာကို ငေးကာ ကျန်ခဲ့သည်။ နှင်းဆွတ် တစ်ယောက် ဦးအကြည့်တွေကို ရင်မဆိုင်ရဲတာမို့ အကြည့်လွှဲကာ ဆက်တီခုံ လက်တန်းကို လက်သည်းကလေးများဖြင့် တဒေါက်ဒေါက် ခေါက် နေမိပါသည်။

"မင်း နေကောင်းသွားပြီပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ကိုယ် နည်းနည်း မူးရုံကလွဲရင် အားလုံး ကောင်းသွားပါပြီ"

"ခြေထောက်ကရော ..."

"ဆရာပို့ပေးတဲ့ ဆေးခန်းကပဲ ဆေးစည်းပေးလိုက်တာဆို တော့ ကောင်းသွားပါပြီ"

"အင်း ... ဒါဆို အလုပ်ပြန်ဆင်းတော့ပေါ့"

"ဟုတ်ကဲ့ ... လာမယ့် ဂျူတီကနေ အလုပ်စဆင်းမှာပါ"

"အင်း ... အင်း"

ဦးက အမြဲ အဲသလိုကြီးပင် ...။ ကြင်နာပြတာ လွန်သလောက် ရှိသွားရင် တစ်ဖက်လူ အောင့်သက်သက်ဖြစ်စေ မယ့် စကားမျိုး ရွေးပြောပြီး ဖီးလ်ဖျက်တတ်သည့် အကျင့်ဆိုး ကြီးရှိသည်။





သူ့အကျင့်ကြီး သိထားပြီးတဲ့ နှင်းဆွတ်မှာတော့ မျက်စောင်းကလေး မသိမသာ ထိုးရုံအပြင် စိတ်မဆိုးတတ်တော့ ပါ။

မကြာခင်မှာပဲ မေမေက ဦးအတွက် ကောက်ညှင်း ပေါင်း ပူပူလေး ယူလာခဲ့ပါသည်။

"စားကြည့်ပါဦး သူဌေး ..."

"ဟုတ်ကဲ့ ... စားစေချင်ရင်တော့ ကျွန်တော့်ကို သူဌေးလို့ မခေါ်ပါနဲ့၊ ကိုစစ်လို့ပဲ ခေါ်ပါ အန်တီ၊ အန်တီက မေမေ့ လောက် အသက်မကြီးပေမယ့် ကျွန်တော့် ဝန်ထမ်းမှ မဟုတ်တာ၊ ကိုစစ်လို့ ခေါ်ပါ ..."

"အော် ... ဟုတ်ပါပြီ ကိုစစ်ရယ်၊ မုန့်စားလိုက်ပါဦးနော်"

ဦးက ကောက်ညှင်းပေါင်းကလေး တစ်ဇွန်း မြည်း ကြည့်ပြီး ပြုံးသွားခဲ့ပါသည်။ အပြုံးက လှပလွန်းတာမို့ မေမေနှင့် နှင်းဆွတ်သည်ပင် ဝမ်းသာသွားခဲ့ပါသည်။

"အရသာက ကောင်းလိုက်တာနော်၊ ကောက်ညှင်းက အိပြီး အုန်းနို့နံ့လေးကို ဝါးလိုက်တိုင်း ရတယ်၊ ဝယ်စားဖူးတဲ့ အရသာနဲ့ မတူဘူး၊ ပိုသေးရင် နည်းနည်း ထည့်ပေးလိုက် ပါလား၊ ကျွန်တော့် မေမေ့ကို ကျွေးချင်လို့ပါ"

"ရတာပေါ့ ... အများကြီး ရှိပါသေးတယ်၊ သမီးကတော့ အရမ်းဝမ်းသာနေမှာပဲ၊ သူ့လက်ရာကို အန်တီရယ်၊ ဟိုဘက်ခြံက သူ့သူငယ်ချင်းရယ် ဒီလောက်ပဲ ကျွေးခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခုလို သူ့ဆရာကို ကျွေးခွင့်ရတာ သူ့အတွက် ပထမဆုံးပဲ”

“ဟုတ်လား ... နှင်းဆွတ်မိုးက ပထမဆုံးမှာပဲ အမှတ်အပြည့် ရသွားတာပေါ့”

ဦး၏ ပြုံးစစ အပြောမှာ နှင်းဆွတ် ခေါင်းငုံ့ထားရပါသည်။

ခဏအကြာမှာတော့ ဦး ပြန်သွားခဲ့ပါသည်။

“သူဌေးက သဘောကောင်းသားပဲ သမီးရဲ့ ...”

“ဟုတ်တယ် မေမေ၊ သမီးတို့ သူဌေးက သူတော်ကောင်းတစ်ယောက်ပါပဲ၊ ဝန်ထမ်းတွေကို တန်ဖိုးထားတယ်၊ သူ့စည်းစိမ်ဥစ္စာတွေနဲ့ အလုပ်မလုပ်ဘဲ ထိုင်စားနေလည်း မကုန်ဘူး၊ အရမ်းချမ်းသာတယ်၊ ဒါပေမယ့် ဦးနှောက်အခြေခံပြီး ကုမ္ပဏီ ထောင်ထားခဲ့တယ်၊ သူ့ကုမ္ပဏီမှာ အလုပ်လုပ်ရတဲ့ ဝန်ထမ်းတွေ အလုပ်လက်မဲ့ မဖြစ်တော့ဘူး၊ နေ့စဉ် ထမင်းကျွေးတယ်၊ နေ့လယ်စာ တစ်နပ်မဟုတ်ဘူးနော်၊ မနက်၊ နေ့လယ်၊ နေ့ခင်းအထိ သုံးနပ်လုံးကျွေးတယ်၊ သေခါနီး သူ စဉ်းစားလိုက်ရင် ငါဟာ လူတွေအများကြီးကို ထမင်းကျွေးနိုင်ခဲ့တယ်လို့ စဉ်းစားပြီး သေရမယ်ဆို ကျေနပ်ပြီတဲ့”

“အို ... သိပ်ကောင်းတဲ့ စိတ်ထားပဲ၊ တကယ့်ကို သူတော်ကောင်းပါပဲ၊ ဒါနဲ့ သမီး ...”





“ရှင် ...”

“အိမ်ထောင်ရှိလား”

“စေ့စပ်ရမယ့်သူ ရှိတယ်လို့ ကြားဖူးတယ်”

“ဟုတ်လား ...၊ ဒါဆိုလည်း ထားပါတော့လေ ...”

“မေမေက ဘာလုပ်မလို့လဲ”

“ဘာလုပ်ရမလဲ ...၊ သမက် အငယ် တော်ချင်လို့ပေါ့”

“မေမေနော် ...”

မေမေက ရယ်မောရင်း ဦး စားခဲ့သည့် မုန့်ပန်းကန်တွေကို အနောက်သို့ သယ်ယူသွားခဲ့ပါသည်။

စေ့စပ်ရမယ့်သူကို ဦး နည်းနည်းမှ မချစ်ပါဘူး မေမေရယ်။ နှင်းဆွတ် အဲဒါကို သိနေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com

စွန့်ပစ် ချန်ထားခဲ့တဲ့ ဆုလာဘ်ရတနာတစ်ပါးကို
ရင်ခွင်ဆီ ပြန်လည်ရောက်ရှိ ပိုင်ဆိုင်ဖို့
ကိုယ် ကြိုးစားခွင့် ရချင်ပါတယ် ...
တစ်နေ့မှာ မင်း ဆက်ဆက် ပြန်လာမယ်လို့
ကတိပေးနိုင်မယ်ဆိုရင် ...
ကိုယ့်ကမ္ဘာထဲက ခဏလေး ထွက်သွားဖို့ အခွင့်ကို
ကိုယ် ပေးနိုင်ပါတယ် ...
မင်း ဆက်ဆက်တော့ ပြန်လာရမယ်နော် ...။

'စစ်ဦးယံ'

# (၃၂)

♥ ♥ ♥

ရုံးအမိန့်စာကို ဖတ်ပြီးပြီလား နှင်းဆွတ်မိုး"

"ဟုတ်ကဲ့ ... မမ၊ နှင်းဆွတ် ဖတ်ပြီးပါပြီ၊ အဲဒါကြောင့် မမဆီ ရောက်လာခဲ့တာပါ"

"ဟုတ်ပြီ ...၊ သမီး ဆန္ဒရှိတဲ့အတိုင်း ပြောပါ"

နှင်းဆွတ်သည် ရင်ခုန်မှုတွေ မပြေပျောက်သေးသဖြင့် မန်နေဂျာ မမရဲ့ မျက်နှာကို ခဏကလေး ငေးစိုက်နေမိပါသည်။

ဒီနေ့မနက်မှ ထွက်ရှိလာသော ရုံးအမိန့်စာအရ နိုင်ငံခြား၌ ကပ္ပတိန် သင်တန်းတက်ရောက်နိုင်မည့် အခွင့်အရေးကြီးတစ်ခု နှင်းဆွတ်ထံသို့ ရောက်ရှိလာပြီဆိုတာ ယုံကြည်လိုက်ပါသည်။ နှင်းဆွတ်တို့ကို အခွင့်အရေးတစ်ခု၊ ဆုလာဘ်တစ်ခု ပေးသည့် အနေဖြင့် ရုံးအဖွဲ့အစည်းမှ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒီဆုလာဘ်အား နှင်းဆွတ် အမိအရ ဆုပ်ကိုင်ထား လိုက်ချင်ပါသည်။

"နှင်းဆွတ် ဒီသင်တန်းကို တက်ချင်ပါတယ် မမ"

မမက ဘာမှမထူးခြားသလို နားထောင်နေခဲ့ပြီး ပြုံးလိုက်ပါသည်။ ထို့နောက်မှာတော့ ...

"သင်တန်း မတက်ခင် စာမေးပွဲကြီးတစ်ခု ဖြေရဦးမယ် ဆိုတာ သိပြီးပြီလား နှင်းဆွတ်မိုး၊ ဒီစာမေးပွဲကြီးမှာ အောင်မှ မလေးရှားမှာ နှစ်နှစ် သင်ရမယ့် ကပ္ပတိန်သင်တန်း တက်ခွင့်ရမယ်"

"ဟုတ်ကဲ့ ... စာမေးပွဲကို အောင်မြင်အောင် ဖြေနိုင်ဖို့ နှင်းဆွတ် ကြိုးစားချင်ပါတယ်၊ အခွင့်အရေးပေးပါ"

"ကောင်းပြီ ...၊ မင်းနာမည်ကို မမ စာရင်းသွင်းထားလိုက်ပါ့မယ်၊ မင်း သွားလို့ရပြီ ..."

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မမ"

"တို့ ဘာမှ မလုပ်ပေးဖြစ်ပါဘူး၊ မင်းကိုယ်တိုင် ကြိုးစားဖို့ပဲ လိုတာပါ"

နှင်းဆွတ်သည် ကတိပေးသည့် အနေဖြင့် ခေါင်းကို ညိတ်ပြကာ မန်နေဂျာရုံးခန်းထဲမှ သွက်လက်သော ခြေလှမ်းများနှင့် ထွက်ခွာလိုက်ခဲ့ပါသည်။

တစ်ချိန်က ကလေးဆန်တဲ့ ရည်ရွယ်ချက်များဖြင့် ဂိမ်းပွဲတစ်ခု အနိုင်ရဖို့ ဦးထံသို့ နည်းလမ်းစုံဖြင့် ချဉ်းကပ်ခဲ့သည်။





ဦးကို မရည်ရွယ်ဘဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ချစ်မိသွားချိန်မှာတော့ ဂိမ်းပွဲမှာ အနိုင်ရဖို့ မဟုတ်တော့ဘဲ ဦးမျက်နှာလေးကို မြင်တွေ့နေရလျှင်ပင် ကျေနပ်သည့်စိတ် ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဦး ပိုင်သည့် အဲသီဟ လေကြောင်းလိုင်းမှာ ရရာအလုပ်ဖြင့် နှစ်သိမ့်ခဲ့သည်။

အခုတော့မှ နှင်းဆွတ်ဘဝ၏ အောင်မြင်မှု အစစ်အမှန်ကို ရှာတွေ့ခဲ့ပြီ။

ကိုယ့်ဘဝကို အမြင့်ကြီး မြင့်အောင် တည်ဆောက်ပြီးမှ ဦး ဆိုသည့် လမင်းကြီးဆီ အရောက်လှမ်းတော့မည်ဟု ဆုံးဖြတ်လိုက်ပါပြီ။

☺ ☺ ☺

ဒေါ်ယဉ်ယဉ်၌ ရုံးခန်းထဲမှ ပြုံးပြုံးကလေး ထွက်လာသော နှင်းဆွတ်မိုး၏ ဘေးတစ်စောင်း မျက်နှာကလေးကို သူ တစိမ့်စိမ့် ငေးနေမိပါသည်။ ဖြူစင် အပြစ်ကင်းစင်စွာဖြင့် လှပနေလေသည်။

ဒီမိန်းကလေးကိုမှ သူ မြတ်နိုးရပါသည့် အဖြစ်။

တက္ကဆီလေး တစ်စီးကို လက်တား၍ ငှားစီးကာ လေဆိပ်ထဲမှာ အလုပ်လုပ်နေသော ချစ်သူကလေးဆီ လာရောက်ငေးမောရတဲ့ အရသာကို သူ ခံတွင်းတွေ့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်ကလေးကို ခပ်ငိုက်ငိုက် ဆောင်းထားရင်းက တက္ကဆီလေး၏ ဆိုဖာကို ကျောမှီကာ ...

"ရပြီ ... ပြန်ထွက်လို့ ရပြီ ဦးလေး"

"ကျွန်တော် ဘယ်ကို မောင်းပေးရမလဲ ဆရာ"

"ခုနစ်မိုင်က ဖက်ရှင်ဆိုင် တစ်ခုကိုပါ"

သူသည် မမာလာဆီသို့ ဦးတည်လိုက်ပါသည်။ သူ့ပုံစံက ဟိုးတုန်းက စစ်ဦးယံပုံစံ ပြန်ဖြစ်သွားသည်။ ဖေဖေ့စကား နားမထောင်ဘဲ ကိုယ်လုပ်ချင်ရာ ပြန်လုပ်တတ်သည့် နှစ်ဆယ်ကျော် အရွယ်ကလေး ရောက်ရှိသွားသလို ခံစားရသည်။

ရှပ်အင်္ကျီအကွက်ကျဲကို ဂျင်းဘောင်းဘီအပြာလေးနှင့် တွဲဝက်ပြီး ကြယ်သီးတွေကိုလည်း အပေါ်သုံးလုံးလောက် ဖြုတ်ထားခဲ့သည်။ ဖိနပ်ကလည်း လူငယ်ဆန်သည့် All star လေးကိုပဲ ဝတ်ဆင်ထားခဲ့သည်။

ဖရိုဖရဲ သူ့ပုံစံကို သဘောတကျ ရှိနေမိသည်။

သူ့ထက်အများကြီး နုနယ်ပျိုမျစ်တဲ့ မိန်းကလေးနှင့် လိုက်ဖက်သွားအောင် နုပျိုချင်စိတ်တွေ ပြင်းပြနေခဲ့ပါသည်။

မမာလာ ရှိနေသည့် စားပွဲလေးရှေ့မှာ သူ မတ်တတ်ရပ်လိုက်သည့်နောက်တွင် သူ့ကို မျက်ဝန်းတစ်စုံက မော့ကြည့်လာပါသည်၊

ပင့်သက်သွားသော မျက်ခုံးလေးမှအပ ထူးဆန်းစွာ ခံစားရမှု တစ်စုံတစ်ရာကို မမာလာက မပြသပါ။





"ထိုင်ပါ ကိုစစ်"

အမိန့်သံကလေး အနည်းငယ် ဆန်လှသော စကားကြောင့် ခုံမှာ သူထိုင်ချလိုက်ပါသည်။

"ကျွန်တော် ဒီနေ့ လာခဲ့တာ ..."

"ကိုစစ် ရောက်လာမယ်ဆိုတာ မာလာ ကြိုသိနေခဲ့ပါတယ်၊ ဒါပေမယ့် လက်ရှိ အသက်အရွယ်နဲ့ လိုက်ဖက်တဲ့ ဟန်ပန်မျိုးနဲ့ ပြန်နေလိမ့်မယ်လို့တော့ မာလာ မထင်ခဲ့ပါဘူး ...၊ စီးပွားရေးသမား ကုမ္ပဏီပိုင်ရှင်ဆိုတဲ့ ဂုဏ်သရေကြီးကြောင့် မွန်းကြပ်တဲ့ ဝတ်ကောင်းစားလှတွေကိုသာ ကျွန်မက ကိုစစ်အတွက် ဖန်တီးပေးခွင့် ရသူပါ၊ ကိုစစ် နှလုံးသားတွေကို ပြန်လည် လတ်ဆတ်နိုင်အောင် ကျွန်မ မစွမ်းဆောင်နိုင်ခဲ့ဘူးဆိုတာ ဝန်ခံပါတယ် ..."

မမာလာ စကားများကြောင့် သူ့အဝတ်အစားတွေကို သူ ပြန်ငုံ့ကြည့်လိုက်ပါသည်။

"ကိုစစ် သိလား ...၊ လေဆိပ်က မန်နေဂျာ ဒေါ်ယဉ်ယဉ်ဆိုတာ မာလာ့ ဒေါ်လေး အငယ်ဆုံးပါ၊ ကိုစစ် အခုတလော လေဆိပ်ကို ခဏခဏ ရောက်လာတာတွေ၊ တစ်စုံတစ်ယောက်ကို အာရုံစိုက် အရေးပေးနေတာတွေ အားလုံး မာလာ သိပြီးပါပြီ၊ အံ့သြသွားသလား ကိုစစ် ...၊ မအံ့သြပါနဲ့၊ ဒေါ်လေးက မာလာ ဆုံးဖြတ်ချက် မမှားအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပေးတာပါ၊ မာလာ့ကြောင့် နှလုံးသားနှစ်ခု မပျက်စီးပါစေနဲ့တဲ့ ...”

မမာလာ အသံရဲ့ အဖျားကလေးက အနည်းငယ်လှုပ်ခါသွားပါသည်။

သူ့မျက်စိတွေ ဖိမှိတ်ထားလိုက်မိသည်။ သူ့ခံစားချက်ကို သူမှအပ သူ မပြောပြရင် ဘယ်သူမှ မတွေ့သိကြဘူးဟု ထင်ထားသမျှ မှားခဲ့ပြီ ...။

“မာလာ နားလည်ပါတယ် ကိုစစ် ...၊ မာလာ့ အသက်အရွယ်နဲ့ဆို ကိုယ့်ဆန္ဒကို ရှေ့တန်းမတင်ရလည်း ဖြစ်ပါတယ်၊ အန်တီ့ကို ကျေနပ်အောင် နှစ်သိမ့်ပြီးရင် မာလာတို့ မင်္ဂလာကိစ္စကို ဖျက်နိုင်ပါတယ်၊ ကိုစစ်ကသာ ကိုယ့်နှလုံးသားရဲ့ နိုးကြားမှုကို ဘာနဲ့မှ အိပ်မွေ့မချပါနဲ့တော့၊ မာလာ့ကို ကတိပေးပါ ...”

သူသည် မျက်ရည်များ ဝဲလာကာ ကမ်းပေးလာသော မမာလာ လက်များကို ဆွဲကိုင် နှုတ်ဆက်လိုက်ပါသည်။

“ကျေးဇူးတင်ပါတယ် မမာလာ ...၊ ကျွန်တော့်ကို ဘုရားက အစ်မတစ်ယောက် လက်ဆောင်ပေးမယ်ဆိုရင် မမာလာကိုပဲ အစ်မအဖြစ် လိုချင်ပါတယ်”

“ကျွန်မက သမီး အငယ်ဆုံးပဲ၊ ကျွန်မထက်ငယ်တဲ့ မောင်တစ်ယောက်သာ ရှိရင်တော့ နိုပ်စက်မိမှာ သေချာတယ်၊





ငယ်ငယ်ကတည်းက တစ်မျိုးလုံးရဲ့ အချစ်ကို ခံလာရတာဆိုတော့လေ ... ဟင်း ... ဟင်း”

နှစ်ဦးသား အတူတကွ ပြုံးရင်းက မျက်ရည်ကြည်တွေကို တွေ့မြင်နေရပါသည်။ သူ့ဘက်က အများကြီး ပြောပြဖို့ မလိုတဲ့ ခွဲခွာမှုကို ရရှိလိုက်သည်။ ပြီးတော့ နားလည်မှုတစ်ခု မမာလာ သူ့နှလုံးသားကို နားလည်ပေးနိုင်ခဲ့သူ ဖြစ်သည်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

♥ ♥ ♥

အနီရောင်ရဲရဲ ဂါဝန်တိုလေးကို ဝတ်ဆင်ကာ ဆံပင်ရှည် ပျော့စင်းစင်းလေးများကို ဒီအတိုင်း ဖြန့်ချထားလိုက်ပါသည်။ ပိုက်ဆံအိတ် သေးသေးရှည်ရှည်လေးထဲတွင် ဖုန်းနှင့် ပိုက်ဆံ အနည်းငယ်ကိုသာ ထည့်ကိုင်ထားခဲ့ပါသည်။

ခြံဝမှာ ရပ်ကာ ရုံးကားအလာကို မျှော်ကြည့်နေခဲ့ပါသည်။ ညနေခင်းလေးက ဆောင်းလေ မလျော့ပါးသွားသေးဘဲ အေးအေးကလေး တိုက်ခတ်နေပါသည်။

"ပါတီ သွားတော့မှာလား နှင်းဆွတ်"

နောက်နားဆီမှ ထွက်ပေါ်လာသော အသံကြောင့် နှင်းဆွတ် လှည့်ကြည့်လိုက်ပါသည်။

"ဒါပေါ့ ... သူငယ်ချင်းရဲ့"

ရဲရင့်က ပြုံးယောင်ယောင်ကလေးနှင့် ခေါင်းညိတ်နေခဲ့သည်။





"ငါ့သူငယ်ချင်းက နောက်နှစ်နှစ်ဆို လေယာဉ်မောင်းတဲ့ ပိုင်းလော့ ဖြစ်တော့မှာပဲ၊ ငါလည်း ပိုင်းလော့ရဲ့ သူငယ်ချင်း ဖြစ်လာမှာပေါ့နော် ..."

"အင်းပေါ့ ... နင်က သူငယ်ချင်းပါပဲ၊ အမြဲတမ်းအတွက်ပါဟာ၊ ငါ ပိုင်းလော့ ဖြစ်ဖြစ် မဖြစ်ဖြစ်ပါ"

"ကွန်ကရက်ကျူလေးရှင်း နှင်းဆွတ်"

"ကျေးဇူး ရဲရင့် ...၊ ရဲရင့် နင် မြတ်ပိုးမိုကို ပြန်လက်ခံလိုက်ပါ၊ ငါနဲ့သူ ထပ်တွေ့ပြီးပါပြီ၊ လုပ်ချင်တာတွေလုပ်နေတဲ့ ငါ အသိတရားဝင်လာအောင် သူ လုပ်ကြံပြောခဲ့တာကို ငါ နားလည်ပေးလို့ ရပါတယ်၊ အဲဒါကလည်း နင့်ကို သူ သိပ်ချစ်လွန်းလို့ ဖြစ်တာပဲလေ၊ နင် ခွင့်လွှတ်လိုက်ပါနော် ... ဟာ"

ရဲရင့်က တစ်ဖက်ကို မျက်နှာလွှဲလိုက်ကာ အံကြိတ်လိုက်ပါသည်။

"ငါ သေချာ စဉ်းစားချင်သေးတယ်"

"အင်း ... နင် စဉ်းစားပါ၊ ပြီးရင်တော့ မိုမိုရော၊ နင်ရော ငါရော ပျော်ရမယ့် အဖြေကိုပဲ ပေးပါနော်"

ရဲရင့် အဖြေမပေးခင်မှာပဲ ကားတစ်စီးက နှင်းဆွတ်တို့ ဘေးနားမှာ ကပ်ရပ်လိုက်သည်။ အဖြူရောင် Hi-Ace ရုံးဖယ်ရီ မဟုတ်ဘဲ အနက်ရောင် Alphard ကြီးကို တွေ့ရတာမို့ နှင်းဆွတ် ကြောင်ငေးသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားမှန်က အောက်သို့ ပွင့်ကျလာပြီး ...

"ဘာလုပ်နေတာလဲ၊ ကားပေါ်တက်လေ၊ ပါတီပွဲ သွားဖို့ မင်းကို ဖယ်ရီကား လာကြိုတာ ..."

နှင်းဆွတ် နှုတ်ခမ်းများ တုန်ယင်လာကာ ဦး၏ ကားပေါ်သို့ လှမ်းတက်လိုက်ပါသည်။ ကားကို ချက်ချင်း မထွက်သေးဘဲ ဦးက ရဲရင့်ကို ကြည့်နေလေသည်။ ဦး မျက်လုံးတွေက အရောင်တစ်မျိုး တောက်လောင်နေလေသည်။

"အဲ့ဒါ ဘယ်သူလဲ"

"ကျွန်မ သူငယ်ချင်းပါ"

"ဘယ်လို ပတ်သက်မှုမျိုးလဲ ..."

"... ... ..."

ကလန်ကဆန်လေး ပြောပစ်လိုက်ဖို့ နှုတ်ခမ်းက ပြင်ဆင်လိုက်သော်လည်း လည်ချောင်းဝမှနေပဲ ပြန်မျှောချလိုက်ပါသည်။

ဦးလည်း ဘာမှ မပြောတော့ဘဲ ကားကိုပဲ မောင်းထွက်လိုက်ပါသည်။ ရဲရင့်က ငေးကျန်ရစ်တာကို ကားမှန်ထဲမှ တစ်ဆင့် တွေ့နေရလေသည်။

"ငါ့ကို မင်း မဖြေရသေးဘူးနော်"

"သူငယ်ချင်းပါ၊ ငယ်ငယ်ကတည်းက အတူတူ ကြီးလာခဲ့တဲ့သူပါ ဆရာ၊ ဒီထက်ပိုပြီး ကျွန်မ ဘာပြောပြရဦးမှာလဲ ဆရာ"





တိတ်ဆိတ်သွားသော ကားကလေးသည် ကန်တော်ကြီး ဟိုတယ်ထဲတွင် ရပ်တန့်သွားခဲ့ပါသည်။

"လာ ... ကားပေါ်က ဆင်း"

နှင်းဆွတ်ကို ဦး ကိုယ်တိုင် ကားတံခါးဖွင့်ပေးလိုက်တာမို့ ကားပေါ်မှ အမြန် ဆင်းလိုက်ပါသည်။

"ရှေ့တည့်တည့်ကို ဝင်သွား၊ ပြီးရင် ဘယ်ဘက်ချိုး၊ တံခါးတစ်ခု တွေ့လိမ့်မယ်၊ ထွက်သွားလိုက်၊ ဥယျာဉ်ထဲမှာ ငါတို့ရုံးကလူတွေ ရှိတယ် ..."

"ဆရာကရော ..."

"နောက်မှ လိုက်ခဲ့မယ် ..."

ပြောပြီးတာနှင့် ဦးက တခြားဘက်ကို ထွက်သွားခဲ့သည်။ ဦး ညွှန်ပြသည့်အတိုင်း နှင်းဆွတ် လျှောက်လှမ်းအလာမှာ တကယ်ပဲ ရုံးအဖွဲ့သားများကို တွေ့လိုက်ရပါသည်။

"နှင်းဆွတ်မိုး လာ ... လာ၊ ငါတို့ကို သီးသန့် ဂုဏ်ပြုအစီအစဉ် ရှိတယ်"

နှင်းဆွတ်နှင့်အတူ မလေးရှား သွားရမည့် သူငယ်ချင်း သုံးယောက်က နှင်းဆွတ်ကို လာခေါ်ကြသည်။ အားလုံးက ယောကျ်ားလေးတွေ ဖြစ်သည်။ နှင်းဆွတ် တစ်ယောက်တည်း မိန်းကလေး ပါသည်။

သင်တန်းသွားရမည့် လေးယောက်ကို သူဌေးကိုယ်တိုင် ဂုဏ်ပြုငွေချီးမြှင့်မည့် အစီအစဉ်ရှိတာမို့ အားလုံးက သူဌေး



www.burmeseclassic.com

www.burmeseclassic.com

အလာကို စောင့်နေကြပါသည်။ မကြာခင်မှာ ဦး ရောက်ရှိလာပါသည်။

စင်ပေါ်တက်ပြီး တစ်ယောက်ချင်း ဦးနှင့် ဆုံရချိန်တွင် နှင်းဆွတ် လက်ကလေးများ တုန်ယင်နေခဲ့လေသည်။

နှင်းဆွတ်ကို ဆုပေးပြီးသည့်အလှည့်တွင် အများနည်းတူ လက်ဆွဲနှုတ်ဆက်ပါသည်။

အေးစက်သော လက်ကလေးကို နွေးထွေးသော ဦး၏လက်များက ဆုပ်ကိုင်ထားခဲ့ပြီး ...

"ဆက်ဆက် ပြန်လာရမယ်၊ ကတိပေး ..."

လက်ချောင်းကလေးတွေကို ဆုပ်ခြေရင်း ပြောတာမို့ နှင်းဆွတ် ခေါင်းညိတ်ပြပြီးရင်း ထပ်ညိတ်ကာ ...

"ဟုတ်ကဲ့ ... ကတိပေးပါတယ် ဆရာ"

"အင်း ..."

ထိုအချိန်၌ နက်နက်နဲနဲ ပြုံးပြလာလေသည်။

နှင်းဆွတ်ကလည်း ပြန်လည်ပြုံးပြရင်း ...

"အို ... အမေ့ ..."

အရှိန်ပြင်းစွာ ဆွဲချခံလိုက်ရတာကြောင့် နှင်းဆွတ် တောင့်မတ်မထားနိုင်တော့ဘဲ အညိုရောင် ကိတ်မုန့်စင်ကြီးဆီသို့ လွင့်ထွက်သွားခဲ့ရပါသည်။

ဖရိုဖရဲတွေ ဖြစ်ကုန်ပြီဆိုတာလည်း သိလိုက်ပေမယ့် သိရတဲ့အချိန်က နောက်ကျနေခဲ့ပြီ ဖြစ်ပါသည်။





သုံးခုထပ် ကိတ်မုန့်စင်ကြီးက ပြိုကျသွားပြီး နှင်းဆွတ်မျက်နှာက ကိတ်တွေထဲမှာ နစ်နေလေပြီ ...။

ပြန်ရုန်းအထတွင် မျက်နှာနှင့် လက်တွေမှာ အညိုရောင် ချောကလက် (ကရင်မ်)များ ပေပွနေပြီ ဖြစ်သည်။

"နှင်းဆွတ်မိုး ... နှင်း ... ဆွတ်မိုး၊ ဟေး ... နှင်းဆွတ်မိုး ..."

"နှင်းဆွတ်မိုး ... နှင်းဆွတ်မိုး ..."

ဦးက လက်ခုပ်တီးပြီး အရှေ့က နှင်းဆွတ်နာမည် အော်လျှင် အားလုံးကလည်း ဦး အနောက်မှ လိုက်အော်တာမို့ ဆူညံ၍ သွားလေသည်။

လက်ထဲမှာ ကပ်နေသော ကိတ်တွေကို ဦးထံသို့ နှင်းဆွတ်ကလည်း ပစ်ပေါက်လိုက်ပါသည်။

ဖြူစင်သော ဦး၏ အင်္ကျီများလည်း ပေပွသွားပြီး ညစ်ပတ်ကုန်ပေမယ့် ဦး ရယ်မောနေခဲ့ပါသည်။

ရယ်နေပါ ဦးရယ် ...။

နောက် နှစ်နှစ်ကြာတဲ့အခါမှာလည်း ဦး ရယ်မောနေရပါမယ် ...။ ကတိပေးပါ ...။

နှင်းဆွတ်လည်း ဦးဆီ ဆက်ဆက် ပြန်လာပါ့မယ်။

သေချာပေါက် ဆက်ဆက်ပါ ဦးရယ် ...။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

နောက် နှစ်နှစ် ကြာပြီးနောက် . . .

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

♥ ♥ ♥

"ရယ်ဒီပဲလား နှင်းဆွတ်မိုး"

"ဟုတ်ကဲ့ ကပ္ပတိန်၊ ရယ်ဒီပါ"

ဒီနေ့သည် နှင်းဆွတ် မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိပြီးနောက် ပထမဆုံး လေယာဉ်စမောင်းရမည့်နေ့ ဖြစ်သည်။

ပါမစ် ရရှိဖို့အတွက် Test လုပ်သည့်နေ့ဆိုလည်း မမှားပေ။

နှင်းဆွတ်ကို check လုပ်မည့် ဆရာနှစ်ဦးအပြင် သူကိုယ်တိုင်လည်း လေယာဉ်ပေါ်တွင် လိုက်ပါမည် ဖြစ်သည်။

တစ်ချိန်က သူ့အိမ်မှာ နေခဲ့ပြီး သူ့ဝေယျာဝစ္စတွေ လုပ်ပေးဖို့လောက်ပဲ အသိဉာဏ်ရှိခဲ့သော ကောင်မလေးက အခုတော့ လေယာဉ်စက်ခန်းထဲမှ ကပ္ပတိန် ထိုင်ခုံမှာ စမတ်ကျကျ ထိုင်နေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေကျနေတဲ့ နေ့ကလို အပျော်သဘော ထိုင်ကြည့်နေတာ မဟုတ်ပါ ...။ တကယ့် ပိုင်းလော့အဖြစ် တရားဝင် ထိုင်နေခဲ့တာ ဖြစ်သည်။ ဂတ်(စ)အိုး ခလုတ်တွေလို နှိပ်ဖို့ မလွယ်ကူတဲ့ စက်ခလုတ်တွေကို တကယ် ကျွမ်းကျင်စွာ နှိပ်နိုင်ခဲ့ပြီ ...။ yoke လို့ သူတို့ခေါ်ကြတဲ့ စီယာဒိုင်ပေါ်က လက်ကလေးများက နုအိဖောင်းကြွနေသည်။

ပြီးတော့ သွက်လက်၍လည်း နေသည်။

သူ အရမ်း ကြည်နူးနေပါသည်။ နှင်းဆွတ်မိုး ခေါ်ဆောင်ရာ တိမ်တိုက်တွေထဲမှာ သူ ငြိမ့်ညောင်းစွာ လွင့်မျောနေခွင့် ရခဲ့ပါသည်။

အကြာကြီး စီးမျောနေခဲ့ပေမယ့် စိတ်မသက်သာစရာ တစ်ခုမှ မရှိခဲ့ပေ။ တည်ငြိမ်စွာဖြင့်ပဲ မြေပြင်ပေါ် ပြန်လည်ဆင်းသက်လာခဲ့ကြပါသည်။

လေယာဉ်လေ့ကားပေါ်မှ မဆင်းခင်မှာပဲ သူနှင့် နှင်းဆွတ်မိုးတို့ ဆုံဆည်းခဲ့ကြပါသည်။

သူ့ပခုံးလောက်မှာသာ မျက်နှာကလေး ရှိနေသော ကလေးမကို သူ ငုံ့မိုးကြည့်နေမိပါသည်။

သူ့မျက်ဝန်းတွေကို ဟန်ဆောင် ထိန်းချုပ်မထားတော့ပါ။

ကျေနပ်စွာ ပြုံးငေးရင်း ...

"မင်း သိပ်တော်တာပဲ နှင်းဆွတ်မိုး၊ ကွန်ဂရက်ကျူလေးရှင်း"

"ဟုတ် ... ကျေးဇူးပါပဲ ဆရာ"

"မင်းကို ကိုယ့်အိမ်မှာ ထမင်းစားဖို့ ဖိတ်ချင်တယ်၊ လာနိုင်မလား နှင်းဆွတ်မိုး"

"ထမင်းစား ဖိတ်မယ်၊ ဘယ်သူက ချက်ပြုတ်ထားမှာမို့လို့လဲ၊ ဟို ... ဆရာ လက်ထပ်ပြီးပြီလား"

မျက်နှာကလေးက ချက်ချင်း ညိုသွားပြီး မေးခွန်း ထုတ်လိုက်တာကြောင့် သူ မထိန်းနိုင်ဘဲ တစ်ချက် ရယ်မိသွားပါသည်။

"မဟုတ်ပါဘူးကွာ ...၊ မေမေ ကိုယ်တိုင် ချက်မှာပါ"

"ရှင် ... ဆရာ့ မေမေက နေမကောင်းဘဲနဲ့ ..."

"မေမေ မကျန်းမာတဲ့အကြောင်း ကိုယ် မင်းကို မပြောပြမိခဲ့ဘူး ထင်ပါတယ်နော်"

"အို ... ဟို ကိုဇေဖော်ဆီက ကြားဖူးထားတာပါ၊ လေးဘက်နာ ရောဂါရှိလို့ ကျန်းမာရေး မကောင်းဘူးလို့ ကြားဖူးလို့ပါ"

"ဟုတ်လား ... မေမေက နေကောင်းနေပါပြီ၊ အခုထိတော့ ကောင်မလေးတစ်ယောက် ဖော်ခဲ့တဲ့ ဆေးကို သောက်နေရတုန်းပေါ့၊ မင်း ကြားဖူးမှာပါ၊ ရဲယိုသီးက လေးဘက်နာရောဂါ ပျောက်တယ်လေ ..."







www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟင်း ... ကြားဖူးပါတယ် ဆရာ"

"ကဲ ... ဘယ်လိုလဲ၊ ကိုယ်တို့အိမ် လိုက်မှာလား ..."

သူသည် တည်ငြိမ်ယောင် ဆောင်နေရသော်လည်း နှင်းဆွတ်မိုး ခေါင်းခါလိုက်မှာကို စိုးရွံ့၍နေရပါသည်။

"ဟုတ်ကဲ့ ... လိုက်ပါ့မယ် ဆရာ"

သူ့လည်ချောင်းထဲမှ အပူလုံးကလေး ကျဆင်းသွားခဲ့သည်။

"ကျေးဇူးတင်ပါတယ် နှင်းဆွတ်မိုး ..."

"ရှင် ... ဘာကိုလဲ ဆရာ"

"ဆက်ဆက် ပြန်လာပေးတာကိုပေါ့"

ပါးကလေးတွေ ခွက်ဝင်သွားတဲ့အထိ နှစ်နှစ်ကာကာ ပြုံးပြရှာလေသည်။

လှောင်တော့ မလှောင်လိုက်ပါနဲ့ ကလေးရယ် ...။ ဒါ မင်း ပြန်လာဖို့အတွက် အတောင့်တဆုံး ကိုယ့်ရဲ့ ဆန္ဒပါ။

"ပြန်လာမှာပါ ဆရာရယ် ...၊ ကတိပေးခဲ့တာပါပဲ၊ ကတိမပေးခဲ့လည်း ဆရာ ချီးမြှင့်တဲ့ သင်တန်းစားစရိတ်တွေနဲ့ ကပ္ပတိန်ဖြစ်လာတဲ့ ကျွန်မ ပြန်မလာလို့ မဖြစ်ပါဘူး၊ ကျေးဇူးဆိုတာ မမေ့ကောင်းတဲ့ အရာပါ ...၊ ဆရာ့ရဲ့ ကျေးဇူးတွေကို အလုပ်တွေ ကြိုးစားပြီး ပြန်ဆပ်မှာပါ"

"အလုပ်ကြိုးစားတာကိုတော့ ကိုယ် သဘောကျပါတယ်၊





ဒါပေမယ့် ကျေးဇူးတရားကြောင့် ပြန်လာတာကိုတော့ သိပ်စိတ်နဲ့မတွေ့လှဘူး ..."

"ဟိုလေ ... ကျွန်မ ပြောတာ ဒီသဘောမဟုတ် ..."

သူက ကောင်မလေး၏ ခေါင်းကလေးကို ပုတ်ကာ လှေကားတွေပေါ်မှ ဆင်းလာခဲ့ပါသည်။ အနောက်ကနေ အပြေးကလေးပါလာမည့် ကလေးမကို နောက်လှည့်ပြီး ရင်ခွင်ထဲ ပွေ့ဖက်လိုက်ချင်သော်လည်း လေယာဉ်ကွင်းကြီးကိုရှက်၍ မျိုသိပ်လိုက်ရပါသည်။

သူ့ကားကြီးပေါ်မှာ ကောင်မလေး တစ်ယောက်ပါလာခဲ့ပါပြီ။ တစ်နေ့မဟုတ် တစ်နေ့ ချွေးမလှလှ တစ်ယောက်ခေါ်လာဖို့ မေမေ ပူဆာခဲ့ပါသည်။

မမာလာနှင့် မင်္ဂလာကိစ္စ ဖျက်လိုက်ရကတည်းက

"မေမေ့ စိတ်တိုင်းကျ ချွေးမတစ်ယောက် သား ရှာတွေ့ထားပြီးပါပြီ မေမေ၊ တစ်နေ့ ဆက်ဆက်ခေါ်လာပြပါ့မယ်"

"ကတိတွေပေးပြီး မတည်တာ မေမေ အမုန်းဆုံးပဲ သား၊ မေမေ သားကို အကြာကြီး အချိန်မပေးနိုင်တော့ဘူးနော်"

"ဒီတစ်ခါ တကယ်ပါ မေမေရယ်၊ အလွန်ဆုံး နှစ်နှစ်တည်းပါနော်"

သူ မေမေ့ကို နှစ်နှစ်လုံးလုံး ချွေးသိပ်ချော့မော့ထားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နှစ်နှစ်ပြည့်ပြီ ...။ သူ့အနောက်မှာ သူချစ်သည့် ... မေမေလည်း ချစ်မည့် ချွေးမလေး ပါလာခဲ့လေပြီ။

နှင်းဆွတ်မိုးကို အတွေ့မှာ မေမေ့ အပြုံးတွေ ဝင်းပသွားပြီး မကြာခင်မှာ မျက်ခုံးတွေ တွန့်ရှုံ့သွားပြန်ပါသည်။

"မြင်ဖူးသလိုလိုပဲ သား၊ ရင်းရင်းနှီးနှီးကိုပဲ"

နှင်းဆွတ်မိုးက ရှက်ပြုံးကလေးနှင့် ခေါင်းငုံ့ထားလေသည်။

"မလေးရှားမှာ ပိုင်းလော့သင်တန်း တက်ပြီး ပြန်လာခဲ့တာပါ မေမေ၊ သားတို့ ကုမ္ပဏီမှာ လေယာဉ်မောင်းမယ့် လေယာဉ်မှူး အသစ်ပါ၊ နာမည်က နှင်းဆွတ်မိုးတဲ့"

"ဩော် ... မိန်းကလေး လေယာဉ်မှူးပေါ့"

"အမျိုးသမီး လေယာဉ်မှူးပေါ့ မေမေ၊ control stick ကိုင်တဲ့လက်မို့ အချက်အပြုတ် ညံ့တယ် မထင်နဲ့နော်၊ သား ... ဟိုးတစ်ခါ မေမေ့အတွက် ယူလာတဲ့ ကောက်ညှင်းပေါင်းက သူပေါင်းထားတာလေ ..."

"အို ... ဟုတ်လား၊ နနွင်း လက်ရာနဲ့ တစ်ပုံစံတည်းတူတဲ့ အုန်းနို့ကောက်ညှင်းပေါင်း ပေးလိုက်တဲ့ မိန်းကလေးလား ..."

နှင်းဆွတ်မိုးက မေမေ့၏ လှိုက်လှဲသော အမူအရာတွေကြောင့် မျက်ရည်လေးတွေ ဝဲနေခဲ့လေသည်။





မင်းကို ခေါ်လာမယ်လို့ ကိုယ် ပြောလိုက်တာနဲ့ အကောင်းဆုံး ဟင်းလျာတွေချက်ဖို့ မေမေကိုယ်တိုင် ပြင်ဆင်ထားခဲ့တာပါ ကလေးရယ်။ ကိုယ် အခု ကျေနပ်နေမိတယ် ...။

ကိုယ် မြတ်နိုးတဲ့ မင်းကို မေမေကလည်း ဝမ်းပန်းတသာ ကြိုဆိုနေခဲ့တယ်လေ ...။

အခု မင်းပဲ လိုတော့တယ်၊ မင်း ကိုယ့်ဆီ လာဖို့ပဲ လိုတော့တယ်။

မေမေ့လက်ရာကို အတူတကွ စားသောက်ဖို့ နေရာယူပြီးသည့်အချိန်တွင် သူ့ရင်ခုန်သံတို့ မြန်ဆန်လာခဲ့လေသည်။

"ဘာလိုသေးလဲ နှင်းဆွတ်မိုး"

"မလိုတော့ပါဘူး ဆရာ"

"ဒါဖြင့် ထမင်းစားကြစို့လေ"

"ဟုတ်ကဲ့ ..."

ခေါင်းငုံ့ကာ ထမင်းစားဖို့ ဟန်ပြင်လိုက်တဲ့ နှင်းဆွတ်မိုးကို သူ မမှိတ်မသုန် စောင့်ကြည့်နေမိပါသည်။

ထမင်းဖြူလေးပေါ်မှာ လင်းလဲ့နေသည့် စိန်ပွင့်လေး တစ်ပွင့်က သူ့ဘဝကို အဆုံးအဖြတ်ပေးမည့် တရားသူကြီးနေရာမှာ ရှိနေလေသည်။

"ဆရာ ... ဒါ ..."

လက်စွပ်ကလေးကို နှင်းဆွတ်မိုး မြင်သွားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကလေးများ ဝိုင်းကာ သူ့ကိုကြည့်လာပါသည်။ သူ ကျေနပ်စွာ ပြုံးလိုက်ပါသည်။ နှင်းဆွတ်မိုး၏ လက်ထဲမှာ သူ့ စိန်လက်စွပ်ကလေး ရောက်ရှိနေပြီဖြစ်သည်။

မေမေကလည်း စိတ်ဝင်တစား စောင့်ကြည့်နေပါသည်။ သူနှင့် မေမေ အကြည့်ဆုံသွားချိန်မှာတော့ အားအင်တစ်မျိုးက သူ့ခန္ဓာကိုယ်ထဲ ပူးဝင်လာခဲ့ပါသည်။

"ဒီနေ့ ထမင်းဝိုင်းကလေးက စပြီး နောက်နှစ်ပေါင်းများစွာအထိ မင်းနဲ့ကိုယ် ... ပြီးတော့ မေမေရယ် ထမင်းလက်ဆုံ နေ့တိုင်း နေ့တိုင်း အတူစားချင်ပါတယ်၊ ကိုယ့်ကို လက်ထပ်ပါ နှင်းဆွတ်မိုး ..."

နှင်းဆွတ်မိုး မျက်နှာကလေး ရဲခနဲ နီမြန်းသွားပါသည်။ တောင်ဇလပ်ပန်းကလေးလို နီမြမြကလေး ဖြစ်နေသော မျက်နှာကလေးကို သူ တစ်သက်စာ ငေးကြည့်ချင်မိပါသည်။

"မေမေ ရှိနေတော့ သမီးလေး ရှက်နေမှာပေါ့ သားရယ်၊ ထမင်းစားပါစေဦး၊ ပြီးမှ သားလိုချင်တဲ့ အဖြေ တောင်းပေါ့၊ ကဲ ... သမီး ထမင်းစားလိုက်ဦးနော်"

"ဟုတ်ကဲ့ မေမေကြီး၊ ဟို ... အန်တီ"

"မေမေလို့ပဲ ခေါ်စေချင်တယ် သမီးလေးရယ်"

မေမေက သူ့ကို မျက်စလေးပစ်ပြပြီး ထမင်း စားသည်။ သူကလည်း ခေါင်းငုံ့တိတ်ဆိတ်နေသည့် ချစ်သူကလေးကို ငေးရင်း ထမင်းစားသည်။





ဒီနေ့ မေမေ့လက်ရာက အနှစ်သုံးဆယ်ကျော်သော သူ့တစ်သက်တာမှာ အကောင်းဆုံးပဲ ဖြစ်သည်။

ဒီထမင်းဝိုင်းလေး အမြန်ပြီးဆုံးသွားရင် သူလိုချင်တဲ့ အဖြေကိုများ ချစ်သူလေးက ပေးနိုင်မှာလား ...။

သူ့ရင်တွေ မောလာရပါလေပြီ ...။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

❤ ❤ ❤

အဲသီဟ လေကြောင်းလိုင်း ပိုင်ရှင်နှင့် သူ၏ ဇနီးတို့သည် ခမ်းနားထည်ဝါသော မင်္ဂလာပွဲကြီးတစ်ခုအား အောင်မြင်စွာ ကျင်းပပြီးခဲ့လေသည်။

ဆီဒိုးနားဟိုတယ်မှ အိမ်သို့ပြန်လာခဲ့ကြသောမင်္ဂလာကားကြီးပေါ်တွင် သူတို့ဇနီးမောင်နှံအား သတို့သားအရံ ရဲရင့်နှင့် သတို့သမီးအရံ မြတ်ပိုးမိုတို့ကပါ အတူတကွ လိုက်ပါပို့ဆောင်ကြလေသည်။

အိမ်ကြီးရှေ့မှာ ကားရပ်လိုက်ပြီးသည်နှင့် အိမ်ထဲမှာကြိုတင်ရောက်ရှိနေကြသော နှစ်ဖက်သော မိဘများနှင့် ဆွေမျိုးများကို တွေ့ရလေသည်။

အားလုံး၏ ထပ်တစ်ကြိမ် ချီးကျူးထောပနာကို သိမ်မွေ့စွာ ခံယူပြီး မိဘများကို ရှိခိုးကန်တော့ကြရပါသည်။

စစ်ဦးယံ၏နံဘေးတွင် လှပ ကျက်သရေရှိစွာ ထိုင်





နေသော ဇနီးအသစ်စက်စက်ကလေးအား မကြာခဏ စောင်းငဲ့ကြည့်နေမိပါသည့် အဖြစ် ...။

အချိန်တန်သည့်အခါ မင်္ဂလာအိမ်ကြီးအတွင်းတွင် သူတို့နှစ်ယောက်တည်းကို ထားခဲ့ပြီး မေမေတို့က ပြန်သွားကြလေသည်။

ခြံဝန်းကျယ်ကြီးထဲမှ အရောင်အသွေးစုံသော ဇီမ်ခံကားကလေး တချို့ မောင်းထွက်ပျောက်ကွယ်သွားချိန်တွင် ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားခဲ့ပါလေပြီ။

ဆူညံသံတစ်ခုကတော့ ချစ်သူနှစ်ဦး၏ ရင်တွင်းကိုယ်စီမှာ နေရာယူထားခဲ့ပါလေပြီ။ သူနှင့် အကြည့်ချင်းဆုံရမှာကိုပင် စိုးထိတ်နေရှာသည့် ဇနီးငယ် နုနုကလေးကို သူ ပြုံးငေးနေခဲ့ပါသည်။

"ဗိုက်ဆာနေပြီလား၊ ကိုယ် ဘာလုပ်ပေးရမလဲဟင် ..."

"မဆာသေးပါဘူး ဆရာရယ်၊ ကျွန်မ ကိုယ့်ဘာသာ ချက်မှာပေါ့၊ ဆရာ ဘာမှမလုပ်ဖယ်းပါနဲ့ ..."

"ဟင်း ... ဟင်း"

အခုအချိန်ထိ တစိမ်းဆန်စွာ ခေါ်ဝေါ်နေကြသည့် အဖြစ်ကို သူ သဘောတကျ ရယ်လိုက်မိပါသည်။ မျက်လုံးလေးဝိုင်းစက်စက်က သူ့မျက်လုံးကို လာဆုံတော့သည်။

"အခုအချိန်ထိ ဆရာလို့ပဲ ခေါ်နေတော့မှာလား ...၊ ကိုယ်မင်းရဲ့ သူဌေးမှ မဟုတ်တော့တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုခေါ်ရမလဲ"

သူ့လက်များက ချစ်ဇနီးလေး၏ ပခုံးလေးပေါ် ဆုပ်ကိုင်ထားလိုက်ပါသည်။

"ပထမဆုံး တက္ကသိုလ် ဝှားခိုင်းတုန်းကလိုမျိုးပေါ့၊ ဦး လို့ တစ်ခွန်းတည်း"

"ရှင် ...၊ ဦး သိနေခဲ့တယ်"

အံ့သြနေသော မျက်နှာလှလှလေးက နီမြန်း၍လာလေသည်။

သူ့စိတ်ထဲမှာတော့ ပီတိအတွေးများသာ ရှိနေခဲ့သည်။

"အဲဒီနေ့ကတည်းက မင်းကို အမှတ်သညာမှာ စွဲမြဲနေခဲ့တာပဲ၊ ဘာကြောင့်မှန်းမသိ ဖိနပ်လေးတစ်ရံကို တိတ်တဆိတ် သိမ်းဆည်းထားခဲ့မိတယ်၊ နောက်တော့ ကိုယ်အရမ်းမြတ်နိုးရတဲ့ ခြေထောက်ပိုင်ရှင်ကလေးရဲ့ ဘေးက ဖိနပ်ကလေးနဲ့ ကိုယ် သိမ်းထားတဲ့ ဖိနပ်ကလေးက ထပ်တူတိုက်ဆိုင်နေခဲ့တယ်၊ အဲဒါ မင်းနဲ့ ကိုယ့်ဘဝရဲ့ ပထမပိုင်းပေါ့ ..."

နှင်းဆွတ်မိုးကလေး ပြုံးရင်းက ရှက်သွေးဖြာဝေနေတော့လေသည်။ ခဏလေးအကြာမှာ ညိုမှောင်လာသော မျက်နှာကလေးက ...

"ဦးအပေါ် နှင်းဆွတ် မဖြူစင်ခဲ့ဘူး ..."





"မပြောပါနဲ့တော့ ..."

နှုတ်ခမ်းကလေးကို လက်ချောင်းကလေးများဖြင့် ဖိအုပ်ပြီး သူ တားဆီးလိုက်ပါသည်။

"ကိုယ် ပြောတာပဲ နားထောင်ပေးပါ၊ ကိုယ့်ဘဝရဲ့ ဒုတိယစာမျက်နှာ အစမှာ သနပ်ခါးနံ့လေးတွေနဲ့ အစပြုခဲ့တယ်၊ ပထမဆုံး ကောက်ညှင်းပေါင်းကလေး ပေါင်းကျွေးခဲ့တဲ့ တောသူမကလေးကို သနားစိတ်တွေ ဝင်နေခဲ့တယ်၊ ဟင်းချက်ကောင်းပြီး ကိုယ့်မေမေကို စိတ်ရောကိုယ်ပါ ပြုစုပေးလို့ ခင်မင်မဆုံး ရှိခဲ့တယ်၊ အက်ဆီးဒင့်ကြောင့် ဆေးရုံတက်ရတဲ့ ကိုယ့်ကို သွေးလှူခဲ့တယ်၊ အိပ်ပျော်နေပြီအထင်နဲ့ ကိုယ့်လက်ကို ဆုပ်ကိုင်ပြီး 'ဦး' လို့ ခေါ်ခဲ့တဲ့ အသံဟာ ဒုတိယအကြိမ် ကိုယ့်နားစည်ထဲမှာ စွဲမြဲနေခဲ့တယ်၊ ပြီးတော့ သိပ်ချစ်သွားခဲ့မိတယ် ..."

ပြုံးနေရှာသည့် ကလေးမလေး သူ့ရင်ခွင်ထဲသို့ ပြုဆင်းကျလာခဲ့သည်။

"ဒါပေမယ့် ရှေ့ဆက်ရမှာကို ဝန်လေးကြောက်ရွံ့ခဲ့တယ်၊ တောသူမ အညာတရလေး နုနုထွဋ်ဟာ ကိုယ့်လေဒီပဲလို့ အများကို ဝန်ခံရမှာ၊ နုနုထွဋ်ကို ဝန်ခံရမှာ သူ့ရဲ့ဘောကြောင် သွေးပျက်ခဲ့တယ်၊ အဲ့ဒါကြောင့် အလုပ်ထုတ်လိုက်တာပဲ၊ စင်ကာပူက ပြန်ရောက်တဲ့အချိန်မှာ ကိုယ် မှားသွားပြီဆိုတာ သိလိုက်ပါတယ်၊ ပျောက်ဆုံးသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတနာတစ်ပါးကို သွေးပျက်စွာနဲ့ ကိုယ် ရှာဖွေခဲ့တယ်၊ ဒါပေမယ့် လုံးဝ ပြန်မတွေ့တော့ပါဘူး၊ ကိုယ် နုနုထွေး ကို အချိန်တိုင်း ရှာဖွေနေခဲ့ပါတယ်၊ ကိုယ်ချစ်တဲ့ ကိုယ့် လေဒီ နုနုထွေး ကလေးကိုပေါ့ ...”

သွားဖြူတန်းကလေးတွေ ပေါ်လာတဲ့အထိရယ်ရင်း သူ့မျက်နှာကို မော့ကြည့်လာတဲ့ ဇနီးသည် အပျိုစင်ကလေးရဲ့ နဖူးကို ဖွဖွလေး မွှေးလိုက်မိပါ၏။

လောကကြီး တစ်ခုလုံး တိတ်ဆိတ်နေခဲ့လေသည်။

“ကိုယ့်ဘဝရဲ့ တတိယ စာမျက်နှာမှာတော့ နှင်းဆွတ်မိုး ဆိုတာ ပေါ်လာခဲ့တယ် ...၊ လှပမှု အစစ်တွေကို အစွမ်း ကုန် ဖွင့်လှစ်ပြသထားနိုင်တဲ့ သရုပ်အမှန် နှင်းဆွတ်မိုး ပေါ့ ...၊

“ဒါပေမယ့် ကိုယ်ကစပြီး ချစ်ခဲ့တာက နုနုထွေး ကလေးကိုပါ၊ တောသူမ အရုပ်ဆိုးဆိုးကလေးကို ရိုးသား စွာ ချစ်ခဲ့တာပါ၊ နှင်းတွေကျနေတဲ့ နေ့က လေယာဉ်ပေါ် မှာ ‘ဦး’ လို့ မေ့ပြီးခေါ်လိုက်တဲ့ မင်းရဲ့အသံကြောင့် သတိလစ်နေတဲ့ ကိုယ့်ရဲ့ တွေးခေါ်နိုင်စွမ်းတွေ ပြန်ရခဲ့တာ ပါပဲ၊ သုံးကြိမ်သုံးခါလုံး တူညီတဲ့ အသံလှိုင်းကလေးကပဲ ကိုယ့်ကို ခေါ်ခဲ့တာ ...၊ ကိုယ် နားလည်သဘောပေါက် ခဲ့ပါတယ်၊ နှင်းဆွတ်မိုး နေတဲ့ အိမ်ကလေးကို ရောက် တော့ ကိုယ် မြတ်နိုးတဲ့ ခြေထောက်ပိုင်ရှင်လေးဟာလည်း





မင်းပဲ၊ အရသာရှိတဲ့ မြန်မာ ကောက်ညှင်းပေါင်းကလေး ကို ဖည့်ခံခဲ့တဲ့ မင်းဟာလည်း ကိုယ်ချစ်တဲ့ နုနုထွေးပဲဆိုတာ တွေအားလုံး သိနေခဲ့တာပဲ ...”

“ဦးက အစောကြီးကတည်းက သိသွားခဲ့တာကိုး၊ ဒါဆို မသိချင်ယောင်ဆောင်ပြီး မေမေကြီးနဲ့ပါ ပေးတွေ့လိုက် သေးတာပေါ့”

“ကိုယ့်လေဒီ နုနုထွေးဆိုတာ သေချာသွားအောင် မေမေ့ကို ပါ အကဲခတ်ခိုင်းခဲ့တာ ...၊ မေမေက ချက်ချင်း သိတာ၊ ကိုယ့်ထက်မြန်တယ် ...”

“ဟွန့် ...”

“ဂိမ်းတစ်ခုကြောင့် ဟန်ဆောင်လာခဲ့တာအတွက် ကိုယ့်ကို ပြန်ပေးဆပ်ရမယ်နော် နုနုထွေး”

“အို ... အဲဒီအထိပါ ...”

“ရဲရင့် လာပြောပြတာ၊ လက်ထပ်ပြီး နှစ်တွေကြာမှ သိရင် ကိုယ်တို့ အိမ်ထောင်ရေး ထိခိုက်မှာစိုးလို့တဲ့၊ အခု သိသွား ပြီဆိုတော့ အပြစ်တွေကို ဘယ်လိုဆပ်မှာလဲ နှင်းဆွတ်မိုး”

“ဟုတ်ပါတယ်၊ သာမန် အလောင်းအစားလေးတစ်ခုကြောင့် ဦးဆီ ချဉ်းကပ်ခဲ့တာ မှန်ပါတယ်၊ ဝန်ခံပါတယ်၊ ဦးကြိုက် တဲ့ အပြစ်ပေးပါ၊ ဒါပေမယ့် နုနုထွေးဆိုတဲ့ ဘဝကလေးမှာပဲ ဦးကို သိပ်ချစ်မိသွားတာတော့ အမှန်ပါ၊ ဒါကြောင့်လည်း အဲဒီဟာမှာ ရတဲ့အလုပ်ဝင်လုပ်ပြီး ဦးဆီ လာခဲ့တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်လည်း အမြင့်ဆုံးအထိ ကိုယ် ဆွဲခေါ်ခဲ့တယ်လေ ...၊ အခုဆို ကိုယ့်လေဒီ နုနုထွင့်ကလေးက ဝေဟင်တစ်ခုလုံးကိုတောင် ပိုင်ဆိုင်နေပြီ မဟုတ်လား ..."

"အင်း ... ကျေးဇူးတွေပါလား"

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ပေါ့၊ လာ ..."

ရယ်မောရင်း ရှန်းကန်နေတဲ့ ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ အလိုလို ရောက်ရှိသွားပါတော့သည်။

သာယာတဲ့ ညအချိန်ကလေးဟာ လူသား နှစ်ဦးရဲ့ ဘဝစာမျက်နှာတွေရဲ့ အစပေါ့ ...။

"ဦး ..."

"ဟင် ..."

"ချစ်ခဲ့တာပေါ့နော်"

"ဟင့်အင်း ... ချစ်နေဦးမှာ ..."

ကျေးဇူးတင်ပါသည်

ကျန်းမာ ချမ်းသာကြပါစေ ...

မဒီခင်လေး

09 : 50 AM

24.APR.2012(Tue)

ပုညခင်စာအုပ်တိုက်

ပုညခင် စာအုပ်တိုက်

# မဒီခင်လေး

## သစ္စာအရည်ကြည်

နောက်လထွက်ရှိမည့်

ဇာချစ်လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com